# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၂၆)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို



နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ် (သတင်းစဉ်)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံ

စာ » ၅



## ထိုင်းနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်မည့်အလုပ်သမားများကို တရားဝင်အလုပ်သမားဖြစ်အောင်၊ ဥပဒေများနှင့်အညီ ခံစားခွင့်ရှိအောင် ဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော်အစည်းအဝေး

စာ » ၇

## ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာလည်ပတ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ရေတိုရေရှည်အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော်အစည်းအဝေး

စာ » ၇


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# တပ်မတော်အနေဖြင့် ရခိုင်ဒေသအရေးကိစ္စအား စဉ်ဆက်မပြတ် စဉ်းစားသုံးသပ်လုပ်ဆောင်နေ

နေပြည်တော် ဩဂုတ် ၂၄

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်သော အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရခိုင်ပြည်နယ်အရေးသည် အားလုံးက စိတ်ဝင်စားသည့် ကိစ္စရပ် ဖြစ်ကြောင်း၊ "ကျောက်ထက်အက္ခရာတင်" ဆိုသည့် မြန်မာ့ဆိုရိုးစကားနှင့်အညီ စာဖြင့်မှတ်တမ်းတင်ခြင်းသည် ပိုမိုလေးနက်မှုရှိကြောင်း၊ မှားယွင်း၍ မရဘဲ မှန်ကန်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ရခိုင်ဒေသအရေးကိစ္စအား စဉ်ဆက်မပြတ် စဉ်းစားသုံးသပ် လုပ်ဆောင်နေခြင်းဖြစ်၍ မိမိတို့ ဆွေးနွေးခဲ့သည့် အချက်အလက်မှားယွင်းမှု၊ မျှတရန်လိုအပ်မှုများကို သုံးသပ်ပြင်ဆင်ရန် အကြံပြုကြောင်း ပြောကြားခဲ့သည်။

မစ္စတာ ကိုဖီအာနန်က ပြဿနာ၏ သဘောသဘာဝကိုသိရှိနိုင်ရန် လေ့လာမှု၊ ပြောဆိုချက်များအား နားထောင်မှုများကိုလည်း အလေးထားလုပ်ဆောင်ခဲ့ကြောင်း၊ ကော်မရှင်၏အစီရင်ခံစာ၌ ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ရေး၊ အခြေခံဝန်ဆောင်မှုများ ရရှိရေးကိစ္စရပ်များကို အကြံပြုထားကြောင်း၊ အဓိကအချက်အနေဖြင့် နိုင်ငံသားစိစစ်မှုနှင့် မှတ်ပုံတင်ပြုလုပ်မှု၊ ရပ်ရွာအသိုင်းအဝိုင်းများကြားတွင် အပြန်အလှန် ဆွေးနွေးပြောဆိုခြင်းဖြင့် တင်းမာမှုများ လျော့ပါးပြီး ပြန်လည်သင့်မြတ်မှုများလည်း ပါဝင်ကြောင်း၊ ၎င်းအပြင် နယ်စပ်လုံခြုံရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆိုင်ရာများကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မစ္စတာ ကိုဖီအာနန်၏ မေးမြန်းဆွေးနွေးမှုများနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေမှာ တည်ဆဲဥပဒေဖြစ်၍ ယင်းဥပဒေနှင့်အညီ လုပ်ဆောင်ရန် လိုအပ်မှု၊ ရခိုင်ဒေသရှိ ဘင်္ဂါလီ အားလုံး မှတ်ပုံတင်ရန်လိုအပ်မှု၊ NVC ကတ်သည် ယင်းဘင်္ဂါလီများ၏ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခွင့်ပေးရေးအတွက် ခွဲခြမ်းစိတ်ဖြာရန် အခြေခံလိုအပ်ချက်ဖြစ်မှုကို လည်းကောင်း၊ လက်ရှိအခြေအနေတွင် ဒေသခံပြည်သူများ အသတ်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျောက်ဆုံးနေခြင်းများ ရှိနေသဖြင့် ယင်းကိုထိန်းသိမ်းရန် လိုအပ်သကဲ့သို့ ယခုထက် ပိုမိုဆိုးရွားသည့်အရေးအခင်းများ ထပ်မံဖြစ်မလာစေရန် ကြိုတင်ကာကွယ်ရန် လိုအပ်မှု၊ လက်ရှိအခြေအနေသည် လုံခြုံရေး စိတ်ချရမှုမရှိသေးမှု၊ တစ်ဖက်နိုင်ငံ နယ်စပ်တွင် လက်နက်ကိုင်အဖွဲ့အစည်း အချို့ရောက်ရှိနေသည့် သတင်းများ ရရှိထားမှု၊ မေယုတောင်တန်းတွင်လည်း နယ်မြေရှင်းလင်းမှုများ မပြီးပြတ်သေးမှု၊ ဒေသခံများ လုံခြုံမှု စိတ်ချရသည်အထိ လုပ်ဆောင်ရန်လိုအပ်မှုကို လည်းကောင်း၊ သတင်းအဖွဲ့များကို သွားလာခွင့်ပေးထားမှု၊ မှန်မှန်ကန်ကန် ရေးသားရန်သာ လိုအပ်မှု၊ တပ်မတော်အနေဖြင့် လူသားချင်းစာနာမှုအကူအညီပေးသည့် လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိမှု၊ သို့သော် ၎င်းထောက်ပံ့ရေးပစ္စည်းများကို အကြမ်းဖက်သမားများ၏ စစ်ရေးလေ့ကျင့်ရေး စခန်းများတွင် တွေ့ရှိရခြင်းကိုလည်း စဉ်းစားသုံးသပ်ရန် လိုအပ်မှု၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် ပညာရေးကျောင်း များစွာ ဖွင့်လှစ်ပေးထားမှု ၊ သို့သော် ၎င်းတို့၏ ဘာသာရေး ခေါင်းဆောင်များက အကြောင်းအမျိုးမျိုးပြ၍ သင်ကြားခွင့်မရအောင် ပြုလုပ်ထားမှု၊ စစ်တွေမြို့ရှိ တက္ကသိုလ်များတွင် လာရောက်ပညာသင်ကြားနေသော ဘူးသီးတောင်၊ မောင်တောမှ ဘင်္ဂါလီများရှိမှု၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေအရ စိစစ်ပြီးပါက ဥပဒေနှင့်အညီ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် အခွင့်အရေးများ ပိုမိုရရှိနိုင်မှု စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရေဘေးသင့်ပြည်သူများကို သောက်ရေသန့်နှင့် အာဟာရထမင်းလှူဒါန်း

**မြစ်ငယ် ဩဂုတ် ၂၄** - အမရပူရမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အောင်ကျော် ဦးစီး၍ မြစ်ငယ်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဧရာဝတီမြစ်ရေနှင့် မြစ်ငယ်မြစ် ရေကြီးမြင့်မှုကြောင့် မြစ်ရေဝင်သော အမရပူရမြို့နယ် လက်ပန်ဇင်ကျေးရွာနှင့် သူငယ်တော်ကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၇၀၀ ခန့်ကို ဩဂုတ် ၂၃ ရက်က ထမင်းနှင့် ဟင်းများ ကျွေးမွေးလှူဒါန်းပြီး သောက်ရေသန့်ဘူးများ လှူဒါန်းခဲ့သည်။ လက်ပန်ဇင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က "ဧရာဝတီမြစ်ရေနဲ့ မြစ်ငယ်နှစ်ခုပေါင်းရေဝင်တော့ အရင်ဆုံး ရေဝင်နစ်မြုပ်တာက ကျွန်တော်တို့ လက်ပန်ဇင်ကျေးရွာနဲ့ သူငယ်တော်ကျေးရွာ နှစ်ရွာပါ၊ သောက်ရေလည်း ရှားပါး၊ ထမင်းဟင်း ချက်စရာ ကုန်းမြေကလည်း မရှိဘူး၊ သွားစရာ လာစရာရှိရင်လည်း လှေရှိမှ အဆင်ပြေတယ်။ အခုလို လှူဒါန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၄-၈-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ . ၃၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၃ |
| တရုတ် | တစ်ယွမ် | ၂၀၄ . ၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ . ၁၈ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## မြန်မာ့အနာဂတ်သစ်၊ ကမ္ဘာ့အနာဂတ်သစ်

ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက် **(United Nations Global Compact -UNGC)**သည် ကမ္ဘာ့ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကမ္ဘာတစ်လွှားရှိ စီးပွားရေးလုပ်ငန်းတို့က ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးအရ တာဝန်သိတတ်မှုရှိလာရေးတို့ကို အားပေးအားမြှောက်ပြုသည့် အစီအစဉ်ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက် **(UNGC)** ၌ အဓိကကဏ္ဍကြီးလေးရပ် ပါဝင်ပါသည်။ လူ့အခွင့်အရေး၊ အလုပ်သမားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေးဟူသော ကဏ္ဍကြီးလေးရပ် ဖြစ်ပါသည်။ အဆိုပါ ကဏ္ဍကြီးလေးရပ်အောက်၌ အခြေခံမူ ၁၀ ချက် ပါဝင်ပါသည်။

၎င်းအခြေခံမူ ၁၀ ချက်တို့ကို ကဏ္ဍအလိုက် ခွဲခြားကြည့်ပါက လူ့အခွင့်အရေးကဏ္ဍအောက်၌ အခြေခံမူနှစ်ချက် ပါဝင်ပါသည်။ နိုင်ငံတကာက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးတို့ကို လေးစားလိုက်နာကာကွယ်စောင့်ရှောက်ရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၌ ဆက်နွှယ်ပတ်သက်မှု မရှိစေရေးတို့ ဖြစ်ပါသည်။ အလုပ်သမားရေးကဏ္ဍအောက်၌ အခြေခံမူလေးချက် ပါဝင်ပါသည်။ အဆိုပါ အခြေခံမူလေးချက်၌ အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာစည်းရုံးထူထောင်ခွင့် ပါဝင်သကဲ့သို့ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အလုပ်သမားရပိုင်ခွင့်များ အပါအဝင် လုပ်ငန်းခွင်အခြေအနေတို့ကို အပြန်အလှန် ညှိနှိုင်းဆုံးဖြတ်ပိုင်ခွင့်တို့လည်း ပါဝင်ပါသည်။

ကလေးအလုပ်သမားပပျောက်ရေးနှင့် လုပ်ငန်းခွင်ခွဲခြားမှု ဖျက်သိမ်းရေးတို့လည်း ပါဝင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၌ အခြေခံမူသုံးချက် ပါဝင်ပါသည်။ အဆိုပါ သုံးချက်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတို့ကို အသိရှိရှိချဉ်းကပ်ရေးနှင့် စီးပွားရေးလုပ်ငန်းတို့ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ်ဓာတ်ရှိရှိ ဆောင်ရွက်ရေးတို့ ပါဝင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာမြှင့်တင်ရေးတို့ ပါဝင်ပါသည်။ အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေး၌ အခြေခံမူတစ်ချက်သာ ပါဝင်ပါသည်။ အဆိုပါ အခြေခံမူမှာ အကျင့်ပျက်လာဘ်စားမှု ပုံသဏ္ဌာန်မျိုးစုံကို ဆန့်ကျင်တိုက်ဖျက်ရေးဖြစ်သည်။

အထက်၌ ရည်ညွှန်းဖော်ပြထားသည့် အခြေခံမူ ၁၀ ချက်ကို ခြုံငုံသုံးသပ်ပါက ကမ္ဘာ့လူသားတို့အပေါ် တာဝန်သိသိ၊ သိက္ခာရှိရှိ ရပ်တည်သည့် စီးပွားရေးလုပ်ငန်းများအဖြစ် ရပ်တည်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ၎င်းကဲ့သို့ ရပ်တည်ဆောင်ရွက်ကြသည့် စီးပွားရေးလုပ်ငန်းတို့၏ ထုတ်ကုန်တို့နှင့် ဝန်ဆောင်မှုတို့ကို ကမ္ဘာ့ပြည်သူတို့က အပြန်အလှန်အသိအမှတ်ပြုသောသဘောဖြင့် အားပေးအားမြှောက်ပြုကြမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းတို့၏ ဖွံ့ဖြိုးမှုနှင့် လူသားတို့၏ ရှင်သန်ရပ်တည်ရေးတို့ကို သဟဇာတရှိရှိ ပေါင်းစည်းပေးမည့် ပုံသဏ္ဌာန်ဖြစ်ပါသည်။ ကမ္ဘာကြီး၏ အနာဂတ်သစ်ကို ပုံဖော်ပေးမည့် ပုံသဏ္ဌာန်ဖြစ်ပါသည်။ ၎င်းပုံသဏ္ဌာန်၌ မြန်မာ့စီးပွားရေးလုပ်ငန်းပေါင်းစုံတို့အနေဖြင့် ပိုမိုတက်တက်ကြွကြွ ပါဝင်လှုပ်ရှားလာနိုင်ရေးအတွက် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ **(Local Resource Center)**နှင့် ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက် မြန်မာကွန်ရက် **(UNGC Myanmar Network)**တို့က ပူးပေါင်းဆောင်ရွက်ကြရန် နားလည်မှုစာချွန်လွှာတစ်ရပ် ရေးထိုးခဲ့သည်ဟု သိရှိရပါသည်။

၎င်းကဲ့သို့ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ခြင်းသည် မြန်မာ့အနာဂတ်သစ်အပါအဝင် ကမ္ဘာ့အနာဂတ်သစ် ဖန်တီးရေးအပေါ် တစ်တပ်တစ်အား ပံ့ပိုးကူညီနိုင်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။


## ငြိမ်းချမ်းရေးကမ္ဘာပတ်သင်္ဘော ရန်ကုန်ဆိပ်ကမ်းသို့ ပထမဆုံးအကြိမ်အဖြစ် လည်ပတ်မည်

ရန်ကုန် ဩဂုတ် ၂၄

(၉၅)ကြိမ်မြောက် ငြိမ်းချမ်းရေးသင်္ဘောကြီး၏ သုံးလခွဲကြာ ကမ္ဘာပတ်ခရီးစဉ်ကို ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်းမှ ဩဂုတ် ၁၈ ရက်က စတင်ထွက်ခွာလာခဲ့ရာ တရုတ်နိုင်ငံ ရှီမန်းဆိပ်ကမ်းမှတစ်ဆင့် မြန်မာနိုင်ငံ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဆိုက်ရောက်လည်ပတ်မည်ဟု သိရသည်။

ငြိမ်းချမ်းရေးသင်္ဘောကြီး၏ ကမ္ဘာပတ်ခရီးစဉ်တွင် ပနားမားတူးမြောင်းနှင့် စူးအက်တူးမြောင်းတို့ကိုပါ ဖြတ်သန်း၍ အာရှ၊ ဥရောပ၊ မြောက်အမေရိက နိုင်ငံပေါင်း ၁၉ နိုင်ငံရှိ ဆိပ်ကမ်းပေါင်း ၂၃ ခုသို့ဆိုက်ရောက်ကာ လည်ပတ်ကြမည်ဖြစ်ပြီး ဆိပ်ကမ်းအသစ်ငါးခုကိုလည်း ထပ်မံလည်ပတ်ရန် ဖြည့်ဆည်းထားသည်။ ယင်းဆိပ်ကမ်းငါးခုမှာ မြန်မာနိုင်ငံ ရန်ကုန်သီလဝါဆိပ်ကမ်း၊ ဂရိနိုင်ငံ ခရီတိကျွန်း၊ ပြင်သစ်နိုင်ငံ ဘော်ဒချို၊ စကော့တလန်မြို့တော် ဒေင်ဘတ်ချ်မြို့၊ ဟာဝေးအီရှိ ဟီလိုမြို့တို့ဖြစ်သည်။

ခရီးစဉ်တွင် ငြိမ်းချမ်းရေးလှုပ်ရှားမှုဖြစ်စဉ်၊ အဏ္ဏဝါလေ့လာရေး၊ ကျား / မ မူဝါဒ၊ ဆူရှီပြုလုပ်ပုံ၊ ဟူလာအက စသည်တို့ကို ကမ္ဘာတစ်ဝန်းရှိ ဆရာ ဆရာမ ၃၀ က သင်ကြားပေးပြီး ဂျပန်နိုင်ငံနှင့် တခြားပြည်ပနိုင်ငံများမှ လူငယ် ၂၀၀ ကျော် လိုက်ပါခွင့်ပြုပြီး နိုင်ငံတကာပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်တွင် ကလေးများ တက်တက်ကြွကြွ ပါဝင်ရေးအစီအစဉ်လည်း ပါဝင်သည်။ **သန့်စင်ဝင်း**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူးသည် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

**အပြန်အလှန်မိတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

**ဓာတ်ပုံရိုက်**

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးသည် နိုင်ငံတော်သမ္မတအိမ်တော်၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပါတီအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်းနှင့် ပြည်သူအချင်းချင်းအကြား ဆက်ဆံရေးအပါအဝင် ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်တည်ထောင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**အခမ်းအနားကျင်းပ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့ ဦးဆောင်သည့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှု အခြေအနေ၊ ကာကွယ်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့ နှစ်နိုင်ငံ ပူးတွဲရှင်းလင်းပွဲကျင်းပစဉ် (သတင်းစဉ်)

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong လည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့ရှေ့မှောက်၌(၂၀၁၇-၂၀၂၀) ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့်

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး H.E. Mr. Nguyen Ngoc Thien တို့ (၂၀၁၇-၂၀၂၀) ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို လက်မှတ်ရေးထိုးစဉ် (သတင်းစဉ်)



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Bui Van Ga တို့ ပညာရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ် (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်၌ ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့က ယနေ့ညပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ မစတင်မီ နိုင်ငံတော်တီးဝိုင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ဖြင့် ဂုဏ်ပြုတီးမှုတ်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြီးခဲ့သည့် ဆယ်စုနှစ်လေးခုအတွင်း ဗီယက်နမ်သည် မြန်မာနိုင်ငံ၏ ယုံကြည်အားထားရသည့် မိတ်ဖက်အဖြစ် အမြဲတစေ ရှိနေခဲ့ပါကြောင်း၊ ယင်းအခွင့်အလမ်းနှင့်အတူ ဒေသတွင်းနှင့် နိုင်ငံတကာ နယ်ပယ်တွင် မြန်မာနိုင်ငံကို အမြဲတစေ ပံ့ပိုးကူညီခဲ့သည့် ဗီယက်နမ်ကို အထူးပင်ကျေးဇူးတင်ရှိသည်ဟု ဖော်ပြလိုပါကြောင်း၊ ဗီယက်နမ်အနေဖြင့် လာမည့် အနာဂတ်တွင်လည်း မြန်မာနိုင်ငံကို ဆက်လက်ကူညီနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

ဗီယက်နမ်ခရီးစဉ်အတွင်း အဆွေတော်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးစီးပွားနှင့် ဆိုင်သည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခွင့်ရသည့် အတွက် ကျေးဇူးတင်ရှိကြောင်းလည်း ပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေးကို ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဆင့်အထိ မြှင့်တင်ရန် ဆုံးဖြတ်ထားကြသည့်အတွက် အဆွေတော်၏ ယခု မြန်မာခရီးစဉ်သည် အမှန်တကယ် သမိုင်းတွင် ခဲ့ပါကြောင်း။

ယင်းအခွင့်အလမ်းနှင့်အတူ ဗီယက်နမ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ တွန်းအားဖြစ်သည့် ၁၉၈၆ ခုနှစ် Doi Moi နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို စတင်ခဲ့သည့် ဗီယက်နမ်ခေါင်းဆောင်များကို ချီးကျူးဂုဏ်ပြုလိုပါကြောင်း။

အဆွေတော်၏ဦးဆောင်မှုအောက်တွင် ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ထွန်းသစ်စအဖြစ်ဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည့် အခွင့်အလမ်းများစွာ ရှိနေသည်ဟု အခိုင်အမာယုံကြည်ပါကြောင်း။

ယင်းအခွင့်အလမ်းများနှင့် အတူ အဆွေတော်အနေဖြင့် နှစ်နိုင်ငံပြည်သူများ အကျိုးရှိစေမည့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် ဆက်လက်ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုမြှင့်တင်ရန် ဒေသတွင်းသာမက နိုင်ငံတကာ၌ပါ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေး မြှင့်တင်ရန် ဗီယက်နမ်နှင့်အတူ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ်ထားကြောင်းလည်း ထပ်လောင်း ပြောကြားလိုပါကြောင်း ပြောကြားသည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က မြန်မာနိုင်ငံသားများ၏ ဧည့်ဝတ်ပျူငှာစွာ ကြိုဆိုမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အနာဂတ် မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် ဗီယက်နမ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံသည် အချင်းချင်း ယုံကြည်နားလည်မှုကို အခြေခံကာ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ရန် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် ဦးစားပေး ထည့်သွင်းထားပါကြောင်း၊ နှစ်နိုင်ငံပြည်သူချင်းဆက်ဆံရေးကို အလေးထားပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ ကုန်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသွားရန် ရှိပါကြောင်း၊ နှစ်နိုင်ငံ ပြည်သူအချင်းချင်း ဆက်ဆံမှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံ ယုံကြည်နားလည်မှုရှိသော ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နှစ်နိုင်ငံ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ညစာစားပွဲအပြီးတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးတို့ အနုပညာရှင်များ၏ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

---

*စာမျက်နှာ ၃ မှ*

ခရီးသွားလုပ်ငန်းဝန်ကြီး H.E. Mr. Nguyen Ngoc Thien တို့က လည်းကောင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr.Tran Tuan Anh တို့က လည်းကောင်း၊ ပညာရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Bui Van Ga တို့က လည်းကောင်း၊ အကောက်ခွန်ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကူအညီပေးမှုဆိုင်ရာ သဘောတူညီချက်ကို ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Tran Van Hieu တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲ ရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြားနှင့် ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ကြပါကြောင်း။

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်၏ အလည်အပတ်ခရီးသည် မြန်မာနှင့် ဗီယက်နမ်ဆက်ဆံရေးသမိုင်းတွင် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံအပါအဝင် မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေးအပေါ် ပိုမိုအလေးထားလျက်ရှိရာ လာမည့်အနာဂတ်တွင်လည်း ချစ်ခင်ရင်းနှီးသည့် မိတ်ဆွေများအဖြစ် မိမိတို့၏ ဆက်ဆံရေးကို ဆက်လက်တည်ဆောက်ရန် မိမိတို့အလေးအနက် ဆုံးဖြတ်ခဲ့ကြပါကြောင်း ပြောကြားသည်။

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုရှိသော နိုင်ငံများဖြစ်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများမှ အကျိုးကျေးဇူးများ ရရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားမည်ဖြစ်ပြီး ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိုလည်း အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထိုသို့ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် နားလည်မှုစာချွန်များကိုလည်း ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အားလျော်စွာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နွေးထွေးပျူငှာစွာ ကြိုဆိုပေးခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာ ကိုဖီအာနန်က အကြံပေးကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ပေးအပ်ပြီး အစီရင်ခံစာပါ ကော်မရှင်၏သုံးသပ်တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း ပြောကြားပြီး အစီရင်ခံစာပါ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ ဆွေးနွေးစဉ် (သတင်းစဉ်)

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာကိစ္စရပ်များတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား လွှတ်တော်ချင်း၊ အစိုးရချင်း၊ ပြည်သူချင်း ဆက်ဆံရေးများ ပိုမိုခိုင်မာစွာ တည်ဆောက်ရေး၊ ကဏ္ဍစုံ၊ ဘက်ပေါင်းစုံမှ ခိုင်မာသော နည်းလမ်းများဖြင့် အမြင်များဖလှယ်၍ မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီများမှဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် နေပြည်တော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိ



**နေပြည်တော် ဩဂုတ် ၂၄**

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးအဖြစ် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ဧည့်သည်တော်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့်အဖွဲ့အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (ဓာတ်ပုံ) **(သတင်းစဉ်)**

❋ *ကျောဖုံးမှ*

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ၇၀၀ ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများကို လျှောက်လွှာတစ်စောင်ချင်းစီတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ စက်တင်ဘာ ၁ ရက်မှ ၂၉ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် သတ်မှတ်ထားသောရက်များအတွင်း လျှောက်လွှာအချိန်မီ ပေးပို့ခြင်းမရှိသူများအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း၊ စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင်ပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် ဖြေဆိုမည့်ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်စေရန် သေချာစွာစစ်ဆေးပြီးမှ ပေးပို့ကြရန်ဖြစ်ကြောင်း။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်ရှိ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ ရုံးအမှတ် ၅၂ ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန (ဇွဲကပင်ဆောင်)၌လည်းကောင်း၊ ရန်ကုန်မြို့ အမှတ် ၁၆၆ လသာလမ်းရှိ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၌လည်းကောင်း လာရောက်ဝယ်ယူနိုင်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

**(သတင်းစဉ်)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲထွက်ခွင့်နှင့် တန်းတူရည်တူခွင့်

## ဆင်ဖြူကျွန်း သန်းထွန်း

*ယမန်နေ့မှအဆက်*

ပညာရှင် Edward Freeman က ဖက်ဒရေးရှင်းများသည် အခြေခံအားဖြင့် အမြဲတမ်း ပြည်ထောင်စုနိုင်ငံများဖြစ်ကြောင်း၊ ဖက်ဒရယ် အခြေခံဥပဒေများသည် အခြားသော အခြေခံဥပဒေများထက် နိုင်ငံကိုပြိုကွဲစေသော ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်းမထားနိုင်ကြောင်း၊ ဖက်ဒရယ်အာဏာသည် အပြည့်အဝ လိုက်နာစေနိုင်သော အာဏာရရှိထားကြောင်း၊ ပြည်နယ်များက မလိုက်နာလျှင် ပုန်ကန်ခြားနားသော သဘောသက်ရောက်သွားကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

သို့သော် ၎င်းက ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်ခြင်းသည် ပြည်နယ်များက ၎င်းတို့၏ ဆန္ဒသဘောထားအတိုင်း စုစည်းတည်ဆောက်ထားခြင်းဖြစ်သောကြောင့် ပြည်နယ်များက ယင်းသို့ပူးပေါင်းနေထိုင်ရန် ဆန္ဒသဘောထားများမရှိတော့သည့် အခြေအနေ အချိန်အခါတွင် ၎င်းတို့၏ ဆန္ဒကိုဆန့်ကျင်ပြီး ပြည်ထောင်စုစနစ်ကို ထိန်းသိမ်းထားခြင်းသည် ရှေ့နောက်မညီဟုလည်း မှတ်ချက်ပြုပါသည်။

ဖက်ဒရယ်ရေးရာပညာရှင် Wheare က သီအိုရီအားဖြင့် ခွဲထွက်ခြင်းသည် ဖက်ဒရေးရှင်းသဘောနှင့် ရှေ့နောက်မညီသောအယူအဆတစ်ခု ဖြစ်ကြောင်း၊ မှတ်ချက်ပြုခဲ့ပါသည်။ ၎င်းက ဖက်ဒရယ်ပြည်ထောင်စုတွင် ပါဝင်သော ပြည်နယ်တစ်ခုက ၎င်းဘာသာ ခွဲထွက်ခြင်းကို အခွင့်အရေးတစ်ခုအဖြစ် မဆောင်ရွက်နိုင်သကဲ့သို့ ဗဟိုပြည်ထောင်စု အစိုးရကလည်း ၎င်း၏တစ်ဖက်တည်းသဘောဖြင့် ပြည်နယ်တစ်ခုကို နှင်ထုတ်ခြင်းကိုလည်း မပြုလုပ်နိုင်ကြောင်း၊ ခွဲထွက်ခြင်းနှင့် ပြည်ထောင်စုမှနှင်ထုတ်ခြင်းတို့သည် ဖက်ဒရယ်ပြည်ထောင်စုကို အဆုံးသတ်စေသောကြောင့် ယင်းသို့ မပြုလုပ်နိုင်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ပညာရှင် Ronald Watts က ခွဲထွက်ခြင်းသည် တစ်ခုတည်း အကြောင်းမဟုတ်ကြောင်း၊ အကြောင်းများစွာစုစည်းဖြစ်လာခြင်းဖြစ်ကြောင်း၊ လူမှုစီးပွားရေး အကြောင်းများအပြင် ယဉ်ကျေးမှုနှင့် အယူအဆများသည်လည်း အရေးပါသော အကြောင်းများဖြစ်ကြောင်း၊ ထို့အတူ ဖက်ဒရယ်စနစ်ဖွဲ့စည်း တည်ဆောက်မှုများလည်း ပါဝင်နေကြောင်း ထောက်ပြခဲ့ပါသည်။

ပညာရှင် Preston King က ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ဖွဲ့စည်းပုံနှင့် အခွင့်အာဏာသည် ပြည်နယ်များနှင့် မတူညီကြောင်း၊ ပြည်ထောင်စုအစိုးရသည် စနစ်တစ်ခုလုံးနှင့် သက်ဆိုင်နေသော နိုင်ငံလုံးဆိုင်ရာသဘောလက္ခဏာများ ရှိကြောင်း၊ ဖက်ဒရယ် ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်ထောင်စုကြီးစုစည်းနေသွားရန် တာဝန်ရှိပြီး ယင်းသို့ စုစည်းနိုင်ရေးအတွက် ဖွဲ့စည်းပုံတွင် ခွဲထွက်ခြင်းကို ဖော်ပြခြင်းသည် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် ရှေ့နောက်မညီဟုဆိုပါသည်။

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတည်ထောင်ကြရာတွင် ပြည်နယ်ဒေသများအား အတင်းပါဝင်စေရန် ဆောင်ရွက်သော ဖြစ်စဉ်များလည်း ရှိပါသည်။ ပြည်နယ်အချို့က ၎င်းတို့ ဆန္ဒအလျောက် လိုလိုချင်ချင်ပါဝင်ကြသော်လည်း အချို့က ပါဝင်လိုသော ဆန္ဒမပြင်းပြဘဲ ရှိတတ်ပါသည်။ သီးခြားနိုင်ငံ ဖွဲ့စည်းရပ်တည်လိုသော သဘောထားနှင့် အတူတကွ ဖက်ဒရယ်နိုင်ငံအဖြစ်ပေါင်းစည်းနေထိုင်လိုသော သဘောထားများ လွန်ဆွဲနေတတ်ကြပါသည်။

အကျဉ်းအားဖြင့် ခွဲထွက်ခွင့် ရှိ/မရှိနှင့် ပတ်သက်ပြီး မည်သို့မျှ ထုတ်ဖော်မပြောစေကာမူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ခွဲထွက်ခွင့်မှာ နဂိုအတိုင်းရှိနေကြောင်း၊ မည်သည့် အခါမျှ ပျောက်ပျက်သွားမည် မဟုတ်ကြောင်း အချို့က ဆိုကြပါသည်။ အကြင်လင်မယားအဖြစ် လက်ထပ်ထိမ်းမြားကြရာတွင် လင်မယားကွဲခွင့်၊ ခွဲထွက်ခွင့်သည် အလိုအလျောက်ရှိနေ၊ ပါနေပြီးသားဖြစ်သော သဘောကို ဥပမာပြပြောဆိုကြပါသည်။

ဆက်လက်ပြီး ခွဲထွက်ခွင့်ကို သဘောတူပြီးသည့်တိုင် ခွဲထွက်ခြင်းကို ဆိုင်ရာပြည်နယ်က ၎င်း၏သဘောတစ်ခုတည်းဖြင့် ခွဲထွက်ခြင်းကို လွတ်လပ်စွာဆောင်ရွက်နိုင်သလား၊ မဆောင်ရွက်နိုင်ဘူးလား မေးခွန်းကို ဆက်လက် ဖြေကြားရန် ရှိနေပါသည်။ အချို့ပညာရှင်များက လွတ်လပ်စွာဆောင်ရွက်နိုင်သည်ဟု ပြောဆိုပြီး အချို့က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်ဟု ပြောဆိုကြပါသည်။

ခွဲထွက်ခြင်းကို ဥပဒေနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းသည် ခွဲထွက်လိုသောပြည်နယ်က ၎င်း၏တစ်ဖက်သတ်သဘောအတိုင်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် အခြားသော ပြည်နယ်များ၏ နားလည်သဘောတူညီမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရန်လိုကြောင်း တင်ပြသော အယူအဆများလည်း ရှိပါသည်။

ထို့ကြောင့် ခွဲထွက်ရေးကိစ္စနှင့် ပတ်သက်ပြီး အောက်ပါမေးခွန်းများကို ဖြေကြားရမည် ဖြစ်ပါသည်။

(က) ခွဲထွက်ခြင်းကို သဘောတူပါသလား။
(ခ) ဖက်ဒရယ် ပြည်ထောင်စု၌ ပါဝင်သော ပြည်နယ်ဒေသအားလုံးတွင် ခွဲထွက်ခွင့်ရှိပါသလား၊ တန်းတူ အခွင့်အလမ်းဖြင့် ခွဲထွက်ခွင့်ရှိပါသလား။
(ဂ) ခွဲထွက်လိုလျှင် ခွဲထွက်လိုသော ပြည်နယ်က ၎င်း၏သဘောတစ်ခုတည်းဖြင့် ခွဲထွက်နိုင်သလား။
(ဃ) ပြည်နယ်ဒေသတစ်ခုက ခွဲထွက်ခြင်းကို အတင်းပြုလုပ်လာလျှင် ဗဟိုပြည်ထောင်စုအစိုးရနှင့် အခြားပြည်နယ်ဒေသများက မည်သို့ပြုလုပ်နိုင်သနည်း။
(င) ခွဲထွက်ခြင်းနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြချက်ရှိသလား။
(စ) ခွဲထွက်ခြင်းကို လက်တွေ့ဖြစ်မြောက်အောင် လုပ်ထုံးလုပ်နည်းများကို အခြေခံဥပဒေတွင် ဖော်ပြထားသလား၊ သီးခြားဥပဒေနှင့် နည်းဥပဒေများ ရေးဆွဲရမည်လား။

**ဖက်ဒရယ်စနစ်၏ အနှစ်သာရမှာ ပူးပေါင်းနေထိုင်ရေး ဖြစ်ပါသည်။ ပူးပေါင်းနေထိုင်ကြရန် သံယောဇဉ်ရှိနေခြင်း၊ ပူးပေါင်းနေထိုင်ခြင်းဖြင့် အကျိုးကျေးဇူးများ ရလာနိုင်ခြင်းကြောင့် ပူးပေါင်းနေထိုင်ကြရန် ဆောင်ရွက်လာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ခွဲထွက်လိုခြင်း၊ ခွဲထွက်နိုင်ခြင်း၊ ခွဲထွက်ခွင့်ဆောင်ရွက်ခြင်းတို့သည် ဖက်ဒရယ်စနစ်နှင့် အခြေခံအားဖြင့် ဆန့်ကျင်နေ**

ပြည်နယ်တစ်ခုက ခွဲထွက်လျှင် ဗဟိုပြည်ထောင်စုအစိုးရက တားမြစ်နိုင်သည်ဟူသော အယူအဆရှိပါသည်။ ပြည်ထောင်စုကြီး မပြိုကွဲရအောင် ထိန်းသိမ်းရမည်မှာ ပြည်ထောင်စု အစိုးရတွင် တာဝန်ရှိသည်ဟူသောအယူအဆမှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။ ယင်းတာဝန်ကို ထမ်းဆောင်ရန်အတွက် ပြည်ထောင်စုအစိုးရသည် စစ်ရေးနည်းလမ်းဖြင့်ပင် ခွဲထွက်ခြင်းကို တားဆီးနိုင်သည်ဟူသော အယူအဆများလည်း ရှိပါသည်။

ဖက်ဒရယ် နိုင်ငံစနစ်တွင် ရှေ့ဆောင်လမ်းပြဖြစ်သော အမေရိကန်ပြည်ထောင်စု၌ ပြည်ထောင်စုနိုင်ငံစနစ် ထူထောင်ပြီး နှစ်(၈၀) ကျော်ကြာကာလတွင် တောင်ပိုင်းပြည်နယ်များက ခွဲထွက်ရေးကြိုးပမ်းမှုကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရက လက်မခံဘဲ စစ်ရေးဖြင့်အနိုင်ယူခဲ့ကြောင်းကိုလည်း လေ့လာသူများအချို့က ထောက်ပြကြပါသည်။

### မြန်မာနိုင်ငံနှင့် ခွဲထွက်ခွင့် အတွေ့အကြုံ

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သော ပင်လုံညီလာခံမှာ ပြည်မနှင့် တောင်တန်းဒေသများ ပူးပေါင်းပြီး အတူတကွ လွတ်လပ်ရေးရယူရန် ရည်ရွယ်ကာ ပြုလုပ်ခဲ့သော ညီလာခံဖြစ်ပါသည်။ ထိုသို့ အတူတကွ ပူးပေါင်းလျက် လွတ်လပ်ရေးရယူပြီး နိုင်ငံထူထောင်ရေးကို ကြံစည်ကြိုးစားနေချိန်မှာပင် နိုင်ငံမှ ခွဲထွက်ရေးကိစ္စကို စဉ်းစားခဲ့ကြရပါသည်။

မြန်မာ့နိုင်ငံရေးခေါင်းဆောင်များသည် ၁၉၃၀ ပြည့်လွန်နှစ်များမှ စတင်ပြီး လက်ဝဲအယူအဆများဖြင့် နိုင်ငံရေးလှုပ်ရှားခဲ့ရာ လွတ်လပ်သောနိုင်ငံကို ဒီမိုကရေစီနည်းအရ ထူထောင်ရေးအယူအဆများအပြင် လူတန်းစားတိုက်ပွဲ အယူအဆများနှင့် ဆိုရှယ်လစ်စနစ် အယူအဆများကို ဖော်ထုတ် မြှင့်တင်ခဲ့ခြင်းကြောင့်လည်း ကချင်ဒူးဝါးများ၊ ရှမ်းစော်ဘွားများက မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များအပေါ် ယုံကြည်စိတ်ချရန် ခဲယဉ်းနေခဲ့သည်ဟု သုံးသပ်မှုများ ရှိပါသည်။

တစ်ပြိုင်တည်းမှာပင် အင်္ဂလိပ်အရာရှိများကလည်း မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကို အမျိုးမျိုးသွေးထိုးနှောင့်ယှက်နေချိန်ဖြစ်ပါသည်။ ဖော်ပြပါ နောက်ခံအကြောင်းများကြောင့် တည်ဆောက်မည့် ပြည်ထောင်စုနိုင်ငံမှ ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့် အယူအဆကို ရှေ့တန်းတင်တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ခွဲထွက်ခွင့်အရေးကိစ္စသည် တိုင်းပြည်ပြုလွှတ်တော်တွင်လည်း ဆက်လက်အရေးပါခဲ့ပါသည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များအား လွတ်လပ်ရေးရပြီးနောက် ဆယ်နှစ်အလွန်ကာလတွင် ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်နိုင်ကြောင်း ပြဋ္ဌာန်းပေးထားခဲ့ရပါသည်။ လွတ်လပ်ရေးရပြီး ဆယ်နှစ်အကြာတွင် ပြည်ထောင်စုမှ ခွဲထွက်ခွင့်ပေးရေးကို ဆောင်ရွက်နိုင်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ဖော်ပြပြဋ္ဌာန်းခဲ့ပါသည်။

သမိုင်းနောက်ခံအကြောင်းခြင်းရာများနှင့် အင်္ဂလိပ်တို့၏ သွေးခွဲစနစ်ကြောင့် ပြည်ထောင်စုနိုင်ငံမှ ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ကို တောင်းဆိုခဲ့သည်ဟုဆိုနိုင်ပါသည်။ ထိုအချိန်တွင် ကရင်တိုင်းရင်းသားများက ပင်လယ်ဆိပ်ကမ်းအဖြစ် မော်လမြိုင်ပါဝင်မည့် သီးခြားလွတ်လပ်သော ပြည်နယ် / နိုင်ငံထူထောင်ရေးကို မွန်တိုင်းရင်းသားများနှင့် ပူးပေါင်းရန်အထိ ခြေလှမ်းကျဲနေချိန် ဖြစ်ပါသည်။

၁၉၆၀ ပြည့်နှစ်များရောက်ချိန် ပထစအစိုးရလက်ထက်တွင် ခွဲထွက်ရေးကိစ္စ ရှေ့တန်းရောက်လာခဲ့ပါသည်။ အခြေခံဥပဒေပြင်ဆင်ရေးကို ပထစအစိုးရက ဆောင်ရွက်ရန်သဘောတူပြီးနောက်တွင် အခြေခံဥပဒေ ပြင်ဆင်ရေးနှင့်အတူ ဖက်ဒရယ်မူကို ရှမ်းပြည်နယ်က ဦးဆောင်ပြီး ၁၉၆၂ ခုနှစ် ဦးပိုင်းတွင် တောင်ကြီးမြို့တိုင်းရင်းသားပေါင်းစုံ အစည်းအဝေးတွင် တင်ပြခဲ့ပါသည်။ ရှမ်းမူဟုနာမည်ကြီးခဲ့ပြီး ဗမာများအတွက် ဗမာ့ပြည်နယ်တစ်ခု ဖွဲ့စည်းရေးကို ထည့်သွင်းအဆိုပြုခဲ့ပါသည်။ ယင်းမူကို ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတွင် ရန်ကုန်မြို့၌ ဗမာ့နိုင်ငံရေးခေါင်းဆောင်များနှင့် ဆက်လက်ဆွေးနွေးကြပါသည်။ ဗမာ့နိုင်ငံရေးခေါင်းဆောင်များက ဖက်ဒရယ်မူကို ဆန့်ကျင် တင်ပြကြပါသည်။ နှစ်ဖက်ဆွေးနွေးမှုများကို အပြီးတိုင် မလုပ်နိုင်ဘဲ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တပ်မတော်က အာဏာသိမ်းလိုက်သဖြင့် ဖက်ဒရယ်နိုင်ငံစနစ် အကောင်အထည်ဖော်ရေးများ ဆုံးခန်းတိုင်သွားခဲ့ပါသည်။

၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များ ဖွဲ့စည်းပါဝင်လာပါသည်။ ယင်းအခြေခံဥပဒေသည် တစ်ပြည်ထောင်နိုင်ငံစနစ်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် မူလတိုင်းခုနစ်ခုနှင့်ပြည်နယ်ခုနစ်ခု ဆက်လက်တည်ရှိခဲ့သော်လည်း၊ "ဝ" လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ( ပအိုဝ်း၊ ပလောင်၊ နာဂ၊ ကိုးကန့်၊ ဓနုလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုကို ဖွဲ့စည်းခဲ့ပါသည်။ မည်သည့်အစိတ်အပိုင်းကမျှ ပြည်ထောင်စုမှခွဲမထွက်ရဟု ပြဋ္ဌာန်းခဲ့ပါသည်။

ဖက်ဒရယ်စနစ်၏ အနှစ်သာရမှာ ပူးပေါင်းနေထိုင်ရေး ဖြစ်ပါသည်။ ပူးပေါင်းနေထိုင်ကြရန် သံယောဇဉ်ရှိနေခြင်း၊ ပူးပေါင်းနေထိုင်ခြင်းဖြင့် အကျိုးကျေးဇူးများရလာနိုင်ခြင်းကြောင့် ပူးပေါင်းနေထိုင်ကြရန် ဆောင်ရွက်လာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ခွဲထွက်လိုခြင်း၊ ခွဲထွက်နိုင်ခြင်း၊ ခွဲထွက်ခွင့်ဆောင်ရွက်ခြင်းတို့သည် ဖက်ဒရယ်စနစ်နှင့် အခြေခံအားဖြင့် ဆန့်ကျင်နေပါသည်။

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးများ၏ နောက်ကြောင်းဖြစ်စဉ်များ မတူညီကြောင်းမှာ ထင်ရှားပါသည်။ အလွန်ရှေးကျသော မတူကွဲပြားသော သမိုင်းစဉ်များ ၊ သမိုင်းဖြစ်ရပ်များ ရှိကြပါသည်။ အချို့အချို့သော ဖြစ်စဉ် ဖြစ်ရပ်များကို မျက်မှောက်ခေတ်ကာလ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်ရေးတွင် အဖိုးတန်သော သမိုင်းသင်ခန်းစာများအဖြစ် သတိပြုရမည် ဖြစ်ပါသည်။ တစ်ပြိုင်တည်းမှာပင် များစွာပြောင်းလဲနေပြီဖြစ်သော လက်ရှိအခြေအနေအရပ်ရပ်ကိုလည်း သတိကြီးစွာ မျက်မှောက်ပြုရမည် ဖြစ်ပါသည်။

### တန်းတူရည်တူ ဖြစ်ခွင့်

တန်းတူရည်တူဆိုသော စကားမှာ အင်္ဂလိပ်ဘာသာအားဖြင့် equality ကို ဆိုလိုပါသည်။ တန်းတူညီမျှရေး၊ တန်းတူညီတူဆိုသော စကားရပ်များနှင့်လည်း ဆင်တူပါသည်။ သို့သော် တန်းတူရည်တူဆိုသည်တွင် အရေအတွက်ထက်၊ အရည်အချင်း၊ အရည်အသွေးကို ညွှန်းဆိုပါသည်။

မျက်မှောက်ကာလတွင် လူတိုင်းလူတိုင်း တန်းတူညီတူဖြစ်သည်၊ ဘာသာ၊ လူမျိုး၊ အသားအရောင်၊ မွေးဖွားဇာတိ၊ မျိုးရိုး၊ ကျား-မ စသည်တို့ကြောင့် ခွဲခြားမှုမရှိစေရစသော အယူအဆများကို အလွယ်တကူပြောဆို၊ အလွယ်တကူ လက်ခံနေကြပါသည်။

သမိုင်းစဉ်တွင် လူတိုင်းတန်းတူ မဖြစ်ခဲ့ကြပါ။ မင်းဆွေမင်းမျိုး၊ သူကောင်းမျိုး၊ ဆင်းရဲသား၊ ကုန်သည်မျိုးရိုး၊ တောင်သူမျိုးရိုးစသည်ဖြင့် ရှိခဲ့ပြီး ခွဲခြားဆက်ဆံမှုများလည်း ရှိခဲ့ပါသည်။ လူမျိုးအလိုက်လည်း ခွဲခြားမှုများ ရှိခဲ့ပါသည်။ ဥရောပတိုက်သားချင်းတူသော်လည်း ခွဲခြားမှုများရှိခဲ့ပါသည်။ ခရစ်ယာန်ဘာသာချင်းတူသည့်တိုင် ခွဲခြားမှုများ ပြုလုပ်ခဲ့ပါသည်။

ကိုလိုနီခေတ်တွင် အသားမဖြူသူများအား တိုးတက်စေရန် လူဖြူများ၏ တာဝန်ဟုပြောဆိုမှုများ ရှိခဲ့ပါသည်။အမေရိကန်နိုင်ငံတွင် လူမည်းများ မဲပေးခွင့်ရခဲ့သည်မှာ မကြာသေးမီကဟု ဆိုနိုင်ပါသည်။တောင်အာဖရိကတွင် အသားရောင်ခွဲခြားမှု အဆုံးသတ်သွားသည်မှာ မကြာသေးသော ကာလကဖြစ်ပါသည်။ မျက်မှောက်ကာလတွင် လူလူချင်းသာမက လူမျိုးအချင်းချင်းအတူတူဖြစ်သည်ဟု အကျယ်အပြန့်လက်ခံထားကြပါသည်။ လူလူချင်း ခေါင်းပုံဖြတ်ခြင်း၊ လူမျိုးအချင်းချင်း ခေါင်းပုံဖြတ်ခြင်းတို့ကို ဖယ်ရှားနိုင်ရန် ကြိုးစားလျက်ရှိခဲ့ပြီးအောင်မြင်မှုများ ရခဲ့ပါသည်။ သို့စေကာမူ တန်းတူရည်တူ ဖြစ်ခွင့်ကို ဆက်လက်တောင်းဆိုလျက် ရှိကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၌ ပါဝင်သော တိုင်းရင်းသားများသည် တန်းတူရည်တူ ဖြစ်သည်ဟူသော သဘောထားကို မူလကပင် ထားရှိခဲ့ပါသည်။ ၁၉၄၆ ခုနှစ် နှစ်ကုန်ပိုင်းအတွင်း ရှမ်းပြည်နှင့် ကချင်ဒေသများသို့ သွားရောက်ပြီး တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားလူမျိုးများသည် တစ်မျိုးနှင့် တစ်မျိုးတန်းတူရည်တူ ဖြစ်သည်ဆိုသော သဘောထားများကို မကြာခဏထုတ်ဖော်ပြောကြားခဲ့ပါသည်။

ပင်လုံညီလာခံကာလတွင် လူမျိုးတိုင်းတန်းတူရည်တူဖြစ်သည်ဆိုသော သဘောထားများ၊ မည်သည့်လူမျိုးကမျှ အခြားလူမျိုးအပေါ် လွှမ်းမိုးခြယ်လှယ်ခြင်းကို မလိုလားသော သဘောထားများ ဖော်ထုတ်ခဲ့ကြပါသည်။ အေးအတူ ပူအမျှ နေထိုင်သွားကြမည်ဟူသော သဘောထားများကို ဖော်ထုတ်ခဲ့ကြပါသည်။ ထို့ကြောင့် တိုင်းရင်းသားများအားလုံး တန်းတူရည်တူ ဖြစ်ကြသည်ဟူသော စိတ်ဓာတ်သည် ပင်လုံစိတ်ဓာတ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

တိုင်းပြည်ပြုလွှတ်တော် ပထမနေ့ ၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်ပြဋ္ဌာန်းချက်ခုနစ်ချက်တင်သွင်းရာ တိုင်းသူပြည်သား မှန်သမျှသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့တွင် တရားမျှတမှုရှိစေလျက် အဆင့်အတန်း၊ အခွင့်အရေးနှင့် ဥပဒေသက်ရောက်မှုတို့တွင် ဆူကြံနိမ့်မြင့်မရှိ ပကတိတူညီစေရမည်ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

တန်းတူရည်တူဖြစ်ရေးသဘောတရားကို လက်ခံနိုင်ပြီး အလွယ်တကူ အကောင်အထည်ဖော်သွားနိုင်သည်ဟု မှတ်ထင်မရကြောင်း တွေ့နိုင်ပါသည်။ အထူးသဖြင့် ဖက်ဒရယ်နိုင်ငံထူထောင်ရေးတွင် တန်းတူရည်တူဖြစ်ရေးကို အထူးသတိထားပြီး အကောင်အထည်ဖော်ရန် လိုအပ်နေပါသည်။

ဖက်ဒရယ်နိုင်ငံများတွင် ပါဝင်ကြသော ပြည်နယ်ဒေသများသည် တစ်ခုနှင့်တစ်ခု တည်နေရာ၊ အကျယ်အဝန်း၊ လူမျိုးဖွဲ့စည်းမှု၊ လူဦးရေပမာဏ၊ စီးပွားသယံဇာတအင်အားစသည်တို့တွင် တစ်ခုနှင့်တစ်ခု မတူညီကြပါ။ ကွာခြားမှုကြီးမားသည်များ ရှိပါသည်။ ထို့ကြောင့် ဖက်ဒရယ်နိုင်ငံနိုင်ငံများသည် အများအားဖြင့် ဘက်မညီသော ဖက်ဒရယ်နိုင်ငံများ asymmetrical federal states အဖြစ် တည်ရှိနေပါသည်။

အကြောင်းမျိုးစုံကြောင့် ဘက်မညီ ဖက်ဒရယ်နိုင်ငံများတွင် လူမျိုးတိုင်းတန်းတူရည်တူဖြစ်ရေးကို အကောင်အထည်ဖော်ရေးမှာ အလွန်ခက်ခဲသော လုပ်ငန်းစဉ်တစ်ခု ဖြစ်နေပါသည်။ မတူကွဲပြားသော အကြောင်းများကြောင့် ဖြစ်တည်နေသော လူမျိုးများအား သီးခြားနယ်နိမိတ် ဒေသများ၌ ကိုယ်ပိုင်အစိုးရ၊ အုပ်ချုပ်ရေးနည်းစနစ်များနှင့် ဆက်လက်ဖွံ့ဖြိုးခွင့်ကို ဖက်ဒရယ်နိုင်ငံစနစ်တွင် ခွင့်ပြုထားပြီး တစ်ပြိုင်တည်း လူမျိုးအချင်းချင်း တန်းတူရည်တူ ဖြစ်သည်ဆိုသော သဘောထားကို ကိုင်စွဲထားပါသည်။ နဂိုကတည်းကပင် လူမျိုးရေးအပါအဝင် အခြားအကြောင်းများကြောင့် မတူညီ၊ ကွဲပြားနေသူများကို တန်းတူရည်တူဖြစ်ရန် ဆောင်ရွက်ရေးမှာ အပြောလွယ်သလောက် လက်တွေ့အကောင်အထည်ဖော်ရန် မလွယ်ကူသော အရေးကိစ္စဖြစ်နေပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ထိုင်းနိုင်ငံအတွင်းပြန်လည်ဝင်ရောက်မည့်အလုပ်သမားများကို တရားဝင်အလုပ်သမားဖြစ်အောင်၊ ဥပဒေများနှင့်အညီခံစားခွင့်ရှိအောင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းခြောက်ခုမေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၏ **ထိုင်း-မြန်မာ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မည်သို့ကူညီပေးမည်၊ ကူညီဆောင်ရွက်ထားရှိသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ထိုင်းနိုင်ငံက တရားမဝင်နိုင်ငံသား အလုပ်သမားများနှင့် ပတ်သက်ပြီး ဥပဒေအသစ်ထုတ်ပြန်ခဲ့သည့်အတွက် ဇွန် ၂၈ ရက်ကစတင်၍ ထိုင်းနိုင်ငံအတွင်းရောက်ရှိနေသည့် အထောက်အထားမရှိသော နိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများသည် နယ်စပ်ဒေသအသီးသီးကနေ မြန်မာနိုင်ငံအတွင်းကို ပြန်လည်ဝင်ရောက်ခဲ့ပါကြောင်း။

ဩဂုတ် ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းကို ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းအလုပ်သမားအရေအတွက်မှာ ၁၀၈၅၀၃ ဦး ရှိပြီဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းအလုပ်သမားများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနမှတာဝန်ရှိသူများက သွားရောက်ကြိုဆိုလက်ခံပေးပြီး ဒေသအသီးသီးသို့ အလှူရှင်များ၏ အကူအညီဖြင့် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းကို ပြန်လည်ဝင်ရောက်လာသည့် လုပ်သားများကို ၎င်းတို့၏ သဘောဆန္ဒနှင့်အညီ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ ထိုင်းနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများကိုလည်း တရားဝင်အလုပ်သမားဖြစ်အောင်၊ ဥပဒေများနှင့်အညီ ခံစားခွင့်ရှိသည့် အလုပ်သမားဖြစ်အောင် ဝန်ကြီးဌာနအနေဖြင့် အစီအမံများ



ဦးသိန်းဆွေ
ပြည်ထောင်စု
ဝန်ကြီး

ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၏ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန၏ ကောက်ခံငွေကြေးသတ်မှတ်နှုန်းထားတို့မှာ ခေတ်နှင့်လျော်ညီမှုမရှိတော့ပါသဖြင့် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၁၉၄၈ ခုနှစ်ကတည်းက မှတ်ပုံတင်ရေးနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ဈေးနှုန်းများဖြစ်သည့်အတွက် လက်ရှိအနေအထားတွင် မလျော်ညီတော့ပါကြောင်း၊ ထို့ကြောင့် ဥပဒေနှင့် နည်းဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ ပြင်ဆင်ရေးဆွဲပြီးပြဋ္ဌာန်းပြီးပါက ကောက်ခံငွေကြေးသတ်မှတ်နှုန်းများအပါအဝင် လုပ်ထုံးလုပ်နည်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ



မြဝတီ
မဲဆန္ဒနယ်မှ
ဦးစိန်ဗိုလ်

တင်သွင်းထားသည့် **ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုးအစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ် လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင်က အကြမ်းဖက်အစွန်းရောက်သမားများ၏ ဝါဒဖြန့်မှု၊ ခြိမ်းခြောက်မှု၊ သတ်ဖြတ်မှုများကြောင့် ဒေသခံတိုင်းရင်းသားများသည် လယ်ယာမြေအိုးအိမ် စွန့်ခွာတိမ်းရှောင်ရခြင်း၊ ရပ်ကျေးအုပ်ချုပ်မှုများ တာဝန်မထမ်းဆောင်နိုင်ကြတော့ခြင်း ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ တရားဥပဒေလည်း မစိုးမိုးတော့ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာပိုင်နက်နယ်မြေနှင့် အာဏာဆုံးရှုံးသွားမည့်အရေးသည် ရခိုင်မြောက်ပိုင်းဒေသတစ်ခုတည်း၏အရေးမဟုတ်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး၏ ပြည်ထောင်စုအရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် အစွန်းရောက်အကြမ်းဖက်သမားများ၏ ချိတ်ဆက်လုပ်ရှားမှုနှင့် ငွေကြေးလက်နက်ရိက္ခာ ရှာဖွေထောက်ပံ့မှုများကို ဖော်ထုတ်ပြီး အစိုးရ၏ တည်ဆဲဥပဒေများအရ အရေးယူအပြစ်ပေးခြင်း၊ ရှင်းလင်းခြင်း၊ နိုင်ငံရပ်ခြားမှ အကြမ်းဖက်သမားများသို့ ထောက်ပံ့သည့် အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များကိုလည်း နိုင်ငံတကာနှင့်ချိတ်ဆက် ဖော်ထုတ်အရေးယူကာ ကမ္ဘာ့နိုင်ငံများကသိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နိုင်က "ကိုလိုနီခေတ် ၁၈၂၄ ခုနှစ်က စပြီး ဘင်္ဂလားနယ်က ဘင်္ဂါလီတွေကို ရခိုင်ပြည်နယ်မှာ လယ်ကူလီများအဖြစ် အသုံးပြုဖို့ ခေါ်ယူနေရာချထားပေးရာကနေ ဘင်္ဂါလီတွေ စတင်ရောက်ရှိလာတာ ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ကျွန်တော်တို့နိုင်ငံမှာ ရိုဟင်ဂျာလူမျိုးမရှိဘူးဆိုတာ ကမ္ဘာကို အသိပေးပြီးဖြစ်တယ်လို့ အတိအလင်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဘင်္ဂါလီတို့၏ အကြမ်းဖက်လုပ်ရပ်များဟာ ယနေ့အချိန်အခါတွင် ရခိုင်ပြည်နယ်အရေးသက်သက်မဟုတ်တော့ဘဲ ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစတဲ့အချက်တွေကို အနှောင့်အယှက်ထိပါးလာတဲ့ အနေအထားသို့ တစ်စတစ်စ ရောက်ရှိလာပြီဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် နိုင်ငံတကာဖိအားကိုစိုးရိမ်ပြီး လူ့အခွင့်အရေးရှုထောင့်ကို ရှေ့တန်းတင်နေမယ့်အစား နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဒေသခံရခိုင်တိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တို့ကာကွယ်ရေးအတွက် လုံခြုံရေးရှုထောင့်ကို ဦးစားပေးကာ ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်"ဟု ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦးက "ဘင်္ဂါလီအကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေကို တည်ဆဲအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူသွားရမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့**

# ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာလည်ပတ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ရေတိုရေရှည်အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇေတင်၏ **မွန်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးရှိ မြို့နယ်အတော်များများတွင် (ရှစ်လုံးတပ်လော်စပီကာ Loud Speaker)နှင့် တွဲလျက် (Sound Box) အလုံးကြီးများ စည်းကမ်းမဲ့စွာ အလွန်အကျွံ ဖွင့်လှစ်အသုံးပြုလာခြင်းသည် ပြည်သူတိုင်း ကိုယ်စိတ်ကျန်းမာရေးကို အထူးထိခိုက်စေသည့် လုပ်ဆောင်ချက်များ ဖြစ်သဖြင့် ထိရောက်စွာ ကန့်သတ်တားမြစ်ထိန်းကွပ်သွားမည့် ဥပဒေထုတ်ပြန်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အသံချဲ့စက်ဖွင့်လှစ်ခွင့်ပြုမိန့်နှင့်ပတ်သက်၍ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးနည်းဥပဒေပုဒ်မ - ၁၄၊ ပုဒ်မခွဲ(ဂ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါကြောင်း၊ အသံချဲ့စက်ဖွင့်လှစ်ခွင့်ရရှိသူသည် အများပြည်သူအား အနှောင့်အယှက်မဖြစ်ရန်အတွက်ခွင့်ပြုသည့် ဥပစာအတွင်း အများပြည်သူ ကြားသိရုံမျှသာ ဖွင့်လှစ်ခြင်း၊ အသံဖိအားကို ကျင်းပသည့် အခမ်းအနားအပေါ် မူတည်ပြီး Sound Level သတ်မှတ်ထိန်းချုပ် ဖွင့်လှစ်ရန်နှင့် အသံချဲ့စက်ဖွင့်ရန် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းမပြုပါက ဥပဒေပုဒ်မ - ၂၇ ဖြင့် သက်ဆိုင်ရာ တရားရုံးများတွင် တရားစွဲတင်ဆောင်ရွက်နိုင်ပြီး ငွေကျပ် ၅၀၀၀ ထက် မပိုသော ငွေဒဏ်ချမှတ်ရမည်ဖြစ်ပါကြောင်း၊ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ၇ ရက်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထို့ကြောင့် ရပ်ကွက်ကျေးရွာအုပ်စုများတွင် အသံချဲ့စက်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ပြည်သူများ၏ စိတ်ကျန်းမာရေးကို အထူးထိခိုက်သည့် လုပ်ဆောင်ချက်များ မဖြစ်ပေါ်ရန် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ဥပဒေတစ်ခုသီးခြားထုတ်ပြန်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်း၏ **ရခိုင်ပြည်နယ်မေယုမြစ်အနောက်ဘက်ခြမ်းနှင့် နတ်မြစ်အရှေ့ဘက်ခြမ်း နယ်မြေအတွင်း အတည်တကျ နေထိုင်လျက်ရှိကြသော ရခိုင်၊ ခမီး၊ ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီး၊ ကမန်စသည့် ရခိုင်မျိုးနွယ်စုတိုင်းရင်းသားလူနည်းစုများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်သူ့ရဲတပ်ဖွဲ့မှ ရပ်ရွာလူ့အဖွဲ့အစည်းလုံခြုံရေး (Community Security) ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ထိစပ်လျက်ရှိသည့် ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ် နယ်စပ်ဒေသများတွင် ပဋိပက္ခများ ဖြစ်ပွားလာမှုကို ဖြေရှင်းနိုင်ရန်နှင့် ရခိုင်ပြည်နယ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးအား ဟန်ချက်ညီဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့မှ ကော်မတီများဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စဉ်ဆက်မပြတ် သွားရောက်၍ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်နေသည့်အပြင် ဒေသအတွင်း လက်ရှိအခြေအနေများအရ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်တွေခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ ဆက်စပ်သော လမ်း၊ တံတားများနှင့် မေယုတောင်ကြော အရှေ့အနောက် ဆက်သွယ်သည့် တောင်ကျော်လမ်းများ၊ လမ်းကွန်ရက်များကိုလည်း ဦးစားပေးလုပ်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲ



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး
ပြည်ထဲရေးဝန်ကြီးဌာန

ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတိထား၍ ဆောင်ရွက်နေသည်ကို အခွင့်ကောင်းယူကာ အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဖြစ်ပါကြောင်း၊ အပြစ်မဲ့အရပ်သား ပြည်သူများကို အကာအကွယ်ပေးနိုင်ရန်အတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း မေယုမြစ် အနောက်ဘက်ခြမ်းနှင့် နတ်မြစ်အရှေ့ဘက်ခြမ်း နယ်မြေအတွင်း တည်ရှိသော မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့တွင် အတည်တကျနေထိုင်လျက်ရှိသည့် ရခိုင်မျိုးနွယ်စုများအပါအဝင် ရခိုင်ပြည်နယ် နယ်စပ်ဒေသလုံခြုံရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပေါင်းစပ်ပြီး ရဲကင်း၊ ရဲစခန်းများ တိုးမြှင့်ခြင်း၊ လုံခြုံရေးအင်အား တိုးမြှင့်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်ပေါ်လာသော မှုခင်းများအား ဖော်ထုတ်အရေးယူနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်အောင် တပ်မတော်နှင့် ပူးပေါင်း၍ နယ်မြေရှင်းလင်းမှုများဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **မြန်မာနိုင်ငံ၏ ငါးနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊**




ဦးကျော်သိန်း
ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၇)

**ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဦးလှဆန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းတို့က ထောက်ခံဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ကို ဩဂုတ် ၂၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး**



ကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန် ဖြေကြားစဉ်


ကော်မရှင်အဖွဲ့ဝင် ဦးဝင်းမြ ဖြေကြားစဉ်

❒ *ကျောဖုံးမှ*

ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဝင်များနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း။

ကော်မရှင်အနေဖြင့် ၁၂ လတာကာလအတွင်း တွေ့ရှိချက်နှင့် အကြံပြုချက်များကို ပြင်ဆင်ရာတွင် နိုင်ငံရေးနှင့် ဘာသာရေးနယ်ပယ်မှ ခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ရခိုင်ပြည်နယ် တစ်ဝန်းလုံးရှိ ဒေသခံအသိုင်းအဝိုင်းများအပြင် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်မှ အစိုးရအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများအပြင် ကျွမ်းကျင်ပညာရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင်ပါဝင်သော အကြံပြုချက်များသည် ယင်းသို့ တွေ့ဆုံဆွေးနွေးမှုများမှရရှိလာသည့် အချက်အလက်များကိုအခြေခံ၍ ရေးသားထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ အဓိကအချက်များနှင့် အကြံပြုချက်များ အကျဉ်းချုပ်တွင် ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှု၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာခွင့်၊ နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု၊ IDP ကိစ္စရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး၊ လူ့အဖွဲ့အစည်းအားလုံး၏ လုံခြုံရေး၊ ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့်ကော်မရှင်၏အကြံပြုချက်များအား အကောင်အထည်ဖော်ခြင်းတို့ပါဝင်သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက် အကျဉ်းချုပ်ကို မစ္စတာကိုဖီအာနန်က ရှင်းလင်းပြောကြားရာတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့် ရရှိနေမှုများအပါအဝင် ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးမှု နိမ့်ကျနေခြင်းများကိုလည်း ထည့်သွင်းအကြံပြုထားကြောင်း၊ လိုအပ်သည့် စိစစ်ရေးကတ်များမရှိခြင်းနှင့် လွတ်လပ်စွာခရီးသွားလာနိုင်မှုမရှိခြင်းတို့ကြောင့် မိမိကိုယ်ကိုယ် ကာကွယ်နိုင်စွမ်းမရှိဟု ခံစားနေရသည့် မူဆလင်အသိုင်းအဝိုင်းနှင့် ပတ်သက်၍လည်း ထည့်သွင်းရေးသားထားပါကြောင်း။

ထို့ကြောင့် မူဆလင်အသိုင်းအဝိုင်းအနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ စိုးရိမ်မှုများရှိသော်လည်း ထိုစိုးရိမ်မှုများကို အစိုးရနှင့် အတူပူးပေါင်းဆောင်ရွက်ဖြေရှင်းရန် မိမိအနေဖြင့် တောင်းဆိုလိုပါကြောင်း။

နိုင်ငံသားဖြစ်တည်မှုနှင့် လွတ်လပ်စွာသွားလာခွင့်ကိစ္စရပ်များနှင့် ပတ်သက်သည့် အကြံပြုချက်များအပေါ် ရခိုင်ပြည်သူလူထုအနေဖြင့် စိုးရိမ်နေမှုများ ရှိနေသည်ကို မိမိတို့ ကောင်းစွာသိရှိထားသော်လည်း ချန်လှပ်ထားမည်ဆိုပါက နောက်ပြန်လှည့်၍မရသည့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်မည်ကို မိမိတို့အနေဖြင့် ယုံကြည်၍ဖြစ်ပါကြောင်း၊ အစီရင်ခံစာတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်းအပါအဝင် နယ်စပ်လုံခြုံရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေးကိုလည်း အကြံပြုထားပါကြောင်း။

မိမိတို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် အပြီးသတ်အစီရင်ခံစာ တင်သွင်းခြင်းနှင့်အတူ တာဝန်ဝတ္တရားများပြီးဆုံးပြီဖြစ်၍ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်မှာ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာခေါင်းဆောင်များ၊အဖွဲ့အစည်းများ၊ ပြည်သူများ၊ ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရ၊ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်ရှိ လွှတ်တော်များ၊ ဘာသာရေးနှင့် လူ့အဖွဲ့အစည်း ခေါင်းဆောင်များနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း။

လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေကို စောင့်ကြည့်နိုင်ရန်နှင့် လိုအပ်သည့် ယန္တရားကို ဖော်ဆောင်သွားရန် အစိုးရကို အကြံပြုထားပါကြောင်း၊တပ်မတော်နှင့် အခြားလုံခြုံရေးရဲတပ်ဖွဲ့များသည် ရခိုင်ပြည်နယ်အတွက် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်သည်မှာ ထင်ရှားပါကြောင်း။

ရခိုင်ပြည်နယ်သည် ရှုပ်ထွေးသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစိန်ခေါ်မှုများကို ကြုံတွေ့နေရပြီး အဆိုပါစိန်ခေါ်မှုများကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသအဆင့်မှ အရပ်ဘက်နှင့် စစ်ဘက်တာဝန်ရှိသူများ၏ ရေရှည်ပူးပေါင်းကြိုးပမ်းမှုဖြင့်သာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း ရခိုင်ပြည်နယ်ကိစ္စ ရှေ့ဆက်လုပ်နိုင်ရေးအတွက်၊ လိုအပ်သည့် နိုင်ငံတွင်း ကြိုးပမ်းအားထုတ်မှုများကို ခိုင်မာ၊ ရက်ရောပြီး ဘက်မလိုက်သည့် အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်သင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံ


7 day ဂျာနယ်မှ မေးမြန်းစဉ်


BBC မြန်မာပိုင်းအစီအစဉ်မှ မေးမြန်းစဉ်


ရိုက်တာသတင်းဌာနမှ မေးမြန်းစဉ်


အယ်လ်ဂျာဇီးရား သတင်းဌာနမှ မေးမြန်းစဉ်

ပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့်အဖွဲ့ဝင်များက ပြန်လည်ဖြေကြားသည်။

အချက်အလက် ရှာဖွေရေးအဖွဲ့၏ လုပ်ဆောင်ချက်နှင့် ကိုဖီအာနန်ကော်မရှင်၏ လုပ်ဆောင်ချက်တို့နှင့် စပ်လျဉ်း၍ မေးခွန်းကို ဖြေကြားရာတွင် မစ္စတာကိုဖီအာနန်က “နိုင်ငံတကာ အချက်အလက် ရှာဖွေရေးအဖွဲ့နဲ့ ကော်မရှင်ရဲ့လုပ်ငန်းတာဝန် လုပ်ကိုင်ခွင့်ကမတူဘူး။ အချက်အလက်ရှာဖွေရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်နဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ကျွန်တော်တို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့လုပ်ငန်းတာဝန်တွေက ရှင်းပါတယ်။ အကြံပေးကော်မရှင်အနေနဲ့က ရခိုင်ပြည်နယ်အခြေအနေကို သုံးသပ်ပြီး ရခိုင်ပြည်နယ်အစိုးရ၊ ရခိုင်ပြည်နယ်သူပြည်နယ်သားများက ပဋိပက္ခဖြစ်တာတွေကိုကိုင်တွယ်နိုင်ပြီးတော့ အတူတကွပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပြီးတော့ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာရေး၊ သဟဇာတဖြစ်ရေး စတာတွေ အထောက်အကူဖြစ်ဖို့ အကြံပြုချက်တွေပေးဖို့ဖြစ်ပါတယ်၊ လူ့အခွင့်အရေးခြိမ်းခြောက်မှုတွေ၊ ရန်ပြုမှုတွေကို စုံစမ်းစစ်ဆေးဖို့ လုပ်ငန်းတာဝန်ပဲ မဟုတ်ပါဘူး။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ အချက်အလက်ရှာဖွေရေးလုပ်ငန်းတာဝန်ကတော့ လူ့အခွင့်အရေးကိစ္စရပ်တွေကိုလေ့လာစုံစမ်းဖို့ ဖြစ်ပါတယ်၊ ဒီလိုကွာခြားမှုရှိပါတယ်”ဟု ဖြေကြားသည်။

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်ပတ်သက်၍ အကြံပြုချက်များ အကောင်အထည်ဖော်ရန် မည်မျှအထိ အကောင်းမြင်ပါသလဲ မေးခွန်းနှင့်ပတ်သက်ပြီး မစ္စတာ ကိုဖီအာနန်က ဖြေကြားရာတွင် “နိုင်ငံသားဖြစ်မှုဥပဒေဆိုင်ရာ အကြံပြုချက်တွေ အကောင်အထည်ဖော်ခြင်းနဲ့ပတ်သက်လို့ အကောင်းမြင်ဘယ်လောက်ရှိသလဲဆိုတာနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ဥပဒေနဲ့ပတ်သက်လို့ အကြံပြုထားတာတွေရှိပါတယ်။ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာနိုင်မှု၊ နိုင်ငံသားဖြစ်မှုစိစစ်ရေး ဒါတွေက ရှုပ်ထွေးတဲ့ကိစ္စရပ်တွေ ဖြစ်ပါတယ်။ သို့သော်လည်း အလွန်အရေးကြီးတဲ့ ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒါကိုအဓိကထားပြီးတော့ အကြံပြုချက်တွေကိုလည်း ဖော်ထုတ်ပြီးတော့ တင်ပြထားပါတယ်၊ ဒီအကြံပြုချက်တွေက အထောက်အကူဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ စနစ်တကျ အကောင်အထည်ဖော်လိုက်ရင် တော်တော်များများ ပုံမှန်ပြန်အနေအထားဖြစ်သွားနိုင်တယ်။ စာရွက်စာတမ်းများရှိပြီးတော့ တရားဝင်ဖြစ်သွားနိုင်တယ်။ ဒီလိုအနေအထားဖြစ်ဖို့ ကျွန်တော်တို့ အကြံပြုထားပါတယ်။ မြန်မာနိုင်ငံမှာ အခုအချိန်မှာ နိုင်ငံမဲ့အရေအတွက်က ကမ္ဘာမှာ အများဆုံးတောင် ဖြစ်နေပါတယ်၊ ဒီအခြေအနေကဆက်ပြီးသွားဖို့ မသင့်တော်တဲ့ အခြေအနေပါ။ ဒီအကောင်အထည်ဖော်မှုနဲ့ပတ်သက်ပြီးတော့ အကြံပေးကော်မရှင်က အကောင်းမြင်ပါတယ်။ အကောင်အထည်ဖော်နိုင်အောင်လည်း တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်သွားဖို့ လုပ်ဆောင်နေတယ်လို့ ပြောကြားလိုပါတယ်”ဟု ဖြေကြားသည်။

ကော်မရှင်၏ အကြံပြုချက်အတိုင်း ဆောင်ရွက်နိုင်ရန် မည်မျှအထိ ယုံကြည်မှုရှိသလဲ၊ လုံလောက်တဲ့ အတိုင်းအတာရှိသည်ဟု ယူဆထားသလားမေးခွန်းနှင့် ပတ်သက်၍ မစ္စတာ ကိုဖီအာနန်က “ကျွန်တော်တို့အကြံပြုချက်တွေက ရိုးသားပြီးတော့ အပြုသဘောဆောင်တဲ့ အကြံပြုချက်တွေကို ဖော်ထုတ်ပြီးတော့ တင်ပြထားပါတယ်။ အကောင်အထည်ဖော်တဲ့နေရာမှာလည်းရိုးသားစွာနဲ့ အပြုသဘော အကောင်အထည်ဖော်သွားမယ်လို့ ယူဆပါတယ်။ ဒါဆိုရင်တော့ ရခိုင်ပြည်နယ်သူပြည်နယ်သားများရော ရခိုင်ပြည်နယ်အတွက်ရော အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ဒီတင်းမာမှုတွေ ဆက်ပြီးတော့ ထပ်ပြီးတော့ဖြစ်လာတာနဲ့ ပတ်သက်ပြီးတော့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒီမနက်ပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့လည်း ဆွေးနွေးခဲ့တာရှိပါတယ်။ လုံခြုံရေးအခြေအနေက ဖြစ်လာပြီဆိုရင်တော့ ဒါကိုကိုင်တွယ်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း လုံခြုံရေးအချက်တွေကိုင်တွယ်ရာမှာတော့ အဓိကထားရမှာက ပြဿနာဖြစ်နေတဲ့သူတွေကို အဓိကထားကိုင်တွယ်ပြီးတော့ အပြစ်မဲ့နိုင်ငံသားတွေ ဘဝနေထိုင်မှုအပေါ်မှာ ထိခိုက်မှုမရှိအောင်လို့ ကြိုးပမ်းဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပြည်သူလူထု ထိခိုက်မှုမများပြားစေဖို့၊ ဘေးဒုက္ခမရောက်စေဖို့ပဲ ဖြစ်ပါတယ်။ လိုအပ်တဲ့ လူသားချင်းစာနာတဲ့ ပံ့ပိုးမှုတွေလည်း ရရှိနိုင်စေဖို့ အနေအထားတွေလည်း အရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ သတင်းထောက်များ လွတ်လပ်စွာ သတင်းသွားရောက်ရယူနိုင်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ထင်သာမြင်သာရှိဖို့ဆိုတာ အားကောင်းတဲ့ နည်းလမ်းတစ်ရပ်ပါ၊ ကျွန်တော်တို့ အကြံပြုချက်တွေသည် လုံခြုံရေးအခြေအနေနဲ့ မဆိုင်ပါဘူး၊ ဒါအကောင်အထည်ဖော်နိုင်မှာပဲ ဖြစ်ပါတယ်”ဟု ဖြေကြားသည်။

နိုင်ငံတော်အစိုးရက အကြံပေးချက်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး စောင့်ကြည့်ရန် မည်သူကတာဝန်ယူမှာလဲ မေးခွန်းနှင့် ပတ်သက်၍ မစ္စတာ ကိုဖီအာနန်က ဖြေကြားရာတွင် “အကြံပြုချက်တွေ အကောင်အထည်ဖော်တာနဲ့ပတ်သက်ပြီးတော့ အကောင်း ဘယ်လောက်မြင်သလဲဆိုတာနဲ့ပတ်သက်ပြီးတော့၊ နောက်ပြီး လုပ်ငန်းဆောင်ရွက်ဖို့ သွားရောက်နိုင်ခွင့်ရမရ ဒီအပိုင်း မေးမြန်းတာနဲ့ပတ်သက်ပြီးတော့ ဖြေကြားလိုတာက ပြီးခဲ့တဲ့နှစ် စက်တင်ဘာလမှာ ကော်မရှင်လုပ်ငန်းတွေ စတင်ပါတယ်၊ အောက်တိုဘာလမှာ တိုက်ခိုက်မှုတွေ စဖြစ်တယ်။ ကြားဖြတ်အစီရင်ခံစာမှာဖော်ပြထားပါတယ်။ အခုလည်း ဖော်ပြထားပါတယ်။ ဒီလိုတိုက်ခိုက်မှုတွေဖြစ်ပွားခြင်းက ကျွန်တော်တို့ရဲ့လုပ်ငန်းကို ရှုပ်ထွေးသွားစေပါတယ်။ ဖြေရှင်းချက်တွေ ရှာဖွေနိုင်မယ့် အကြံပြုချက်တွေကို ဖော်ထုတ်နိုင်အောင်ပိုပြီးတော့ ဆုံးဖြတ်ချက် အခိုင်အမာချမှတ်ထားပါတယ်။ အကြံပြုချက်တွေကို အကောင်အထည်ဖော်နိုင်မယ့် အခွင့်အလမ်းကတော့ရှိမယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မနေ့ကအစိုးရဝန်ကြီးတစ်ဖွဲ့လုံးနီးပါးနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ အစီရင်ခံစာအကြောင်းကိုပဲ ချက်ချင်းကို ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ အကောင်အထည်ဖော်ဖို့ကတော့ နိုင်ငံတော်အစိုးရရဲ့ တာဝန်၊ ရခိုင်ပြည်နယ်အစိုးရရဲ့ တာဝန်တွေဖြစ်ပါတယ်။ အကောင်အထည် မဖော်ဘူးဆိုတဲ့ အနေအထား မရောက်လောက်ဘူးလို့ ကျွန်တော်မျှော်လင့်ပါတယ်။ အကောင်အထည်မဖော်ဘူးဆိုရင် မြေပြင်အခြေအနေက ယိုယွင်းသွားတဲ့ အနေအထားမှာ ရှိပါတယ်။ ကျဆင်းသွားဖို့ရှိပါတယ်”ဟု ဖြေကြားသည်။

ကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို ပြည့်ပြည့်စုံစုံ ကောင်းကောင်းမွန်မွန်လုပ်နိုင်အောင် တွေ့ဆုံမေးမြန်းနိုင်ခွင့် ဘယ်လောက်အထိရှိနေပါသလဲ။ အကြံပြုချက်များ၏ သက်ရောက်မှု မည်ရွေ့ မည်မျှရှိမည်ဟု မျှော်မှန်းထားသလဲမေးခွန်းနှင့်ပတ်သက်၍ မစ္စတာ ကိုဖီအာနန်က ဖြေကြားရာတွင် “ကော်မရှင်ရဲ့ လုပ်ငန်းတာဝန်သည် အကြံပေးပဲဖြစ်ပြီး အရေးယူဆောင်ရွက်တဲ့ အပိုင်း မပါပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အကြံပေးချက်တွေကို အကောင်အထည်ဖော်ပေးဖို့ များစွာစီမံပြီးတော့ အကောင်အထည်ဖော်သွားမယ်၊ စောင့်ကြည့်လေ့လာစစ်ဆေးသွားမယ်လို့ ပြောကြားချက်တွေရှိပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့ဝန်ကြီးတွေအားလုံးနဲ့ ဆွေးနွေးသွားတာတွေရှိတဲ့အလျောက် အကောင်အထည်ဖော်ဖို့ အလားအလာရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လူသားချင်းစာနာ အကူအညီပေးဖို့ လိုအပ်နေတဲ့အကူအညီရရှိနိုင်ဖို့ လူသားချင်းစာနာတဲ့ အဖွဲ့အစည်းတွေ သွားရောက်ခွင့်ရရှိဖို့၊ စာနယ်ဇင်းက သတင်းထောက်တွေ သွားရောက်နိုင်ဖို့ ဆွေးနွေးခဲ့ပါတယ်”ဟု ဖြေကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံမေးမြန်းစဉ် ပြည်သူလူထု ဒုက္ခမရောက်စေချင်ဘူးဆိုသည့် အကြံပြုဆွေးနွေးသည့်အခါ အတိအကျမည်ကဲ့သို့ တုံ့ပြန်သလဲဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ မစ္စတာ ကိုဖီအာနန်က “စစ်ရေးချုပ်ကပ်ပုံနဲ့ ပတ်သက်ပြီးတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တွေ့ဆုံခဲ့တာရှိပါတယ်။ လုံခြုံရေးရှင်းလင်းဆောင်ရွက်တဲ့အပိုင်းမှာအရပ်သားတွေ အသက်အန္တရာယ်တွေ မကြုံတွေ့စေဖို့ ဆွေးနွေးခဲ့ပါတယ်။ နောက်ပြီးလုံခြုံရေးစစ်ဆင်ရေးတွေ ဆောင်ရွက်တဲ့နေရာမှာ သတ်မှတ်ထားတဲ့ အချိန်ကာလ ပြီးဆုံးသွားတဲ့အချိန်မှာ ပုံမှန်နေ့စဉ်ဘဝ အကောင်အထည်ဖော်လုပ်ဆောင်သွားနိုင်ဖို့ ဒါတွေဆွေးနွေးဖြစ်ခဲ့ပါတယ်၊ ကျွန်တော်သိရှိရသလောက် မကြာသေးမီက တပ်မတော်ဘက်ကနေ ရှင်းလင်းရေးတွေ ဆောင်ရွက်တဲ့ နေရာမှာတောင်ပေါ်ဒေသတွေ၊ တောင်ကြောတွေမှာ ဖြစ်ပြီးတော့ အဲဒီနေရာမှာအရပ်သားတွေ မရှိသလောက်နည်းပါးတယ်ဆိုတာ၊ ထိခိုက်မှုမရှိသလောက် နည်းပါးတယ်ဆိုတာ သိရှိရပါတယ်”ဟု ဖြေကြားသည်။

ရခိုင်အရေးကိုအကြံပေးရန် ပြည်ပပညာရှင်များမပါတာ ကြိုက်သည့်သူများကို ကော်မရှင်အနေဖြင့် ဘယ်လိုများ သတင်းစကားပါးချင်သလဲ မေးခွန်းနှင့် ပတ်သက်၍ မစ္စတာကိုဖီအာနန်က ဖြေကြားရာတွင် “နိုင်ငံခြားက ဝင်ရောက်စွက်ဖက်တဲ့ သဘောသက်ရောက်၊ မသက်ရောက်ကို အချက်အလက်တွေကို မကြည့်စေလိုကြောင်း ပြောကြားလိုပါတယ်။ အဲဒီတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီကော်မရှင်ကိုဖွဲ့စည်းဖို့ အကြံပြုတာဖြစ်ပြီးတော့ လွှတ်တော်မှာ တင်တယ်။ လွှတ်တော်ကမဲခွဲပြီးတော့မှ လွှတ်တော်မဲအရ ကော်မရှင်ကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ကော်မရှင်မှာ ပါဝင်သူတွေ၊ အဖွဲ့ဝင်တွေကိုလည်း အခုခုံပေါ်မှာ ထိုင်နေတဲ့အတိုင်းတွေ့မြင်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ခြောက်ဦး၊ နိုင်ငံခြားမှသုံးဦးဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တာပါ။ ရောနှောပြီးတော့ ပါဝင်နေတာပေါ့လေ။ အဲဒီတော့ ဒါဟာ မြန်မာနိုင်ငံကော်မရှင်ဖြစ်ပြီးတော့ နိုင်ငံခြားမှ ပါဝင်ဆောင်ရွက်မှုရှိတယ်။ ဒီလိုမျိုးမြင်သင့်တယ်လို့

*စာမျက်နှာ ၉ သို့*

***ကျောဖုံးမှ***

၆။ အထက်ပါကော်မတီအသစ်နှင့် အကြံပေးဘုတ်အဖွဲ့တို့နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ပြုစုလျက်ရှိပြီး မကြာမီထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

၇။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် ဆက်လက်လျှောက်လှမ်းမည့် လမ်းကြောင်းတစ်ရပ်ရှာဖွေနိုင်ရန် အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့တာဝန် စတင်ရယူချိန်မှ စတင်၍ ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

၈။ ဆက်လက် ဆောင်ရွက်ဖွယ်ရာများ ကျန်ရှိနေသေးသော်လည်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ထုတ်ပြန်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်အများအပြားကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တိုးတက်မှုများရရှိနေပြီ ဖြစ်သည်။

(က) ရွှေ့လျားဆေးပေးခန်းအသစ်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ စာသင်ကျောင်းများကို အဆင့်မြှင့်တင်ပေးခဲ့ပြီး အသက်မွေးဝမ်းကျောင်းပညာနှင့် နည်းပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

(ခ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရာနှင့်ချီသော ဒေသခံပြည်သူများအတွက် အလုပ်အကိုင်သစ်များ၊ အခွင့်အလမ်းအသစ်များ ဖန်တီးပေးခဲ့သည်။ ဒေသတွင်း၌ အလုပ်အကိုင်အသစ်များနှင့် စီးပွားရေးလုပ်ငန်းအသစ်များ ဆောင်ကြဉ်းစေနိုင်မည့် အထူးစီးပွားရေးဇုန် အသစ်တစ်ခု တည်ဆောက်ရေးဆိုင်ရာ ဖြစ်နိုင်ခြေ အခြေအနေများကို လေ့လာဆန်းစစ်သုံးသပ်လျက်ရှိသည်။

(ဂ) အခြေခံအဆောက်အအုံအသစ်များ ပေါ်ထွန်းလာရေးအတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးနှင့် လမ်း၊ တံတားအသစ်များ တည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။ မူလက သဘော်ဖြင့်သာ သွားလာနိုင်သော ဝေးလံခေါင်ဖျားသည့် ဒေသများအား ဆက်သွယ်ပေးသည့် အဝေးပြေးလမ်းမအသစ် တည်ဆောက်ပေးခဲ့သည်။

(ဃ) ဘာသာပေါင်းစုံ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဘာသာရေးဆိုင်ရာ သဟဇာတဖြစ်မှုနှင့် မတူကွဲပြားသည့် လူမှုအသိုက်အဝန်းများအကြား ဆက်ဆံမှုကောင်းမွန်ရေးတို့ မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စာသင်ကျောင်းများတွင် ကိုယ်ကျင့်တရား၊ ပြည်သူ့နီတိနှင့် ငြိမ်းချမ်းရေးတို့ကို အလေးပေးသည့် သင်ရိုးညွှန်းတမ်းအသစ်တစ်ခု စတင်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(င) ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားအစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးရေးလုပ်ငန်းစဉ် ပိုမိုထိရောက် အောင်မြင်စေမည့် မဟာဗျူဟာတစ်ရပ်နှင့် အချိန်ဇယားဖော်ထုတ်နိုင်ရန်လည်းကောင်း၊ ဒုက္ခသည်စခန်းများပိတ်သိမ်းနိုင်မည့် မဟာဗျူဟာတစ်ရပ် ဖော်ထုတ်နိုင်ရန်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ဒုက္ခသည်စခန်း (၃) ခုကို ပိတ်သိမ်းနိုင်ခဲ့ပြီး ယင်းဒုက္ခသည်စခန်းများအနီးတွင် အိမ်ရာအသစ်များ ဆောက်လုပ်ပေးခဲ့သည်။

(စ) ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များအား လူ့အခွင့်အရေး၊ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် လိင်အခြေခံသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာစသည့် နယ်ပယ်များတွင် လေ့ကျင့်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ပေးလျက်ရှိသည်။

၉။ ရခိုင်ပြည်နယ်အတွင်းရှိနေသူအားလုံးအတွက် ကောင်းမွန်သည့်လမ်းကြောင်းတစ်ရပ် ရှာဖွေရာတွင် နေ့ချင်းညချင်း ဖြေရှင်းနိုင်မည် မဟုတ်သည့် အခက်အခဲများရှိနေသည်ကိုလည်း အသိအမှတ်ပြုလက်ခံရန် လိုအပ်ပေမည်။ ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းများအကြား စိတ်နေစိတ်ထားခံယူချက်များ ပြောင်းလဲလာစေရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့မှသာ သည်းခံမှု၊ လေးစားမှုများမှတစ်ဆင့် တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းလာမည် ဖြစ်သည်။ ဤသို့သော အခြေအနေတွင် ရခိုင်ပြည်နယ်အရေးကိစ္စ ပိုမိုဆိုးရွားသွားစေမည့် မီးလောင်ရာ လေပင့်ခြင်းများကို ရှောင်ကြဉ်ပြီး ပြဿနာဖြေရှင်းရေးကို အလေးထားအာရုံစိုက်ကြရန် အရေးကြီးပါကြောင်း ထုတ်ပြန်အပ်ပါသည်။

***စာမျက်နှာ ၈ မှ***

ကျွန်တော်မြင်ပါတယ်''ဟု ဖြေကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းမြက ဖြေကြားရာတွင် ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ အင်တာနက်ရီပို့ကို တင်ပြခဲ့တဲ့အချိန်ကလည်းပဲ ဒီမေးခွန်းကို မေးခဲ့ပါတယ်။ အဲဒီတုန်းကလည်း မစ္စတာ ကိုဖီအာနန် ဖြေခဲ့တာကတော့ အခုဖြေခဲ့သလိုပါပဲ ပေါ့။ နိုင်ငံခြားသားသုံးဦးပါတယ်။ မြန်မာနိုင်ငံက အဖွဲ့ဝင်ခြောက်ဦးပါပါတယ်။ တကယ်တော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကနေပြီးတော့ ဖွဲ့စည်းပေးခဲ့တဲ့ အဖွဲ့ဖြစ်ပြီးတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ပြန်လည်ပြီးတော့ အစီရင်ခံရမယ့် အဖွဲ့ဖြစ်တဲ့အတွက်ကြောင့် တကယ်မှာဆိုလို့ရှိရင်တော့ ဒါဟာ မြန်မာ ကော်မရှင်လို့ပဲ သဘောထားရမယ်ဆိုတဲ့ အချက်ကို အရင်ကလည်း ဖြေခဲ့သလို အစောတုန်းက မစ္စတာ ကိုဖီအာနန်ကလည်း ဒီသဘောပဲဖြေကြားသွားတာ ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတဲ့အခါမှာ ဒီမေးခွန်းလေးထပ်ပြီးတော့ ပေါ်လာပါတယ်။ မစ္စတာကိုဖီအာနန်က ဒီနေ့မနက် နိုင်ငံခြားရေးဝန်ကြီးဌာနမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးတဲ့အခါမှာ သူပြောကြားတာလေးတစ်ခုကို ကျွန်တော်ထပ်ပြီးတော့ အသိပေးပြောကြားလိုပါတယ်။ မြန်မာနိုင်ငံ ရခိုင်ပြည်ရေးရာကိစ္စ တစ်နှစ်တာနဲ့ ပတ်သက်ပြီးတော့ အစီရင်ခံစာရေးသားဖို့ တာဝန်ယူဆောင်ရွက်ခဲ့ရတဲ့အခါမှာ ရခိုင်ပြည်နယ် အနှံ့အပြားအဖွဲ့အစည်း အသီးသီးတို့နဲ့ တွေ့ဆုံဆွေးနွေးပြီး အချက်အလက်များကိုလည်း စုဆောင်းခဲ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အသက်ဝင်လှုပ်ရှားလာဖို့အတွက် မိမိတို့ကိုယ်ကိုယ်လည်းပဲ မြန်မာစိတ်ဓာတ်လေးတွေ ဖြစ်ပေါ်လာအောင် မွေးတဲ့အခါမှာ တည်ဆောက်ယူရပါတယ်လို့ မစ္စတာ ကိုဖီအာနန်က ပြောခဲ့ပါတယ်။ တစ်နည်း အားဖြင့် ပြောရမယ်ဆိုလို့ရှိရင် နိုင်ငံခြားသားပါတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံခြားအတွက်ကို ဆောင်ရွက်နေတဲ့ သဘောမမြင်စေလိုဘဲနဲ့ မြန်မာနိုင်ငံရဲ့ အထူးသဖြင့် ရခိုင်ပြည်နယ်ရဲ့ အကျိုးဖြစ်ထွန်းဖို့အတွက်၊ ရခိုင်ပြည်သူပြည်သားတွေ ကောင်းမွန်ဖို့အတွက်၊ ရေရှည်မှာ ဖွံ့ဖြိုးတိုးတက်မှုရဖို့အတွက် ရခိုင်ပြည်နယ်အတွက် တိုးတက်ရာတိုးတက်ကြောင်း ရစေဖို့စိတ်ဓာတ်မျိုးနဲ့ပဲ ဆောင်ရွက်နေတဲ့ အဖွဲ့ဖြစ်တယ်ဆိုတာကို တင်ပြပြောကြားလိုပါတယ် ဖြေကြားသည်။



**Channel News Asia သတင်းဌာနမှ မေးမြန်းစဉ်**

ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ညွှန်ကြားချက်ဖြင့် ၂၀၁၆ စက်တင်ဘာ ၅ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အကြံပေးကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများအားလုံး၏ လက်ရှိအခြေအနေကို ဆန်းစစ်လေ့လာရန်၊ အကြမ်းဖက်မှု၊ အိုးမဲ့အိမ်မဲ့ဖြစ်ကာ နေရပ်စွန့်ခွာမှုများနှင့် ရခိုင်ပြည်နယ်အတွင်းဖွံ့ဖြိုးမှုနိမ့်ကျရခြင်းကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းအချက်များကို ရှာဖွေတင်ပြရန် ဖြစ်သည်။

ရခိုင်ပြည်နယ်တွင်းနေထိုင်သူအားလုံး၏ လူမှုဘဝပိုမိုကောင်းမွန်လာရေးအတွက် အကြံပြုချက်များ အဆိုပြုနိုင်ရန် နိုင်ငံတော်အစိုးရက ကော်မရှင်ကို ပြည်တွင်းပညာရှင်ခြောက်ဦး၊ နိုင်ငံတကာပညာရှင်သုံးဦး စုစုပေါင်းကိုးဦးဖြင့် ဖွဲ့စည်းထားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းနိုဘယ်လ်ဆုရှင် မစ္စတာ ကိုဖီအာနန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏အဖွဲ့ဝင်များတွင် ပြည်တွင်းပညာရှင်များအဖြစ် ဦးဝင်းမြ (မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ)၊ ဒေါက်တာသာလှရွှေ (မြန်မာနိုင်ငံကြက်ခြေနီအသင်း- နာယက)၊ ဦးအေးလွင် (ငြိမ်းချမ်းမေတ္တာအဖွဲ့တည်ထောင်သူ)၊ ဒေါ်စောခင်တင့် (ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်းရန်ကုန်- ဥက္ကဋ္ဌ)၊ ဒေါက်တာမြသီတာ (သားဖွားမီးယပ်ပညာအဖွဲ့- ဥက္ကဋ္ဌ)၊ ဦးခင်မောင်လေး (မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်-အဖွဲ့ဝင်)တို့ပါဝင်သည်။ ပြည်ပပညာရှင်များအဖြစ် မစ္စတာ ကိုဖီအာနန်၊ Ms.Laettia van den Assum (နယ်သာလန်နိုင်ငံ၏ အထူးသံတမန်)နှင့် Mr.Ghassan- salame (လက်ဘနွန်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဟောင်း)တို့ ပါဝင်သည်။

ရခိုင်ပြည်နယ် အကြံပေးကော်မရှင်အဖွဲ့သည် အပြီးသတ်အစီရင်ခံစာကို ဩဂုတ် ၂၃ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ တင်သွင်းခဲ့ပြီး အစိုးရအနေဖြင့် အရေးတကြီးဆုံးဖြတ်ရမည့် ကိစ္စရပ်များအတွက် ကြားဖြတ်အစီရင်ခံစာ အကြံပြုချက်များကိုလည်း ၂၀၁၇ မတ် ၁၆ ရက်က နိုင်ငံတော်အစိုးရထံသို့ တင်သွင်းခဲ့သည်။ **(သတင်းစဉ်)**

***ပြည်သူ့လွှတ်တော်မှ***

နိုင်ငံတော်အစိုးရအနေဖြင့် တုံ့ပြန်မှုတွေ နှောင့်နှေးနေပါက ဒေသခံပြည်သူတွေရဲ့ လုံခြုံရေးနဲ့ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုပါ ရေရှည်မှာထိခိုက်လာနိုင်တဲ့အတွက် လွှတ်တော်မှာ အရေးကြီးအဆိုတင်သွင်းကာ နိုင်ငံတော်အစိုးရကို လိုအပ်သလိုတိုက်တွန်းသွားရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဒေသခံတိုင်းရင်းသားတွေအတွက် ပိုမိုကောင်းမွန်စိတ်ချရတဲ့ လုံခြုံရေးစနစ်၊ လက်ရှိလုပ်ဆောင်နေတဲ့ အုပ်ချုပ်ရေးယန္တရားကို ဥပဒေနဲ့အညီ တောင့်တင်းခိုင်မာရေးအတွက် ဘက်ပေါင်းစုံက စီမံဆောင်ရွက်ပေးဖို့ အပူတပြင်း လိုအပ်လျက်ရှိပါတယ်'' ဟု ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန် (ခ) မောင်တင်သစ်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေ၊ ကလော မဲဆန္ဒနယ်မှဒေါ် ပြုံးကေသီနိုင်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့ကလည်း ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားသည့်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်နှင့် ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့သည် ရခိုင်ပြည်နယ်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ရှိ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ စဉ်ဆက်မပြတ်သွားရောက်၍ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအတွက် လိုအပ်သည့် စားနပ်ရိက္ခာများ၊ လယ်ယာသုံးစက်ကိရိယာများ၊ ငွေကြေးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များကို ကူညီထောက်ပံ့ပေးခြင်း၊ ကျေးရွာလမ်း၊ တံတားနှင့် စာသင်ကျောင်းများဆောက်လုပ်ပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် စိုက်ပျိုးစရိတ်များ အချိန်မီထုတ်ပေးခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာသင်ကျောင်းများမှ အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဝေးလံခေါင်ဖျားကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများအတွက် လုံခြုံစိတ်ချစွာသွားလာနိုင်ရေးနှင့် နေရာထိုင်ခင်း စီစဉ်ဆောင်ရွက်ပေးခြင်းတို့အပြင် ဝန်ကြီးဌာနအသီးသီးမှ မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တပ်မတော်နယ်မြေခံဆေးတပ်ရင်းများမှလည်း ကျေးရွာအရောက်ကွင်းဆင်း၍ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသမှု စသည့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်အနောက်ဘက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်စပ်နေသည့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ တစ်ဖက်နိုင်ငံမှအစ္စလာမ် ဘာသာဝင်များ တရားမဝင် ဝင်ရောက်လာမှုမရှိစေရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့ဖြင့် ပူးပေါင်းဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့တာဝန်ယူရသည့် နယ်မြေတွင် မောင်တော မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ပါဝင်ပြီး အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၏ ကွပ်ကဲမှုအောက်တွင်ဒေသ ၄ ခု၊ နယ်မြေ ၁၁ ခု သတ်မှတ်ထားပြီး နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၉၅ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခု၊ စုစုပေါင်း ၁၅၇ နေရာအား နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၄ ခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့သည် နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၁၂၉ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခု၊ စုစုပေါင်း ၁၉၁ နေရာအား နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၄ ခု အပြင် အမှတ်(၈)၊ အမှတ်(၁၂)နှင့် အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့ကို ထပ်မံအင်အားဖြည့်တင်းပြီး တပ်မတော်နှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့အနေဖြင့်လည်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များရှိ ရုံး၊ ရဲစခန်းများတွင် အင်အားထပ်မံဖြည့်တင်းခဲ့ပါကြောင်း၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်နှင့် ဆက်စပ်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၆ ရက်ထိ စုစုပေါင်း ၄၆၆ မှု ဖမ်းဆီးအရေးယူခဲ့ပြီး တရားရုံးစစ်ဆေးပြီး ၁၁၆ မှု၊ တရားရုံးစစ်ဆေးဆဲ ၁၄၇ မှု၊ ရဲစစ်ဆေးဆဲအမှု ၁၈၀နှင့် ပိတ်သိမ်းမှု ၂၃ မှုတို့ဖြစ်ပါကြောင်း။

ဒေသအတွင်းရှိ တိုင်းရင်းသားကျေးရွာများနှင့် အစွန်အဖျားကျေးရွာများတွင် အကြမ်းဖက်တိုက်ခိုက်မှုမခံရစေရေးအတွက် ရွာအနီးပတ်ဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြန့်ခွဲထားပြီး ချေမှုန်းရေးလက်နက်၊ ပစ်ကူလက်နက်၊ အဓိကရဏ်းလက်နက်များ မျှတစွာခွဲဝေထားသည့်အပြင် စခန်းတစ်ခုနှင့်တစ်ခု စက်ကူ၊ ပစ်ကူအပြန်အလှန်ပေးနိုင်ရေး စီမံဆောင်ရွက်ထားပြီး အကြမ်းဖက်သမားများ၏ သတင်းရရှိမှုအပေါ်မူတည်၍ နယ်မြေရှင်းလင်းဆောင်ရွက်ရာတွင် နီးစပ်ရာတိုင်းရင်းသားကျေးရွာများသို့ ဝင်ရောက်ခိုအောင်းနိုင်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

အကြမ်းဖက်အဖွဲ့များ မသင်္ကာဖွယ်အခြေအနေတွေ့ရှိပါက ကြိုတင်လက်ဦးမှုရယူကာ အသင့်ပစ်ခတ်ရှင်းလင်းရေး၊ တိုင်းရင်းသားကျေးရွာများ အကြမ်းဖက်မခံရစေရေးအတွက် လုံခြုံရေးရဲကင်းများချထားလျက်ရှိသော်လည်း အချို့ရဲကင်းမရှိသော ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ စဉ်ဆက်မပြတ်သွားရောက်၍ အလှည့်ကျစနစ်ဖြင့် လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံတိုင်းရင်းသားများ ဘဝလုံခြုံမှုရှိစေရေးအတွက် လုံလောက်သောအင်အားဖြင့် လုံခြုံရေးဆောင်ရွက်ခြင်းနှင့် သတင်းပေးတိုင်ချက်များရှိလာပါက တာဝန်ကျေသဘောမျိုးမဟုတ်ဘဲ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း မောင်တောခရိုင်အတွင်း နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသည်ကို အခွင့်ကောင်းယူကာ အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်လုပ်ရပ်များကို ပိုမိုလုပ်ဆောင်လာသည့်အတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဖြစ်ကြောင်း၊ အပြစ်မဲ့အရပ်သားပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစွန်းရောက်အကြမ်းဖက်သမားများနှင့် အားပေးကူညီသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုအားမှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန် ဆုံးဖြတ်ခဲ့သည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) နှစ် (၇၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# အလင်းဆောင်သည့် စာပေဗိမာန်၊ သဘင်မြောက်သည့် နှစ် ၇၀ ခရီး

**ညွှန့်ဟံ(ကြူတော)**

ရွေ့လျားပြောင်းလဲနေသောအချိန်၌ ကာလကို အမျိုးမျိုးသတ်မှတ်ကြရာတွင် ဆယ်စု၊ ရာစု၊ ထောင်စု စသည်ဖြင့် တွေ့နိုင်ပါ၏။ နှစ် ၇၀ ခရီးသည် ဆယ်စုနှစ်ခုနစ်စုဖြစ်ပြီး မျိုးဆက်သုံးဆက်ခွဲဟုဆိုရန်ရှိပေသည်။ ယေဘုယျအားဖြင့် မျိုးဆက်တစ်ဆက်ကို နှစ်နှစ်ဆယ်ဟု သတ်မှတ်လေ့ရှိသည်။

အချိန်ကာလနှင့်တိုင်းတာကြည့်ပါက လွန်ခဲ့သည့် နှစ် ၇၀၊ ၁၉၄၇ ခုနှစ်ဖြစ်ရပ်များသည် နှစ် ၇၀ အတွေ့အကြုံဖြစ်လေသည်။ ထိုစဉ်က မြန်မာနိုင်ငံ အခြေအနေသည် လွတ်လပ်ရေးအကြိုကာလဖြစ်ပြီး ထိုစဉ်က အမျိုးသားရေးအတွက် ကြိုးပမ်းအားထုတ်ချိန်ဖြစ်သည်။ ကောက်ကာငင်ကာပြောရပါက လွတ်လပ်ရေးအတွက် အောင်ဆန်း- အက်တလီစာချုပ် ချုပ်ဆိုခြင်း၊ ပင်လုံစာချုပ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ခြင်း စသည့်ဂန္ထဝင်မြောက်သမိုင်းဝင်ဖြစ်ရပ်များကို တွေ့နိုင်သည်။

မြန်မာပြည်ကြီးလွတ်လပ်ရေးရပြီးပါက တိုင်းပြည်၏ အနာဂတ်စီးပွားရေးစနစ်ကို မည်သို့ဖော်ဆောင်ရမည်ဆိုသည့်စီမံကိန်းကို ယင်းနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည်။ ယင်းစီမံကိန်းကို "ဆိုရှယ်လစ်စီမံကိန်း"ဟု လူသိများပါ၏။ ထိုစဉ်က ဆိုရှယ်လစ်စီမံကိန်းရေးဆွဲခဲ့သော အဆောက်အအုံသည် ဩဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း ဖြစ်လာသည်။ ကမ္ဘာ့အမြင်ကို မြန်မာ့မျက်စိဖြင့် ထင်ရှားပေါ်လွင်အောင် အားထုတ်ခဲ့ကြသည့် အားထုတ်မှုဖြစ်။ နိုင်ငံ၏အနာဂတ်အတွက် မြော်မြင်မှုလည်းဖြစ်သည်။ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးလျက် အသိဉာဏ်ဖွံ့ဖြိုးစေဖို့ ခမ်းနားသည့်အစီအမံကို ဆောင်ကြဉ်းမှုလည်းဖြစ်သည်။ တကယ်တမ်းဆိုရလျှင် ကိုလိုနီခေတ်တွင် မြန်မာများကို မျက်စိဖွင့်နားဖွင့်ဖြစ်စေရာ၌ ကိုယ့်လမ်းကိုယ်ဖောက်ကြရခြင်းဖြစ်သည်။ ထိုစဉ်က အုပ်ချုပ်သူများ၊ ပညာရှင်များ၏ လုံ့လအား၊ စေတနာအားလည်းဖြစ်သည်။

အနှောင်းသေချာဖို့ အစပျိုးကောင်းခဲ့သည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (Burma Translation Society) သည် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် စနစ်ကျခဲ့သည်။ အသင်းတည်ထောင်ဖွဲ့စည်းမှု စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်နိုင်ခဲ့သည်။ ထိုစဉ်က နိုင်ငံတာဝန်ရှိသူများ၊ တက္ကသိုလ်မှ ပညာရှင်များ၊ ပြင်ပစာပေပညာရှင်များ၏ အကြံကောင်းဉာဏ်ကောင်း စုစည်းမှုအင်အားကို တွေ့ရသည်။ **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"**ဟူသော ဆောင်ပုဒ်သည် မြန်မာပြည်သူတို့ကို ရှေ့ဆောင်လမ်းညွှန်မှုပေးခဲ့သည်။ ခေတ်အလျောက် လှုံ့ဆော်မှု၊ ဂီတတေးသံကို ရေဒီယိုမှတစ်ဆင့် စာရေးသူငယ်စဉ်ကပင် နားရည်ဝခဲ့သည်။ မူလတန်းကျောင်းသားဘဝတွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းက ထုတ်ဝေသော "သတ္တိဗလ၊ အမြိုက်ရေစင်၊ အလီဘာဘာနှင့် ခိုးသားလေးဆယ်" စသည့်စာအုပ်များကို တွေ့ဖူးမြင်ဖူးသည်။ ယင်းစာအုပ်များထဲက သိမှတ်ဖွယ်ဆင်ခြင်ဖွယ်များ၊ ပုံပြင်များကို ဆရာများက သင်ကြားပေးသည်။ စာပေအကြောင်းအရာတွေ အရေးအသားတွေကို ကောင်းစွာနားမလည်ခဲ့သော်လည်းအသင်းကြီးကို ရင်းနှီးပြီးဖြစ်သည်။

နောင်အခါတွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းမှ စာပေဗိမာန်အမည်အရည်ပြောင်းလဲလာကြောင်း သိရသည်။ မြို့ပြနှင့် ဝေးကွာသောဒေသတွင် မွေးဖွားသည့်စာရေးသူသည် နောင်အခါတွင် ယင်းအဖွဲ့အစည်း၌ တာဝန်ထမ်းဆောင်ခွင့်ရမည်ဟု မထင်မှတ်ခဲ့။ သို့သော် စာပေဝါသနာကို အကြောင်းပြု၍ စာပေဗိမာန်သို့ စာတည်းတာဝန်ထမ်းဆောင်ခွင့်ရခဲ့ပေသည်။ နီးနီးကပ်ကပ်လည်းရှိခဲ့သည်။ တစ်ချိန်က စာပေဗိမာန်ကထုတ်ဝေသော အိတ်ဆောင်စာအုပ်တွေ၊ ပြည်သူ့လက်စွဲစာစဉ်တွေ၊ မြန်မာ့စွယ်စုံကျမ်းတွေ၊ ဝေါဟာရဘဏ်တွေ၊ စာပေဗိမာန်မဂ္ဂဇင်းတွေကို ယခင်က ဝါသနာအလျောက်ဖတ်ခဲ့ရာက ယခုတော့ စာပေဗိမာန်က စဉ်ဆက်မပြတ်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်၊ သုတပဒေသာစာစောင်၊ ရွှေသွေးဂျာနယ်၊ ပြည်သူ့လက်စွဲစာစဉ်တို့တွင် ကိုယ်တိုင်ပါဝင် လာရသည်။ ပြီးတော့ စာတမ်းဖတ်ပွဲတွေ ၊ စာအုပ်အသင်းလုပ်ငန်း၊ စာကြည့်တိုက်လုပ်ငန်းများတွင် ယှက်နွယ်ပေါင်းစပ်ရပေသည်။

လက်လှမ်းမီသမျှတင်ပြရပါက တစ်ချိန်က စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့သည် သီးခြားဖြစ်ခဲ့ပြီး နောင်တွင် ဥပဒေပြဋ္ဌာန်းခဲ့သည်။ များမကြာမီက ဖျက်သိမ်းခဲ့လေသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ လက်အောက်ဖြစ်လာသည်။ ပကတိအနေအထားကို တင်ပြရပါက စာပေဗိမာန်သည် ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုးကို ကြုံခဲ့ရသည်။ ကိုလိုနီလက်အောက်ခံဘဝ၊ လွတ်လပ်ရေးအကြိုခရီးတွင်သန္ဓေတည်ခဲ့ပြီး ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခေတ်တို့ကို ဖြတ်သန်းခဲ့ရသည်။


မည်သို့ပင်ဖြစ်စေ မြန်မာစာပေလောကဖွံ့ဖြိုးရေးနှင့် အကျိုးပြုစာပေထုတ်ဝေရေးအတွက် ကိုယ်ပိုင်ဟန်ဖြင့် တည်တည်တံ့တံ့ရပ်တည်ခဲ့သည်။ အသင်းအဖွဲ့ခေတ်ဦးကပင် ခေတ်မီအော့ဖ်ဆက်ပုံနှိပ်လုပ်ငန်းစတင်ခဲ့သည်။ စာအုပ်ထုတ်ဝေရေးလောကတွင် စက်တင်ဟန် (House Style) ကို ခံ့ခံ့ထည်ထည် သုံးစွဲခဲ့ပေသည်။ စာပေဗိမာန်က တည်တံ့စွာထွက်ပေါ်လာသော စာမွန်များ၏ ကျေးဇူးကား မြန်မာစာပေလောကနှင့် ပြည်သူလူထုအတွက် ကျေးဇူးကြီးမားလှပေသည်။ ရည်ရွယ်ချက်ကောင်းသည်နှင့်အမျှ စေတနာမှန် လုပ်ငန်းမှန် ဝန်းရံမှုကောင်းသော စာပေဗိမာန်သည် ပင်ကိုလည်းလှ မျိုးစေ့လည်းကောင်းခဲ့သည်။ လွတ်လပ်ရေးအကြိုခရီးအတွက် လှုံ့ဆော်သည့် **"တို့ဗမာသီချင်း"**ကို ဝိုင်အမ်ဘီဆရာတင်ရေးသားခဲ့သည်။ ယင်းသီချင်းတွင် **"မိုးအောက်မြေပြင်"**ဆိုသည့် စကားရပ်ပါဝင်သည်။ ယင်းစာသားခေါင်းစီးဖြင့် ပထမဆုံး စာပေဗိမာန်ဆုကို စာရေးဆရာမင်းအောင်ကရခဲ့သည်။ စာပေဆု၊ စာမူဆုများ၏ ရှေးဦးအစ တီထွင်မှုများတွင် စာပေဗိမာန်က ပါဝင်သကဲ့သို့ အရှည်ကြာဆုံး၊ အခိုင်မာဆုံးတာဝန်ကို ခေတ်ဦးစာပေဗိမာန်က ယခုအချိန်အထိ ကျေပွန်စွာထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲဖြစ်သည်။

ကလေးစာပေ၊ လူငယ်လူလတ်အကျိုးပြုစာပေ၊ ရည်ညွှန်းစာပေ၊ ဂန္ထဝင်စာပေများကို နှစ် ၇၀ ကာလအတွင်း အရည်အသွေးရော၊ အရေအတွက်ပါ အင်အားကောင်းစွာထုတ်ဝေဖြန့်ချိခဲ့၏။ အပျော်ဖတ် အရပ်ကြိုက်မဟုတ် ဂန္ထဝင်စာစု၊ ခေတ်ပေါ်စာပေ၊ လူထုအတွက် သိပ္ပံစာပေတွေ အမျိုးအစားစုံလင်ကြောင်း နောက်ကြောင်းပြန်ခံစားသိရှိနိုင်ပြီး ယင်းစာပေများကြောင့် လူတစ်လုံး၊ သူတစ်လုံးဖြစ်ကာ လောကအလယ်တင့်တယ်သူတွေများပါ၏။

အဆင့်အတန်းရှိစာပေထုတ်ဝေရာတွင် ပညာရှင်များ၊ သုခမိန်ကြီးများ၏ အကြံကောင်း၊ ဉာဏ်ကောင်းများရယူနိုင်ခြင်းက ထူးခြား၏။ တစ်ဦးခေါင်း တစ်ပညာဆိုသလို အရှိန်ကောင်းပေသည်။ မှတ်မိသမျှတင်ပြရပါက စာအုပ်ထုတ်ဝေရာတွင် ဘာသာရပ်ကျွမ်းကျင်သူပညာရှင်များကို ပြုစုစေခြင်း၊ Book Idea ပေးကာ ရေးသားစေခြင်း၊ စာပေသမားများတင်ပြလာသည့် စာမူများကို ရွေးချယ်ထုတ်ဝေခြင်းတို့ကြောင့် အကြောင်းအရာနှင့် ဘာသာရပ်၊ သုတရသစုံလင်မှုကို တွေ့ရသည်။ စာတမ်းဖတ်ကြားရာတွင်လည်း အသေအချာပြုစုသော ပညာရှင်တို့၏စာမူကို သဘာပတိအဖွဲ့ကစိစစ်ပြီး အတည်ပြုခဲ့ရာ ထုတ်ဝေပြီးသမျှ စာတမ်းများအားလုံးသည် နည်းမှီးစရာချည်းဖြစ်၏။ သာမန်အတွေးအခေါ် အရေးအသားများမဟုတ်ကြောင်း ထင်ရှားလေသည်။

ထူးခြားစွာဂုဏ်ယူရသည့် အချက်ရှိပါသေး၏။ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်သည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ပြည်သူ့စာကြည့်တိုက်ဖြစ်လေသည်။ ယခုအခါ ပေါ်ထွက်လာသော ပြည်သူ့စာကြည့်တိုက်များသည် စာပေဗိမာန်၏နည်းဖြစ်လေသည်။ စာကြည့်တိုက်ကို နေ့စဉ်၊ လစဉ်၊ နှစ်စဉ်အသုံးပြုမှုကများလှ၏။ အသိဉာဏ်တွေဖွံ့ဖြိုး ဗဟုသုတတွေရကာ ရသစာပေခံစားမှုကိုပါ ရည်သန်ထားသည့်အလျောက် အခိုင်မာဆုံးလုပ်ငန်းဟု ဆိုချင်၏။

ထူးခြားသည့် စာပေဝန်ဆောင်မှုလုပ်ငန်းရှိသေး၏။ Book Club ဟု ဆိုအပ်သည့် စာအုပ်အသင်းဖြစ်၏။ ငွေကြေးအကျိုးအမြတ်ကို မမျှော်ကိုးဘဲ Social Investment လူမှုအကျိုးအမြတ်အတွက် ဖွဲ့စည်းခြင်းဖြစ်လေသည်။ စာဖတ်ဝါသနာပျိုးထောင်ခြင်းနှင့် စာပေဖတ်ခွင့်ဖန်တီးမှုဖြစ်၏။ သက်တမ်းရှည် လုပ်ငန်းဖြစ်ပါ၏။ ကျွန်တော်သည် စာပေဗိမာန်သို့ တာဝန်မထမ်းဆောင်မီကပင် စာအုပ်အသင်းကိုအားကိုးရင်း စာပေဝါသနာနှင့် ရေးသားမှုယဉ်ပါးခြင်း ဖြစ်လေသည်။ ယင်းသို့ အသိအမှတ်ပြုရသူတွေ ဒုနှင့်ဒေးဖြစ်ရပါ၏။




စံနှုန်းမီ ဂုဏ်ရည်ကောင်းကြိုးပမ်းမှု အထူးအစဉ်တစ်ရပ် ရှိပါသေး၏။ စာပေဗိမာန်စာမူဆု ချီးမြှင့်ခြင်းဖြစ်၏။ စာပေဆုသမိုင်းတွင် သက်တမ်းရှည်တည်တံ့မှုကို ညွှန်းဆိုပေသည်။ မူလရည်ရွယ်ချက်က မွန်မြတ်လှ၏။ အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်းမပြုနိုင်သည့် ကောင်းမွန်ပြောင်မြောက်သည့် စာမူများကို စာအုပ်အဖြစ်ထွက်ပေါ်လာစေရန်နှင့် ယင်းသို့ထွက်ပေါ်လာသော စာအုပ်များကို အမျိုးသားစာပေဆုအဖြစ် စဉ်းစားနိုင်ရန် ရည်ရွယ်ကြောင်း ဖော်ပြထားသည်။ လက်တွေ့လည်းကျ အကျိုးလည်းပွားသည့် အနေအထားရှုမြင်ရပါ၏။ မူလရည်ရွယ်ချက်အောင်မြင်ပေါက်မြောက်ပေသည်။ စာမူဆုရသူများ၊ စာပေဆုရသူများ အင်အားထုထည်ကြီးမားနေပေပြီ။ စာပေလောကတွင် ထင်ရှားစွာ အကျိုးပြုနိုင် လုပ်ငန်းနယ်ပယ်ထူထောင် အောင်မြင်သူတွေ များပြားလျက်ရှိသည်မှာ ဒိဋ္ဌဓမ္မအခြေအနေဖြစ်လေသည်။

အနုပညာနှင့်အတတ်ပညာကိုပေါင်းစပ်လျက် စာပေမျိုးဆက်နှင့် ပရိသတ်မျိုးဆက်ကို ပေါင်းကူးဆက်သွယ်ပေးသည့် စာပေဗိမာန်သည် နှစ် ၇၀ ခရီးကို အောင်မြင်စွာ ဖြတ်သန်းခဲ့လေပြီ။ ချောမွေ့သော ပန်းခင်းလမ်းချည်းမဟုတ်၊ သမားရိုးကျချည်းမဖြစ် ဆူးခင်းလမ်းတွေကြုံခဲ့ရ၏။ စနစ်တွေခေတ်တွေ အပြောင်းအလဲများအကြား နိုင်ငံ့ဝန်ကို စွမ်းရည်ပြဆောင်ကြဉ်းရာ၌ သန္နိဋ္ဌာန်ကောင်းကို စွဲကိုင်ခြင်းဖြစ်လေသည်။

လောကကြီး၌ လူသားသည် အသိဉာဏ်ရှိပြီး အသိဉာဏ်ကို အသုံးချတတ်ဆုံးဟု ခံယူထားပြီးဖြစ်၏။ လက်တွေ့လည်းကျ၏။ စာပေသည်ကြီးမားသော အထောက်အပံ့ဖြစ်စေသည်။ ထိုတာဝန်ကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းမှ သန္ဓေတည်ခဲ့သော စာပေဗိမာန်သည် Palace of Literature ဆိုသကဲ့သို့ မြင့်မြတ်လှပေသည်။ ဖြတ်သန်းခဲ့သမျှ ဆယ်စုနှစ်ခုနစ်ခုခရီးတွင် ပညာရှင်အမျိုးမျိုး၊ တည်းဖြတ်သုတ်သင်သူအမျိုးမျိုး၊ ငွေကြေးနှင့်စီမံခန့်ခွဲသူ၊ ရောင်းဝယ်ဖောက်ကားမှု၊ ထုတ်ဝေဖြန့်ချိမှု မျိုးဆက်တွေအရေအတွက်သာမက အရည်အချင်း ပိုအင်အားကောင်းသည်ဟု ယုံကြည်ပေသည်။ ရှေ့အဖို့တွင်လည်း လက်ဆင့်ကမ်းမျိုးဆက်ကို တာဝန်ကျေကြရဦးမည် ဖြစ်ပါ၏။

အတွေ့အကြုံတွေ သင်ခန်းစာတွေ ကြီးမားပေသော စာပေဗိမာန်သည် ပစ္စုပ္ပန်နှင့် အနာဂတ်အဖို့ လျှောက်ရမည့်လမ်းကို အသင့်ရှာဖွေနိုင်ပြီဟု ယူဆပါသည်။ အမည်နာမဂုဏ်တင့်လှသည့် စာပေဗိမာန်၏ နှစ် ၇၀ ခရီး သဘင်မြောက်သည့်ပွဲ Ceremony သည် ဩဂုတ်လ ၂၆ ရက်နေ့တွင် ခမ်းနားစွာကျင်းပရန်ရှိပေသည်။ သဘင်ပွဲဆင်နွှဲမှုနှင့်အတူ စာပေဗိမာန်အဖွဲ့သားအဟောင်း၊ အသစ်တို့၏ ဆုံစည်းမှု၊ စာအုပ်ပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်၊ စာပေဟောပြောပွဲတွေ အစီအစဉ်များဖြင့် ဝေဆာလှပစွာ ဆင်နွှဲမည်ဖြစ်ပါ၏။

အချိန်သင့် အခါကောင်း ကျက်သရေရှိ သမိုင်းဝင် ဂန္ထဝင်မြောက် သိုက်မြိုက်ဝေဆာ လေးနက်စွာကျင်းပမှုကို ဂုဏ်ပြုကြိုဆိုနှစ်လိုစွာ တင်ပြလိုက်ရပေသည်။

**အနုပညာနှင့်အတတ်ပညာကိုပေါင်းစပ်လျက် စာပေမျိုးဆက်နှင့် ပရိသတ်မျိုးဆက်ကို ပေါင်းကူးဆက်သွယ်ပေးသည့် စာပေဗိမာန်သည် နှစ် ၇၀ ခရီးကို အောင်မြင်စွာ ဖြတ်သန်းခဲ့လေပြီ။ ချောမွေ့သော ပန်းခင်းလမ်းချည်းမဟုတ်၊ သမားရိုးကျချည်းမဖြစ် ဆူးခင်းလမ်းတွေကြုံခဲ့ရ၏**

## စာပေဗိမာန် နှစ် ၇၀ ပြည့် အထိမ်းအမှတ် မှတ်တမ်းစာအုပ်များ စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူနိုင်

**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ပညာမျက်စိကို ဖွင့်လှစ်ပေးရန်ရည်ရွယ်၍ ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော **"မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း" (Burma Translation Society)** သည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ ရက်၌ နှစ် ၇၀ ပြည့်မြောက်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို နောင်တွင် မြန်မာဆန်ဆန် "စာပေဗိမာန်" ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ စာပေဗိမာန်သည် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၏ ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်စေသည့် **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"** **Light, where Darkness was** ဆောင်ပုဒ်နှင့် အသင်းအမှတ်တံဆိပ်တို့ကို ဆက်ခံရုံမျှမက အသင်း၏ ရည်ရွယ်ချက်နှင့်အညီ ဘာသာပြန်စာပေဖွံ့ဖြိုးရေး၊ မြန်မာစာပေဖွံ့ဖြိုးရေးတို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

စာပေဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အစဉ်အလာကောင်းများဖြင့် ပြည့်လျှမ်းနေသော မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း(စာပေဗိမာန်) နှစ် ၇၀ ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲကို အမှတ်၊ ၅၂၉-၅၃၁ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် အဆောက်အအုံတွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)နှင့် ဆရာကြီး ညွှန့်ဟံ(ကြူတော)တို့က စာပေရေးရာများ ဟောပြောမည်ဖြစ်၍ စာပေမြတ်နိုးကြသူများ ကြွရောက်အားပေးကြပါရန် ဖိတ်ကြားထားသည်။

စာပေဗိမာန် နှစ် ၇၀ ပြည့် အထိမ်းအမှတ် မှတ်တမ်းစာအုပ်များကိုလည်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ ပျောက်ဆုံးနေသော ဥပဒေအကြောင်းအရာနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ထုတ်ပြန်ကြေညာချက်အမှတ် (၁ / ၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)**
**ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ ပျောက်ဆုံးနေသော ဥပဒေအကြောင်းအရာနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်**

၁။ ပွင့်လင်းမြန်မာ့ရှေ့ဆောင် (Open Myanmar Initiative-OMI) သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လထုတ် လွှတ်တော်ရေးရာသုတေသနစာစဉ်အမှတ် (၃) စာမျက်နှာ ၁၇ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး **"ပျောက်ဆုံးနေသောဥပဒေ"** ခေါင်းစဉ်ဖြင့် ပုံနှိပ်ဖြန့်ချီခြင်း၊ ၃-၈-၂၀၁၇ ရက်တွင် သတင်းမီဒီယာများအားဖိတ်ကြား၍ သုတေသနစာတမ်းမိတ်ဆက်ပွဲပြုလုပ်ရှင်းလင်းခြင်း၊ MNTV နှင့် The Speaker ဂျာနယ်တို့တွင် ထုတ်လွှင့်ဖော်ပြခြင်း၊ ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ လူမှုကွန်ရက်အင်တာနက်စာမျက်နှာ Facebook Page တွင် ထပ်မံဖော်ပြခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ယင်းဥပဒေကြမ်းတွင် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၁ တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်"** ဟူသော ပြင်ဆင်ချက်တစ်ပိုဒ်သာပါရှိပြီး နိုင်ငံတော်သမ္မတ၏ **"ပါတီဟူသောစကားရပ်ကို ချန်လှပ်ရန် မသင့်ကြောင်း"** သဘောထားမှတ်ချက်အတိုင်း ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုဆုံးဖြတ်ခဲ့မှုအရ ဥပဒေအဖြစ် ထုတ်ပြန်ရန်မလိုခဲ့သည့် ဥပဒေကြမ်းတစ်ခုဖြစ်ပါသည်။

၃။ သို့သော် ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် အဆိုပါဥပဒေကြမ်းအတွက် ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ဂဃနဏ သိရှိအောင် လေ့လာဆန်းစစ်ခြင်းမပြုဘဲ အထက်အပိုဒ် ၁ ပါအတိုင်း ပြုမူဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေပြုရေး တာဝန်ထမ်းဆောင်နေသည့် လွှတ်တော်အသီးသီးအပေါ် မထီမဲ့မြင်ပြုရာရောက်သည့်အပြင် ပြည်သူများကလည်း အမှန်ကိုမသိရှိဘဲ လွှတ်တော်များအပေါ် ယုံကြည်မှုကိုထိခိုက်စေနိုင်ကြောင်း သုံးသပ်ရပါသည်။

၄။ သို့ဖြစ်၍ ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် သတင်းစာရှင်းလင်းပွဲ ပြန်လည်ပြုလုပ်၍ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး မှားယွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့မှားယွင်းခဲ့မှုအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ တောင်းပန်စာပေးပို့မည်ဖြစ်ကြောင်း ရှင်းလင်းထုတ်ပြန်ပေးရန်နှင့် ၇ ရက်အတွင်း ရှင်းလင်းဆောင်ရွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပွင့်လင်းမြန်မာ့ရှေ့ဆောင်သို့ အကြောင်းကြားထားကြောင်း ထုတ်ပြန်အပ်ပါသည်။

**အမိန့်အရ**

**(ပုံ) ကျော်စိုး**
**ညွှန်ကြားရေးမှူးချုပ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံအတွက် (H1N1) ကာကွယ်ဆေးနှင့် ဆက်စပ်ဆေးကိရိယာများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံအတွက် (H1N1) ကာကွယ်ဆေးနှင့် ဆက်စပ်ဆေးကိရိယာများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမ၌ ကျင်းပသည်။

**လက်မှတ်ရေးထိုးပြီး လွှဲပြောင်း**

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းသည့် ကာကွယ်ဆေးများ၊ ရောဂါကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူအားကူကိရိယာများစသည့် (H1N1) ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်းကျော်ခန့်အား ထောက်ပံ့လှူဒါန်းခြင်းကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့ လက်မှတ်ရေးထိုးပြီး လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကောင်စစ်ဝန် Mr. Xia Guanxiang၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**အထူးလေယာဉ်ဖြင့်ရောက်ရှိ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် (H1N1) ကာကွယ်ဆေးနှင့် ဆက်စပ်ဆေးကိရိယာများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ နံနက် ၉ နာရီ ၇ မိနစ်တွင် စင်းလုံးငှား အထူးလေယာဉ်ဖြင့်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ပန်းတောင်း၌ ဒုတိယအကြိမ် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကျောင်း ၁၂ ကျောင်း ယာယီပိတ်

**ပန်းတောင်း ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်မြင့်တက်မှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၂ ကျောင်းအား ဩဂုတ် ၂၄ ရက်မှစတင်၍ပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပန်းတောင်းမြို့တွင် ဒုတိယအကြိမ် ဧရာဝတီမြစ်ရေ အတက်ကြမ်းမှုကြောင့် ပန်းတောင်းမြို့ပေါ် မြေနိမ့်ရပ်ကွက်အချို့ ရေများဝင်ရောက်လျက်ရှိရာ မြို့နယ်ရေဘေးကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးကော်မတီမှ မြစ်ကမ်းနံဘေးတစ်လျှောက်နေထိုင်သူများနှင့် မြေနိမ့်ရေဝင်နေသည့် ဒေသခံပြည်သူများအား ပညာပေးခြင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများပြုလုပ်ထားခြင်းဖြင့် မြစ်ရေတက်မှုအခြေအနေများအား စောင့်ကြည့်လျက်ရှိသည်။

အဆိုပါမြစ်ရေအတက်ကြမ်းမှုကြောင့် ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းသုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)တစ်ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၁၂ ကျောင်း ယာယီပိတ်ထားရပြီး သင်ရိုးညွှန်းတမ်းများပြည့်မီစေရန်အတွက် တနင်္ဂနွေကျောင်းပိတ်ရက်များတွင် အစားထိုးသင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# နဂျပ်ချောင်းရေ ရုတ်တရက်တိုးဝင်မှုကြောင့် ဒေသခံများအလျင်အမြန်ရွှေ့ပြောင်းခဲ့ရ

**ရေတာရှည် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း ကရင်ပြည်နယ်တောင်တန်းများနှင့်ထိစပ်လျက်ရှိသည့် နဂျပ်ကျေးရွာနှစ်ရွာမှာ ဩဂုတ် ၂၃ ရက် ညပိုင်းက အဆက်မပြတ်ရွာသွန်းခဲ့သည့်မိုးကြောင့် နံနက် ၁ နာရီခွဲခန့်တွင် နဂျပ်ချောင်းရေများ အဆက်မပြတ်တိုးဝင်လာခဲ့ရာ အထက်နဂျပ်ကျေးရွာတွင် လူနေအိမ်ခုနစ်လုံး၊ အောက်နဂျပ်ကျေးရွာတွင် လူနေအိမ်ငါးလုံး ရေဝင်နစ်မြုပ်ခဲ့ပြီး ဒေသခံများမှာ ရေလွတ်သည့်နေရာများသို့ ညတွင်းချင်းရွှေ့ပြောင်းခဲ့ကြရကြောင်း နဂျပ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန့်ဇော်က ပြောသည်။

ရေလျှံမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့သော်လည်း ခရိုင်ချင်းဆက်လမ်းရှိ သစ်သားတံတားထိပ်တွင် ရေတိုက်စားခဲ့သဖြင့် မြေကြီးများ ကျွံကျပျက်စီးသွားခဲ့သည့်အတွက် ကျောင်းသား ကျောင်းသူများသွားလာရေး အခက်အခဲမရှိစေရန်အတွက် ဒေသခံရွာသားများစုပေါင်း၍ ဝိုင်းဝန်းမြေဖို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**မြစ်ရေကြီးမှု အခြေအနေ**

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေ၀က်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့များတွင် တစ်ပေခွဲခန့်စီ ဆက်လက်မြင့်တက်လာနိုင်ကာ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ **(မိုး/ဇလ)**

# အကြမ်းဖက်သင်တန်းတက်ရောက်ပြီးသူများရှိကြောင်းသတင်းအရ နယ်မြေစိုးမိုးရေးလုပ်ငန်းဆောင်ရွက် အကြမ်းဖက်မှုများတွင် ပါဝင်သည်ဟုယူဆရသည့် မသင်္ကာသူများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာနှင့် မောင်တောမြို့နယ် ဇူလကျေးရွာတို့၌ သတင်းအရ ဝင်ရောက်စစ်ဆေးရာ တုတ်၊ ဓား၊ လှံကိုင် ရွာသားများက အင်အားပြဟန့်တားပြီး အကြမ်းဖက်သမားများက တိုက်ခိုက်ရန် ကြိုးစားခဲ့ရာ ဟန့်တားပစ်ခတ်ခဲ့ရပြီး အကြမ်းဖက်မှုများနှင့်ဆက်စပ်သည့် မသင်္ကာသူများဖမ်းဆီးရမိကာ ပြန်လည်တိုက်ခိုက်ရန်ကြိုးစားသည့် အကြမ်းဖက်သမားတစ်ဦးအား အသေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သင်တန်း တက်ရောက်ပြီးသူများနှင့် သင်တန်းတက်ရောက်ရန် လိုက်လံစည်းရုံးနေသူများ ရောက်ရှိနေကြောင်း သတင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် တပ်မတော်စစ်ကြောင်းမှ အပြင်စည်းလုံခြုံရေးလိုက်ပါလျက် ယနေ့နံနက် ၆ နာရီတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာသို့ ရောက်ရှိစစ်ဆေးစဉ် ရွာအနောက်မြောက်ဘက်မှ တုတ်၊ ဓား၊ လှံကိုင်ဆောင်ထားသူ ၂၀၀ ခန့်က စစ်ဆေးရေးအဖွဲ့အား အင်အားပြဟန့်တားခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့က ကျေးရွာအုပ်ချုပ်ရေးမှူးအား ခေါ်ယူ၍ အကြမ်းဖက်မှုနှင့် မသက်ဆိုင်သူများအား အေးချမ်းစွာ စစ်ဆေးခံရန် ပြောဆိုခဲ့ပြီး စစ်ဆေးရေးအဖွဲ့က ကျေးရွာအတွင်း ထပ်မံဝင်ရောက်ရှင်းလင်းခဲ့ရာ နံနက် ၉ နာရီတွင် ရွာတောင်ဘက်လယ်ကွင်းစပ်အနီးမှ အကြမ်းဖက်သမားတို့က တုတ်၊ ဓားကိုင်ဆောင်၍ ပြန်လည်တိုက်ခိုက်ရန် ကြိုးစားသဖြင့် ခေါင်းဆောင်ဟုယူဆရသည့် အကြမ်းဖက်သမားတစ်ဦးအား ဟန့်တားပစ်ခတ်ခဲ့ရာ ၎င်းအကြမ်းဖက်သမားအား အသေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်များအရ သေဆုံးသူမှာ ပန်းကိုင်း၊ အထက်နန်းရာ၊ အောက်နန်းရာ၊ ဘဲလရွာများ၌ တာဝန်ခံလှုပ်ရှားသည့် ARSA အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ကိုရမ်ဘန်နာလီ၏ လက်ထောက်၊ အကြမ်းဖက်သမားများ၏ စည်းရုံးရေးတာဝန်ခံနှင့် အကြမ်းဖက်သင်တန်းနည်းပြဆရာ ကာမာလူဆောင်း ဆိုသူဖြစ်ကြောင်း၊ သေဆုံးချိန်တွင် အရိုးအသွား သုံးပေခန့်၊ ဖြက် နှစ်လက်မခွဲခန့်ရှိ ဓားရှည်ကိုင်ဆောင်ထားကြောင်း၊ အဆိုပါကျေးရွာအတွင်း ထပ်မံစစ်ဆေးဖော်ထုတ်စဉ် အကြမ်းဖက်သင်တန်းတက်ရောက်ပြီးသူနှင့် အကြမ်းဖက်လုပ်ငန်းအတွက် စည်းရုံးနေသူ မသင်္ကာဖွယ် ၂၇ ဦးအား ဖမ်းဆီးရမိခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ဇူလကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူးအား အကြမ်းဖက်သတ်ဖြတ်ရာတွင် ပါဝင်ပတ်သက်သည့်သူများအား ဖမ်းဆီးရမိရေးအတွက် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ဇူလကျေးရွာနှင့် ရွှေဇား(စေတီပြင်) ကျေးရွာများအတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်ခဲ့ရာ ဇူလကျေးရွာ၌ ရာဇဝတ်ရွာသား ဟာမစ်ဟူစွန်ပါ ၁၆ ဦးနှင့် ရွှေဇားကျေးရွာ၌ ခေါ်ရီတူလာ ရွာသား မာမွတ်အဏ္ဏဝါ ပါခြောက်ဦး၊ စုစုပေါင်း ၂၂ ဦးတို့အား မသင်္ကာသဖြင့် ပြင်ဖြူနယ်မြေစခန်း၌ ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၃ ရက် ညပိုင်းတွင် ရသေ့တောင်မြို့နယ် အထက်နန်းရာအုပ်စု ပန်းကိုင်းကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သည့် ကွင်းဆက်တရားခံ ပန်းကိုင်းကျေးရွာနေ ဆန်နော့၊ ဆူလ်တန်နှင့် မာမောက်တူဆောင်းတို့ သုံးဦးအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ အခြားအကြမ်းဖက်မှုများတွင် ပါဝင်သည်ဟုယူဆရသည့် မသင်္ကာတရားခံ ၃၄ ဦးအား ဖမ်းဆီးရမိပြီး စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# မြန်မာလေးယောက်တွဲပိုက်ကျော်ခြင်းအသင်း ဗိုလ်လုပွဲတက်ရောက်

**ကွာလာလမ်ပူ ဩဂုတ် ၂၄**

ဆီးဂိမ်း ပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲအမျိုးသမီးပွဲစဉ် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကွာလာလမ်ပူမြို့ရှိ တီတီဝမ်ဆာကွင်း၌ ကျင်းပရာ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ပွဲပြတ်၊ ထိုင်းအသင်းက အိမ်ရှင်မလေးရှားအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို အသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ၂၁-၁၅ မှတ်၊ ၂၁-၁၆ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒုတိယပွဲငယ်တွင် အင်ဒိုနီးရှားအသင်းက ၉-၅ မှတ်အထိ ဦးဆောင်နိုင်ခဲ့သော်လည်း မြန်မာအသင်းက နောက်မှလိုက်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းတို့၏ ဗိုလ်လုပွဲကို ဩဂုတ် ၂၅ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

# မြန်မာသေနတ်ပစ်အဖွဲ့ ရွှေတံဆိပ်ဆွတ်ခူး

**ကွာလာလမ်ပူ ဩဂုတ် ၂၄**

ဆီးဂိမ်းသေနတ်ပစ်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာသေနတ်ပစ်အဖွဲ့က ရွှေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာသေနတ်ပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသမီး ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲ၌ မေပိုးဝါက ရယူနိုင်ခဲ့ပြီး ဗီယက်နမ်က ငွေတံဆိပ်၊ မလေးရှားက ကြေးတံဆိပ်ရရှိခဲ့သည်။ ကြေးတံဆိပ်ဆုကို အမျိုးသား မီတာ ၅၀ ရိုင်ဖယ်ပြိုင်ပွဲ၌ ကောင်းထိုက်က ရရှိခဲ့သည်။ မြန်မာသေနတ်ပစ်အဖွဲ့သည် ယနေ့ပွဲအပြီးထိ ရွှေတစ်ခု၊ ကြေးနှစ်ခု ရရှိထားသည်။ မြန်မာသေနတ်ပစ်အဖွဲ့အတွက် ကြေးတစ်ခုကို မီတာ ၅၀ ပစ္စတိုပြိုင်ပွဲ၌ ကျော်စွာဝင်းက ရယူပေးခဲ့သည်။ မြန်မာသေနတ်ပစ်အဖွဲ့သည် ဩဂုတ် ၂၆ ရက်အထိ ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ဩဂုတ် ၂၄ ရက်အထိ ရွှေငါးခုသာရရှိထားပြီး ခြင်းလုံးနှင့် ဝူရှူးအဖွဲ့က နှစ်ခုစီ၊ သေနတ်ပစ်အဖွဲ့က တစ်ခုတို့ရရှိထားသည်။



**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)**

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုအခြေအနေ (၂၄-၈-၂၀၁၇) အထိ

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၆၃ | ၄၅ | ၃၈ | ၁၄၆ |
| ၂ | ဗီယက်နမ် | ၃၇ | ၂၅ | ၃၂ | ၉၄ |
| ၃ | စင်ကာပူ | ၃၄ | ၃၂ | ၃၄ | ၁၀၀ |
| ၄ | ထိုင်း | ၂၅ | ၄၄ | ၄၆ | ၁၁၅ |
| ၅ | အင်ဒိုနီးရှား | ၁၉ | ၂၄ | ၄၀ | ၈၃ |
| ၆ | ဖိလစ်ပိုင် | ၁၄ | ၁၈ | ၃၁ | ၆၃ |
| ၇ | မြန်မာ | ၅ | ၆ | ၁၁ | ၂၂ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၀ | ၆ | ၇ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၆ | ၇ |
| ၁၀ | လာအို | ၀ | ၁ | ၆ | ၇ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

# မြန်မာအားကစားအဖွဲ့များ ဆက်လက်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၄**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးသွားသည့် မြန်မာအားကစားအသင်းများဖြစ်သည့် ဘိလိယက်အားကစားသမားနှစ်ဦး၊ စနူကာကစားသမားတစ်ဦး၊ ပြေးခုန်ပစ်အားကစားသမားတစ်ဦးနှင့် Fencing အားကစားသမားလေးဦးတို့သည် ယနေ့နံနက်က လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါအားကစားအဖွဲ့တွင် ဘိလိယက်အားကစားနည်းမှ ဒုတိယ ငွေတံဆိပ်တစ်ခုရ အမျိုးသားနှစ်ယောက်တွဲ ဘိလိယက်ပြိုင်ပွဲတွင် အောင်ဌေးနှင့် မင်းစည်သူထွန်း၊ အမျိုးသားနှစ်ယောက်တွဲ စနူကာပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုရ ကိုထက်နှင့် အောင်ဖြိုး၊ အမျိုးသမီး မီတာ ၈၀၀ ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရွှေလီမြင့်က ကြေးတံဆိပ်တစ်ခုတို့ အသီးသီးရရှိခဲ့ကြသည်။

ထို့ပြင် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂျူဒို၊ တိုက်ကွမ်ဒို၊ BMX စက်ဘီး၊ ဒိုင်ဗင်အားကစားအသင်းများက အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်နိုင်ရန်အတွက် ယနေ့နံနက် ၁၁ နာရီက လေကြောင်းခရီးစဉ်ဖြင့် မလေးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြရာ ပြန်လည်ရောက်ရှိသော အားကစားအသင်းများနှင့် ပြိုင်ပွဲယှဉ်ပြိုင်ရန် ဆက်လက်ထွက်ခွာသွားသော အားကစားအသင်းများအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီးနှင့် သင်တန်းသား အားကစားမောင်/မယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြိုဆိုခဲ့ကြသည်။

**အေကေလင်း**

# 9 - Ball Pool ပြိုင်ပွဲ၌ မြန်မာအသင်းငွေတံဆိပ်ရရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၄** **သတင်း-ရဲရင့်ရှိုင်း**

မလေးရှား၌ ကျင်းပနေသည့် ဆီးဂိမ်းဘိလိယက်ပြိုင်ပွဲ၏ 9-Ball Pool နှစ်ယောက်တွဲပြိုင်ပွဲ၌ မြန်မာက ငွေတံဆိပ်ရရှိခဲ့သည်။ မောင်မောင်နှင့်အောင်မိုးသူ အတွဲက စင်ကာပူအတွဲနှင့်ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ပြီး ၉-၃ ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာဘိလိယက်အဖွဲ့သည် ယနေ့ပွဲစဉ်အပြီးတွင် ငွေနှစ်ခု၊ ကြေးတစ်ခုရရှိထားပြီး ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၌ မြန်မာကစားသမားနှစ်ဦးဖြစ်သည့် နေသွေးဦးနှင့် ချစ်ကိုကိုတို့ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ နေသွေးဦးသည် ထိုင်းမှ သာဝပ်ကို အကြိတ်အနယ်ကစားပြီး သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ **ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)**



# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီး၌ မြန်မာနှင့်ထိုင်းဆုံတွေ့

**ကွာလာလမ်ပူ ဩဂုတ် ၂၄**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာဘောလုံးအသင်းသည် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့သည်။

အုပ်စု(ခ)နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက တစ်ချိန်တည်းယှဉ်ပြိုင်ကစားရာ ထိုင်းက ဗီယက်နမ်ကို သုံးဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားက ကမ္ဘောဒီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်က တီမောကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု(က)တွင် အိမ်ရှင်မလေးရှားအသင်းက အုပ်စု ပထမ၊ မြန်မာအသင်းက အုပ်စု ဒုတိယ၊ အုပ်စု(ခ)တွင် ထိုင်းက အုပ်စု ပထမ၊ အင်ဒိုနီးရှားက အုပ်စု ဒုတိယရရှိခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဆီလာရန်ကွင်း၌ မြန်မာနှင့်ထိုင်း၊ ည ၇ နာရီ ၁၅ မိနစ်တွင် ရှာအလမ်ကွင်း၌ မလေးရှားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ၌ သုံးကြိမ်ဆက်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းက သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

ENJOY SUCCESS
VICTORIA UNIVERSITY COLLEGE

## Victoria University College
### Alumni Reunion & Job Fair 2017

- VUC ကျောင်းသားဟောင်းများအချင်းချင်း လုပ်ငန်းခွင်အတွေ့အကြုံ၊ Further Studies အတွေ့အကြုံများ ချစ်ကြည်ရင်းနှီးစွာ ဖလှယ်နိုင်ကြစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများလျှောက်ထားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ကျင်းပမည့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်
နေ့ရက် – ၂၇၊ ဩဂုတ်လ၊ ၂၀၁၇ (တနင်္ဂနွေ) | အချိန် – မွန်းလွဲ ၁နာရီ မှ ၃နာရီ | နေရာ – Sule Shangri-la Hotel (Ballroom 2)

VUC - အမှတ် ၁၆၆၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
01 383132, 383133, 09 5127300, 09 5104748

## Vacancy Announcement

Myanmar Digital News is an Online news network publishing daily both in Myanmar and English. We need an experienced feature writer/correspondent who can report in English. The candidate should be fluent in spoken and written English,must have a keen interest in current political,social and economic affairs of Myanmar as well as that of international affairs and should be willing to travel for covering news. Salary is negotiable.

If you are interested in joining our news room team in Nay Pyi Taw, Please e-mail your CV together with a cover letter to recruitment@megalinkadvanced.com or contact 0095-67-412627 not later than 31 August 2017.

**ပျောက်ဆုံးကြောင်း**

ကျွန်မ နန်းသန်းသန်းဌေး ၃/ဘအန(နိုင်)၄၁၁၃၃၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၆၆၇၃၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မြတ်ကျော် ၁၂/ဆကခ(နိုင်)၀၂၂၅၀၂၏ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၆၆၇၃၀**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/9446 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/4696, Toyota Mark II J2 _110 , S/L (4 _2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်နှင်းဆု ၁၂/ဒဂမ(နိုင်)၀၁၀၇၉၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဖခင်အမည်မှန်**

ဖားကန့် အထက တက္ကသိုလ်ဝင်တန်း(C)မှ မမြသန်းမွှေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းစံညွန့် ၁၃/နမတ(နိုင်)၀၃၃၂၁၂ ဖြစ်ပါကြောင်း။
**ဦးစိုင်းစံညွန့်**

**ဖခင်အမည်မှန်**

အထက(၂) ဟုမ္မလင်း တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းအောင်နှင့် အဋ္ဌမတန်းမှ မောင်မျိုးမင်းသူတို့၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်ဝင်း ၅/ဟမလ(နိုင်)၀၀၄၉၂၅ ဖြစ်ပါကြောင်း။ **ဦးတင်အောင်ဝင်း**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ခေါင်ရမ်းကျေးရွာအုပ်စု၊ ခေါင်ရမ်းကျေးရွာ နေဦးမြင့်ဆွေ ၇/အတန(နိုင်)၀၄၇၁၄၉၏သားမောင်ဇင်လင်းအောင်သည် မိဘ၏ ပြောဆိုဆုံးမမှုအောက်တွင် မနေဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ပြဿနာတစ်စုံတစ်ရာဖြစ်လာပါက လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။
**ဦးမြင့်ဆွေ**

**ဖခင်အမည်မှန်**

သထုံမြို့နယ် အထက (ပိန္နဲတော) စတုတ္ထတန်းမှ နော်ဝင်းပပထွန်း၏ ဖခင် အမည်မှန်မှာ ဦးနေမင်းထွန်း ၁၀/သထန(နိုင်)၁၅၅၃၄၇ ဖြစ်ပါကြောင်း။ **ဦးနေမင်းထွန်း**

**ပျောက်ဆုံးကြောင်း**

ကျွန်မ နန်းမိုးနှင်းဆီ ၃/ဘအန(နိုင်)၃၅၅၄၇၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၂၈၀၅၆၆၃**

**ဖခင်အမည်မှန်**

သထုံမြို့နယ်၊ အလက နောင်ကုလားရွာကြီးအဋ္ဌမတန်းမှ မောင်မင်းသက်ဇော်၏ဖခင် အမည်မှန်မှာ ဦးစိုးလွင်၁၀/သဖရ(နိုင်)၀၉၈၉၁၄ ဖြစ်ပါကြောင်း။ **ဦးစိုးလွင်**

**အမည်မှန်**

သထုံမြို့နယ်နေ ဦးစောမူးဂေ၏ သမီး အထက ပိန္နဲတော ဒုတိယတန်းမှ နော်ချဲဂေဝါး၏ အမည်မှန်မှာ နော်ယွန်းနံ့သာခိုင်ဖြစ်ပါကြောင်း။
**နော်ယွန်းနံ့သာခိုင်**

ဥတုရာသီ တောကိုမီး

## အမေဇုန်ဒေသ၌ သင်္ဘောတစ်စင်းနစ်မြုပ် လူ ၁၉ ဦးသေဆုံး

**ဘရာဇီးလီးယား ဩဂုတ် ၂၄**

ဘရာဇီးနိုင်ငံမြောက်ပိုင်း အမေဇုန်ဒေသ ပါရာပြည်နယ်၌ လူဦးရေ ၇၀ ခန့်လိုက်ပါလာသော ခရီးသည်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ အနည်းဆုံး လူ ၁၉ ဦးသေဆုံးခဲ့ပြီး လူပေါင်းများစွာ ပျောက်ဆုံးနေသည်ဟု ဒေသခံအာဏာပိုင်များက ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဩဂုတ် ၂၄ ရက်က ဖော်ပြခဲ့သည်။

ရီဘိုင်ဒိုကိုမန်ဒါအမည်ရှိ သင်္ဘောသည် ယမန်နေ့ကညပိုင်းတွင် ပေါ်တိုဒီမို့ဇ်မြို့အနီး ဆင်ဂူမြစ်တွင် နစ်မြုပ်ခဲ့ကြောင်း ပြည်နယ်ဆိုင်ရာ အများပြည်သူ လုံခြုံရေးရုံးက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါသင်္ဘောသည် လွန်ခဲ့သော နှစ်ရက်က ဆန်တာရန်မြို့မှ ထွက်ခွာလာပြီး ဝိတိုရီယဒီဆင်ဂူမြို့သို့ ဦးတည်ခုတ်မောင်းခဲ့ကြောင်း ဖော်ဟာဒီအက်စ်ပေါ်လို သတင်းစာတွင် ဖော်ပြခဲ့သည်။

အာဏာပိုင်များက ရုပ်အလောင်း ၁၉ လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး လူ ၂၅ ဦး ကမ်းခြေသို့ ပြန်လည်ရောက်ရှိကာ လူ ၃၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အများပြည်သူလုံခြုံရေးရုံးက ပြောခဲ့သည်။

သက်ဆိုင်ရာအာဏာပိုင်များက ရီဘိုင်ဒိုကိုမန်ဒါအမည်ရှိ သင်္ဘောနစ်မြုပ်ရသည့် အကြောင်းရင်းကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**



## ဂျာမနီ၌ ဘတ်စ်ကားတစ်စီးတိမ်းမှောက် လူ ၄၄ ဦး ဒဏ်ရာရ

**ဘာလင် ဩဂုတ် ၂၄**

ဂျာမနီနိုင်ငံအနောက်မြောက်ပိုင်း လိုးဝါးဆာဇိုနီပြည်နယ်၌ ယမန်နေ့က အလုပ်သမားအပြည့် တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးတိမ်းမှောက်ခဲ့ရာ စုစုပေါင်း လူ ၄၄ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက်ခြောက်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်းသတင်းများတွင် ဖော်ပြထားသည်။

ဘတ်စ်ကားသည် ဘုမ်တီးမြို့တွင်း၌ မောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက် ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါဘတ်စ်ကားပေါ်တွင် လိုက်ပါလာသူများမှာ စတော်ဘယ်ရီသီးများရိတ်သိမ်းရန် ငှားရမ်းထားသော ရိုမေးနီးယားအမျိုးသမီးများဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အခင်းဖြစ်ပွားရာနေရာသို့ ရဲဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးယာဉ်များ စေလွှတ်ထားကြောင်း သိရသည်။ ထို့အတူ အရေးပေါ်အကူအညီပေးနိုင်ရေးအတွက် ရဟတ်ယာဉ်များလည်း စေလွှတ်ထားခဲ့သည်ဟု ဆိုသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရာ ဘီ ၁ လမ်းအားပိတ်ထားသဖြင့် လက်ရှိအချိန်တွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားလျက်ရှိကြောင်း၊ လမ်းလွှဲမှသွားနိုင်ရေးရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဘတ်စ်ကားမတော်တဆဖြစ်ရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## မန်ချက်စတာလေဆိပ်၌ ပိုက်ဖုံးသယ်ဆောင်လာသူတစ်ဦးအား ထောင်ဒဏ် ၁၈ နှစ်ချမှတ်

**လန်ဒန် ဩဂုတ် ၂၄**

မန်ချက်စတာလေဆိပ်၌ လက်ဆွဲအိတ်ဖြင့် ပိုက်ဖုံးတစ်လုံးသယ်ဆောင်လာသော အမျိုးသားတစ်ဦးကို ဩဂုတ် ၂၃ ရက်က ထောင်ဒဏ် ၁၈ နှစ်ချမှတ်လိုက်ကြောင်း သိရသည်။

နာဒင်းမူဟာမက်အမည်ရှိ အသက် ၄၃ နှစ်အရွယ်အမျိုးသားတစ်ဦးသည် အသက်အန္တရာယ်ခြိမ်းခြောက်ရန် ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲရေးပစ္စည်းတစ်ခုကိုင်ဆောင်ထားသည့် ပြစ်မှုဖြင့် ယခုလအစောပိုင်းတွင် မန်ချက်စတာ အထက်တရားရုံးတစ်ခု၌ တရားရင်ဆိုင်ခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် အဆိုပါတရားရုံးက ၎င်းအား ထောင်ဒဏ် ၁၈ နှစ်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပိုက်ဖုံးကို တိပ်ခွေများ၊ ဘက်ထရီများ၊ ဘောလ်ပင်ချောင်းများ၊ ပင်အပ်များနှင့် ဝိုင်ယာကြိုးများဖြင့် ပေါင်းစပ်ပြုလုပ်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**



နျူကလီးယားဒုံးကျည်ကိုသယ်ဆောင်နိုင်သည့် Tupolev-95MS ဗုံးကြဲလေယာဉ် ရုရှားနိုင်ငံ ခရာနိရာက်စ်အနီးရှိရမီလျာနိုဗိုလေဆိပ်သို့ ဆင်းသက်ခဲ့စဉ်

## နျူကလီးယားဒုံးကျည်တင်ဆောင်နိုင်သည့် ရုရှားဗုံးကြဲလေယာဉ်များ တောင်ကိုရီးယားနှင့်ဂျပန်အနီး ဖြတ်ကျော်ပျံသန်း

**မော်စကို ဩဂုတ် ၂၄**

နျူကလီးယားဒုံးကျည်သယ်ဆောင်နိုင်သည့် ရုရှားဗုံးကြဲလေယာဉ်များသည် ဂျပန်ပင်လယ်ပြင်အတွင်းရှိ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ဝါနှင့် အရှေ့တရုတ် ပင်လယ်များပေါ်သို့ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်းနှင့် ထိုသို့ပျံသန်းမှုက တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံမှဂျက်လေယာဉ်များကို နောက်မှစောင့်ကြပ်လိုက်ပါလာစေခဲ့ကြောင်း ရုရှားက ကြာသပတေးနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

နေတိုးအဖွဲ့က Bears ဟု ကုတ်အမည်ပေးထားသည့် Tupolev-95MS ဗုံးကြဲလေယာဉ်များသည် ကြားနေရေပိုင်နက်ကို ဖြတ်ကျော်ပျံသန်းခဲ့ပြီး ရုရှား Sukhoi-35 ဂျက်တိုက်လေယာဉ်များကအတူယှဉ်တွဲလိုက်ပါလာခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် ပျံသန်းမှုအတွင်းပါဝင်ခဲ့သည့် လေယာဉ်များအားလုံး၏စုစုပေါင်းအရေအတွက်ကိုဖော်ပြခဲ့ခြင်းမရှိပေ။ မည်သည့်အချိန်တွင် ပျံသန်းခဲ့ကြောင်းနှင့် အဘယ့်ကြောင့် အဆိုပါမစ်ရှင်ကို ဆောင်ရွက်ခဲ့ကြောင်းကိုလည်း အသေးစိတ်ပြောကြားခြင်းမရှိခဲ့ပေ။

မစ်ရှင်ဆောင်ရွက်နေစဉ်အတွင်း Tu-95MS ဗုံးကြဲလေယာဉ်များသည် လောင်စာဆီဖြည့်သွင်းမှုပြုလုပ်ခဲ့သေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ပျံသန်းမှုလမ်းကြောင်းအတွင်း၌ ဗုံးကြဲလေယာဉ်များကို တောင်ကိုရီးယားနှင့် ဂျပန်တပ်မတော်ဂျက်လေယာဉ်များက နောက်ကလိုက်ပါလျက်စောင့်ကြည့်မှုပြုလုပ်ခဲ့ကြောင်း ကာကွယ်ရေးဌာနက ဖြည့်စွက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် ရုရှားသည် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်များကြောင့် ကိုရီးယားကျွန်းဆွယ်ပေါ်တွင်တင်းမာမှုများမြင့်တက်လာသည့်အခြေအနေကိုစိုးရိမ်ကြောင်း မကြာခဏ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင်ရုရှားသည် ဂျပန်နိုင်ငံက ၎င်း၏မြေပေါ်တွင် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်ချထားရန် စီစဉ်နေမှုကို စောဒကတက်ခဲ့သည်။

**(ရိုက်တာ)**

## မက္ကဆီကို နယ်စပ်တံတိုင်းတည်ဆောက်မှုအတွက် ငွေကြေးထည့်ဝင်ရန် အစိုးရအဖွဲ့ကို ထရန့်ခြိမ်းခြောက်

**ဝါရှင်တန် ဩဂုတ် ၂၄**




အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အမေရိကန်နှင့်မက္ကဆီကိုနယ်စပ်၌ တံတိုင်းတည်ဆောက်ရေးပြန်လည်တိုက်တွန်းတောင်းဆိုခဲ့မှုကြောင့် အငြင်းပွားမှုများ ပေါ်ပေါက်လာလျက်ရှိကြောင်း သိရသည်။

အင်္ဂါနေ့တွင်ပြောကြားခဲ့သည့် မိန့်ခွန်း၌ ထရန့်က အကယ်၍ ကွန်ကရက်လွှတ်တော်သည် နယ်စပ်တံတိုင်းတည်ဆောက်မှုကို ငွေကြေးထည့်ဝင်ရန်အတွက်သဘောမတူညီခဲ့ပါက အစိုးရ အဖွဲ့ကို ဖျက်သိမ်းမည်ဟုခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

ထရန့်သည် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်ခဲ့စဉ်အတွင်း အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်၌ တံတိုင်းတည်ဆောက်မည်ဟူသော ကတိစကားဖြင့် ထောက်ခံမှုများရရှိလာသူဖြစ်သည်။

ကွန်ကရက်လွှတ်တော်သည် လာမည့် ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်အဆိုပြုချက်များကို ချိန်ညှိလျက်ရှိသည်။

ထရန့် က တံတိုင်းတည်ဆောက်မှုအတွက် ငွေကြေးထည့်ဝင်မှုမရရှိခဲ့လျှင် ဥပဒေကြမ်းကို လက်မှတ်ရေးထိုးသွားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အောက်လွှတ်တော် ထိပ်တန်းဒီမိုကရက်တစ်ကိုယ်စားလှယ် နန်စီပီလိုစီက ထရန့်သည် အကျိုးမရှိဘဲ ငွေကုန်ကြေးကျများသည့် နယ်စပ်တံတိုင်းတည်ဆောက်မှုကို ငွေကြေးထည့်ဝင်ရန် အခွန်ထမ်းပြည်သူများကို အတင်းဖိအား ပေးနေကြောင်း ဗုဒ္ဓဟူးနေ့က တုံ့ပြန်ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကွန်ကရက်လွှတ်တော်မှ ထိပ်တန်းရီပတ်ဘလစ်ကန်အာဏာပိုင် ပေါလ်ရိုင်ယန်က အစိုးရအဖွဲ့ကိုဖျက်သိမ်းခြင်း မပြုလုပ်အောင် ရှောင်တိမ်းသင့်သော်လည်း နယ်စပ်လုံခြုံရေးကို ခိုင်မာသေချာစေရန်အတွက် ဘတ်ဂျက်ကို လုံခြုံစိတ်ချရသည့်အနေအထားဖြစ်အောင်လုပ်ဆောင်သင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယ၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ် ကလေးငယ် ၁၅ ဦးထက်မနည်း ထိခိုက်

နယူးဒေလီ ဩဂုတ် ၂၄

အိန္ဒိယနိုင်ငံအလယ်ပိုင်း မက်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဩဂုတ် ၂၃ ရက်က အမိုးနီးယား ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ကလေးငယ် ၁၅ ဦးထက်မနည်း ဆေးရုံတင်လိုက်ရသည်။ အဆိုပါ ဓာတ်ငွေ့ယိုစိမ့်ပေါက်ကွဲမှုသည် မက်ဒရာပရာဒေ့ရှ်ပြည်နယ် ချင်ဒွါရခရိုင်ရှိ အအေးခန်းသိုလှောင်ရုံတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာသည် ပြည်နယ်မြို့တော်ဘိုပယ်နှင့် ၃၀၀ ကီလိုမီတာအကွာတွင် တည်ရှိကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာ အနီးရှိ စာသင်ကျောင်းများအား အရေးပေါ်ကယ်ဆယ်ရေးများဆောင်ရွက်ပေးထားပြီး အဆိုပါဖြစ်စဉ်အားစုံစမ်းလျက်ရှိကြောင်း သိရသည်။ (ဆင်ဟွာ)

### အီဂျစ်သို့ငွေကြေးအကူအညီ ဆက်လက်ပေးအပ်ခြင်းမပြုရန် အမေရိကန်ဆုံးဖြတ်

ကိုင်ရို ဩဂုတ် ၂၄

အမေရိကန်ပြည်ထောင်စုက အီဂျစ်နိုင်ငံသို့ ဒေါ်လာသန်းပေါင်းများစွာကို အကူအညီပေးအပ်ရန်စီစဉ်ထားမှုကို ပယ်ဖျက်ရန်ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် အီဂျစ်နိုင်ငံတွင် နိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန် ပြည်ထောင်စု သမ္မတအကြံပေး ဂျဲရန်ကက်ရှနာတို့အကြား တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်စီစဉ်ထားမှုကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။

သို့သော်လည်း အဆိုပါနေ့ နှောင်းပိုင်းတွင် အီဂျစ်သမ္မတအဗ္ဗဒယ်လ်ဖာတက်အယ်လ်စီစီက အမေရိကန်ကိုယ်စားလှယ်နှင့် တွေ့ဆုံရန်ရှိကြောင်း သမ္မတစီစီ၏ရုံးတော်မှ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။ အီဂျစ်နိုင်ငံသည် ဒီမိုကရေစီစံနှုန်းများကိုလေးစားလိုက်နာမှုအပိုင်းတွင် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် အမေရိကန်က အီဂျစ်နိုင်ငံသို့ ဒေါ်လာ ၉၅ ဒသမ ၇ သန်းကိုအကူအညီမပေးအပ်တော့ဘဲငြင်းဆန်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။(ရိုက်တာ)

### လေကြောင်းတိုက်ခိုက်မှုများပြုလုပ်

ဆာနား ဩဂုတ် ၂၄

ယီမင်နိုင်ငံ မြို့တော်ဆာနား မြောက်ပိုင်းရှိ ဟိုတယ်တစ်ခုအား ဩဂုတ် ၂၃ ရက်အစောပိုင်းက ဆော်ဒီဦးဆောင်သော မဟာမိတ်ညွန့်ပေါင်း စစ်လေယာဉ်များက တိုက်ခိုက်ခဲ့ရာ လူ ၃၅ဦးထက်မနည်းသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောခဲ့သည်။

စစ်လေယာဉ်များ တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ဟိုတယ်သည် ဆာနားမြို့ မြောက်ဘက် အာဟတ်ဘ်ခရိုင် ဘိတ်အယ်လ်အက်ဒ်ရီ ဒေသတွင် တည်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးသမားများနှင့် ဆရာဝန်များက သေဆုံးသူ ၃၅ ဦး၏ ရုပ်အလောင်းများကို အပျက်အစီးများကြားမှ ဆွဲထုတ်နိုင်ခဲ့ကြောင်းသိရပြီး အသက်ရှင်ကျန်ရစ်သူ ရှိ၊ မရှိ ဆက်လက်ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။ သေဆုံးသူများတွင် အမျိုးသမီးတစ်ဦးမှ မပါဝင်ကြောင်းသိရသည်။ (ဆင်ဟွာ)

# ပင်လယ်ပြင်ထဲက ဆန်းကြယ်တဲ့ပုစ္ဆာ

— — ကလျာမိုးမြင့် — —

**ပင်လယ်သမုဒ္ဒရာကြီးဟာကျယ်ပြောသလို ရေကြောင်းသွားလာမှုဆိုင်ရာနည်းပညာတွေဟာ အဆင့်မြင့်သည်ထက် မြင့်လာပါတယ်။ ဒါပေမယ့် ယခုရက်သတ္တပတ်အတွင်းမှာ ဖြစ်ပွားခဲ့သလိုမျိုး အမေရိကန်ရေတပ် ဖျက်သင်္ဘောနဲ့ ရေနံတင်သင်္ဘောတစ်စင်းတို့ တိုက်မိဖို့ အကြောင်းဖန်လာတဲ့အခါမှာတော့ ကျယ်ပြောတဲ့သမုဒ္ဒရာရော ရေကြောင်းသွားလာမှု နည်းပညာတွေပါ ဒါကိုလွှန်ဆန်နိုင်ခြင်း မရှိတော့ပါဘူး။**

သင်္ဘောနှစ်စင်းဟာ မလေးရှားကမ်းခြေရဲ့ အဝေးတစ်နေရာမှာ ညသန်းခေါင်အချိန်လောက်မှာ တိုက်မိခဲ့ကြတာ ဖြစ်ပါတယ်။ ရေနံတန်ချိန်ပေါင်း ၁၂၀၀၀ နီးပါးတင်ဆောင်လာတဲ့ ရေနံတင်သင်္ဘောကြီးဟာ အမေရိကန်ဖျက်သင်္ဘော John S Mc Cain ရဲ့ဘေးဘက်အခြမ်းဆီကို ခေါင်းတိုးဝင်ရောက်လာပြီး တိုက်မိခဲ့တာပါ။ အရှိန်ပြင်းပြင်းနဲ့တိုက်မိခဲ့တဲ့အတွက် ဖျက်သင်္ဘောရဲ့ဘေးဘက်အခြမ်းဟာ အတော်လေး ကြေမွပျက်စီးသွားခဲ့ပါတယ်။ ဖျက်သင်္ဘောအတွင်းမှာရှိနေတဲ့သင်္ဘောသား ၁၀ ဦးပျောက်ဆုံးနေပြီးဖျက်သင်္ဘောကတော့ ဆိပ်ကမ်းကိုဆိုက်ကပ်နိုင်ဖို့ ဆက်လက်ခုတ်မောင်းလာခဲ့တဲ့အတွက် စင်ကာပူမှာရှိတဲ့ချန်ဂီရေတပ်အခြေစိုက်စခန်းကို ရောက်ရှိနေခဲ့ပါပြီ။

ဒီဖြစ်ရပ်ဟာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့အပြင် တော်တော်လေးကိုဆိုးရွားတဲ့သင်္ဘောနှစ်စင်း တိုက်မိမှုပါ။ ပြီးခဲ့တဲ့ နှစ်လအကြာလောက်ကလည်း အလားတူဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့ပါတယ်။ ဂျပန်ပင်လယ်ပြင်မှာ USS Fitzgerald ဖျက်သင်္ဘောဟာ ကြီးမားတဲ့ ကုန်တင်သင်္ဘောတစ်စင်းနဲ့ တိုက်မိခဲ့ပြီး သင်္ဘောသား ခုနစ်ဦး ပျောက်ဆုံးသွားခဲ့တာပါ။ ပျောက်ဆုံးသွားတဲ့သင်္ဘောသားတွေအားလုံးဟာလည်း သေဆုံးသွားခဲ့ပါတယ်။ ယခုဖြစ်ရပ်မှာတော့ ပျောက်ဆုံး သင်္ဘောသား ၁၀ဦး ဖြစ်တဲ့အတွက် ပိုဆိုးတဲ့ဖြစ်ရပ်လို့တောင်ပြောရမှာပါ။

လောလောလတ်လတ်ဖြစ်သွားခဲ့တဲ့တိုက်မိမှုအတွင်းမှာ ပါဝင်နေတဲ့ သင်္ဘောတွေဟာ သင်္ဘောကြီးတွေ ဖြစ်နေပြီး ရေဒါစနစ်နဲ့ ရေကြောင်းသွားလာမှုစနစ်အပိုင်းမှာလည်း ကောင်းစွာ တပ်ဆင်ဆောင်ရွက်ထားတဲ့ သင်္ဘောတွေဖြစ်ပါတယ်။ ဂျီပီအက်စ်ခြေရာခံစနစ်နဲ့ ရေဒီယိုအချက်ပြဆက်သွယ်မှုစနစ်တွေလည်း ပါရှိပါတယ်။ ဒါနဲ့တောင် ဘယ်လိုများသင်္ဘောနှစ်စင်း တိုက်မိခဲ့ရတာလဲလို့ စဉ်းစားရကြပ်စရာဖြစ်ပါတယ်။ ဒီလိုမျိုးနောက်ထပ် ဖြစ်မလာအောင် ဘယ်လိုကာကွယ်သွားနိုင်မလဲဆိုတာကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုအပ်လာပါပြီ။

Royal United Services တက္ကသိုလ်မှာ စစ်သိပ္ပံပညာရပ်ကို လမ်းညွှန်ပို့ချမှုပြုလုပ်နေတဲ့ ပီတာရောဘတ်က ရေဒါစောင့်ကြည့်မှုကို မပျက်မကွက်လုပ်ဆောင်မယ်၊ မျက်စိနဲ့လည်းပြင်ပအခြေအနေတွေကို စောင့်ကြည့်ပြီး တွက်ချက်သုံးသပ်မယ်ဆိုရင် တိုက်မိတာတွေမဖြစ်အောင် ရှောင်တိမ်းနိုင်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။ ဖြစ်ပွားခဲ့တဲ့ သင်္ဘောနှစ်စင်းတိုက် မိတာနဲ့ ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေကို မသိရသေးပါဘူး။ ဒါပေမယ့် တစ်ခါတစ်ရံမှာ တိုက်မိတော့မယ့် အန္တရာယ်တွေကို သတိပေးဖို့အတွက် သင်္ဘောအမှုထမ်းတွေထက် စက်ပစ္စည်းပိုင်းဆိုင်ရာကို ပိုပြီးအားထားလုပ်ဆောင်ရတာမျိုးလည်း ရှိနိုင်တယ်လို့ ၎င်းက ဆိုပါတယ်။ ရောဘတ်ဟာ ကုန်သင်္ဘောနဲ့ ခရီးသွားလာခဲ့ရဖူးပြီး တစ်ခါတလေ သင်္ဘောပေါ်က ထိန်းချုပ်ခန်း (bridge) ပေါ်မှာ တစ်ယောက်မှမရှိတဲ့အခါမျိုးတွေ တောင်ကြုံခဲ့ရတယ်လို့ ဆိုပါတယ်။ ရေဒါအချက်ပြစနစ်ဟာပုံမှန်သွားနေပြီး ဘယ်သူက ရေဒါကို စောင့်ကြည့်နေတယ်ဆိုတာကို သိရဖို့ အဲဒီအချက်ပေးစနစ်ကို အားထားခဲ့ရတယ်။ လများစွာအတွင်းမှာ ရေတပ်သင်္ဘောတွေပါဝင်ခဲ့တဲ့ အကြီးစားသင်္ဘောတိုက်မိမှု နှစ်ခုဟာ ထူးခြားလွန်းနေပြီး သိပ်ကိုရှားပါးတဲ့ဖြစ်ရပ်လို့ ရောဘတ်က ဖွင့်ဟပါတယ်။

တော်တော်လေးကိုကံအကြောင်းမလှတဲ့ တိုက်ဆိုင်မှုလို့လည်း ဆိုနိုင်တယ်။ တချို့တွေကတော့ ဒီကိစ္စဟာသွေးရိုးသားရိုးမဟုတ်ဘဲ တမင်လုပ်ကြံဖန်တီးမှုတစ်ခု ဟုတ်မဟုတ် မေးခွန်းထုတ်လာကြပါတယ်။ ဥပမာရေကြောင်းသွားလာမှုစနစ်ကို ဟက်ခံရခြင်းက သင်္ဘောနှစ်စင်းကိုခေါင်းချင်းဆိုင် တိုက်မိစေခဲ့တာလားလို့မေးလာတာတွေရှိပါတယ်။ မကြာသေးမီလများအတွင်းက ပင်လယ်နက် ပင်လယ်ပြင်အတွင်းမှာ ဖြစ်နိုင်ဖွယ်ရှိတဲ့ ဂျီပီအက်စ်စနစ်မှုမမှန်ခြင်းက သင်္ဘောတစ်စင်းကိုထိခိုက်စေခဲ့တယ်လို့ သတင်းပေးပို့မှုတစ်ခုကို ရရှိခဲ့ဖူးပါတယ်။ ဒီလိုဖြစ်ခဲ့ခြင်းက နိုင်ငံအချို့ဟာ သင်္ဘောတွေ သွားလာမှုကို ထိခိုက်စေဖို့အတွက် ရေကြောင်းစနစ်တွေကို ဟက်(Hack)နေကြတာများလားဆိုပြီး လေ့လာစောင့်ကြည့်နေသူတွေကြားမှာ စိုးရိမ်ပူပန်မှုတွေ ပေါက်ဖွားလာစေခဲ့ပါတယ်။

လတ်တလောဖြစ်ပွားခဲ့တဲ့ အက်ဆီးဒင့်တွေနဲ့ပတ်သက်ပြီး လျှို့ဝှက်ပူးပေါင်းကြံစည်မှုတွေ ပါဝင်နေတယ်ဆိုတဲ့ ပြောဆိုမှုတွေဝက်ဘ်ဆိုက်ပေါ်မှာပျံ့နှံ့နေပေမယ့် USS Fitzgerald နဲ့ John S Mc Cain သင်္ဘောတို့ကြုံတွေ့ခဲ့ရတဲ့ သင်္ဘောတိုက်မိမှု ဖြစ်စဉ်တွေမှာတော့ အခုအချိန်ထိ အဟက်ခံရတယ်လို့ပြောဆိုနိုင်တဲ့ အထောက်အထားမျိုး မရှိသေးပါဘူး။ ဒါပေမယ့် အနာဂတ်မှာဖြစ်လာနိုင်မယ့်အလားအလာတွေအတွက် ဖြစ်နိုင်တဲ့ ကိစ္စရပ်မှန်သမျှကို ထည့်သွင်းစဉ်းစားထားသင့်တယ်လို့ ရောဘတ်က သုံးသပ်ခဲ့ပါတယ်။

သင်္ဘောတွေတိုက်မိကြတဲ့ဖြစ်စဉ်တိုင်းက သတင်းရယူဖော်ပြလောက်တဲ့အထိ အမြဲစိတ်ဝင်စားစရာကောင်းနေတာမျိုးကတော့ ဖြစ်ချင်မှဖြစ်လိမ့်မယ်။ ဒါပေမယ့် အချိန်နဲ့အမျှဖြစ်ပွားနေတဲ့ သင်္ဘောတိုက်မိမှုတွေမှာ သင်္ဘောကြီးတွေပါဝင်လာပြီဆိုတာကိုတော့ သတိထားဖို့ အရေးကြီးလာပါပြီ။ ဂွါန်မက်ကိန်းသင်္ဘော အက်ဆီးဒင့်မဖြစ်ခင်ရက်ပိုင်းအလိုမှာ တရုတ်နိုင်ငံဖူကျီအန်းကမ်းခြေအနီးမှာ ကုန်တင်သင်္ဘောနှစ်စင်းတိုက်မိခဲ့ပြီး သင်္ဘောသားတွေ သေဆုံးသွားတဲ့သတင်းတွေကို ကြားခဲ့ရပြီး ဖြစ်ပါတယ်။ ပင်လယ်ပြင်အတွင်းမှာ သင်္ဘောတွေ သွားလာနေမှုဟာပြည့်ကျပ်သည်ထက် ပြည့်ကျပ်လာနေသလို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင် စီးပွားရေးအရ တိုးပွားလာတဲ့သင်္ဘောအရေအတွက်ကလည်း ပိုပြီးများသည်ထက်များလာနေပါတယ်။ ဗြိတိန်အစိုးရရဲ့ ပြောပြချက်အရ ၂၀၁၆ နှစ်ကုန်လောက်ကစပြီး ကမ္ဘာတစ်ဝန်းမှာ ကုန်စည်ကူးသန်းသွားလာနေကြတဲ့ သင်္ဘောအရေအတွက်ဟာ ၅၀၀၀၀ လောက်ရှိတယ်လို့ သိရပါတယ်။ အလေးချိန်အားဖြင့် တိုင်းတာမယ်ဆိုရင် ၂၀၀၄ ခုနှစ်ကစပြီး သင်္ဘောတွေရဲ့အရွယ်အစားဟာ နှစ်ဆဖြစ်လာပါတယ်။

အခုလိုသင်္ဘောတွေအက်ဆီးဒင့်ဖြစ်လာပြီဆိုတဲ့အခါမှာ စုံစမ်းစစ်ဆေးသူတွေမကြာခဏတွေ့ရှိရတာကတော့ ဖြစ်ပွားရတဲ့တကယ့်အကြောင်းရင်းဟာ များသောအားဖြင့် တခြားသောအကြောင်းတွေထက် လူ့အမှားကြောင့်ဖြစ်တယ်ဆိုတဲ့အချက်ပဲလို့ သင်္ဘောအာမခံကုမ္ပဏီတွေနဲ့ကန်ထရိုက်စာချုပ်ချုပ်ဆိုထားတဲ့ ပင်လယ်ရေကြောင်း တိုင်းတာစစ်ဆေးသူ ဟန်းရစ်ခ်အတ်က ထောက်ပြခဲ့ပါတယ်။ သင်္ဘောမှာ လိုက်ပါလာတဲ့ အမှုထမ်းတွေက အနီးကပ်အန္တရာယ်တွေကိုရှောင်တိမ်းနိုင်အောင် ကူညီပေးခဲ့တဲ့သာဓကဖြစ်ရပ်တွေလည်း အများကြီးစုံစမ်းတွေ့ရှိခဲ့ရတယ်လို့ ၎င်းကရှင်းပြပါတယ်။

အမှားတစ်ခုခုဖြစ်လာပြီဆိုရင် သင်္ဘောကပ္ပတိန်ကို အပြစ်ဖို့လိုက်တာကလွယ်ပါတယ်။ ဒါပေမယ့် တကယ့်ဘေးအန္တရာယ်အသွယ်သွယ်ကနေ လွတ်ကင်းအောင် တစ်ချိန်လုံး သူကြိုးစားခဲ့တာတွေကို ချီးမွမ်းစကားဆိုဖို့ကျတော့ မေ့နေကြတယ်လို့ အတ်ကပြောပါတယ်။ ဒီမတော်တဆမှုတွေဟာ သင်္ဘောတွေနဲ့ သင်္ဘောအမှုထမ်းတွေကိုပဲ ခြိမ်းခြောက်နေတဲ့ဖြစ်ရပ်တွေ မဟုတ်ပါဘူး။

လတ်တလောမှာပဲ ဓာတ်မြေသြဇာတန်ချိန်ထောင်ပေါင်းများစွာကို တင်ဆောင်လာတဲ့ဗြိတိန်သင်္ဘော MV Cheshire ဟာ မီးလောင်ခဲ့ပြီး ကာနရီကျွန်းအနီးမှာ ရက်များစွာကြာအောင် မျောပါနေခဲ့ပါတယ်။ သင်္ဘောသားတွေကိုလည်း ရဟတ်ယာဉ်တွေနဲ့ ကယ်ဆယ်ခဲ့ရပါတယ်။

သင်္ဘောသားတွေ အနေနဲ့ သင်္ဘောနှစ်စင်းရုတ်တရက်တိုက်မိပြီး သင်္ဘောကိုယ်ထည်ကို ပေါက်ပြဲသွားစေတဲ့အချိန်မှာ အမြန်ဆုံးလုပ်ရှားဆောင်ရွက်ရမှာဖြစ်ပါတယ်။ သင်္ဘောထဲဝင်ရောက်လာတဲ့ရေတွေကို စုပ်ထုတ်ပစ်ရုံသာမကဘဲ သင်္ဘောကို အတတ်နိုင်ဆုံး အားစိုက်ထိန်းချုပ်ထားနိုင်ဖို့ ကြိုးစားဖို့လိုအပ်ပါတယ်။ သင်္ဘောရဲ့နံရံ၊ မျက်နှာကြက်နဲ့ ကြမ်းပြင်တွေဟာ ရေအောက်ကိုနစ်မြုပ်သွားမှာဖြစ်ပြီး သင်္ဘောပေါ်လိုက်ပါလာသူအားလုံးက အနီးအနားတစ်ဝိုက်မှာရှိတဲ့ ပြင်ပကဝိုင်းဝန်း ကူညီမှုကိုရရှိဖို့ ကိုယ်တိုင်အတတ်နိုင်ဆုံးလုပ်ဆောင်ရမှာ ဖြစ်တယ်လို့ ရောဘတ်က ပြောကြားပါတယ်။




ရေနံတင်သင်္ဘောနဲ့ တိုက်မိခဲ့တဲ့ ဂွါန်မက်ကိန်းသင်္ဘောဟာ ကံကောင်းထောက်မစွာနဲ့ အနီးအနားမှာရှိနေတဲ့ အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်းပေါ်က ရဟတ်ယာဉ်တစ်စင်းရဲ့ အကူအညီကို ရရှိခဲ့ပြီး ရေတွေကို စုပ်ထုတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဆိပ်ကမ်းကိုရောက်တဲ့အခါမှာ သင်္ဘောရဲ့ ကိုယ်ထည်ကိုပြန်ပြီးအလုံပိတ်နိုင်ဖို့ သင်္ဘောဘေးဘက်အခြမ်းကို သံပြားတွေနဲ့ဂဟေဆော်နိုင်ခဲ့လိမ့်မယ်လို့ ၎င်းက ရှင်းပြခဲ့ပါတယ်။

ကြီးမားတဲ့သင်္ဘောကြီးတစ်ခုမှာ တကယ်အရည်အချင်းရှိတဲ့ သင်္ဘောသားကောင်းတွေရှိဖို့လိုအပ်ပြီး အဲဒီလိုလူမျိုးတွေကိုလည်း ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ လိုအပ်ပါသေးတယ်။ အကြီးစားစက်ပစ္စည်းရဲ့ ရှုပ်ထွေးနက်နဲတဲ့အစိတ်အပိုင်းတစ်ခုလည်းဖြစ်တာကြောင့် သင်္ဘောအမှုထမ်းဟာ သင်္ဘောနဲ့ပတ်သက်ပြီးနှံ့စပ်နေအောင် လုပ်ဆောင်ထားဖို့ကလည်း အဓိကကျတယ်။

သို့မှသာ သင်္ဘောကို ဘေးကင်းအောင်ထိန်းသိမ်းဆောင်ရွက်နိုင်လိမ့်မယ်လို့ ရေကြောင်း တိုင်းတာစစ်ဆေးသူ ဟန်းရစ်ခ်အတ်က သုံးသပ်ပြောကြားခဲ့ပါတယ်။ (ရိုက်တာ၊ဘီဘီစီ)

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကော်မတီ** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကိုဆိုသည်။

(င) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(စ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာ မူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလည်း ပါဝင်သည်။

(ဆ) **မူပိုင်ခွင့်** ဆိုသည်မှာ စာပေအနုပညာလက်ရာ၏ မူလလက်ရာရှင်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိသောသီးသန့်အခွင့်အရေးများ ဆိုင်ရာ စာပေနှင့် အနုပညာမူပိုင်ခွင့်ကို ဆိုသည်။

(ဇ) **မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့်အခွင့်အရေးများ** ဆိုသည်မှာ ဤဥပဒေပါ အခန်း(၁၃) တွင် ပြဋ္ဌာန်းထားသည့် ဖျော်ဖြေသူများ၊ ဖိုနိုဂရမ်ထုတ်လုပ်သူများနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ သီးသန့်အခွင့်အရေးများကို ဆိုသည်။

(ဈ) **စာပေအနုပညာလက်ရာ** ဆိုသည်မှာ ပုဒ်မ ၁၀ နှင့် ၁၂ တို့တွင် ဖော်ပြထားသော စာပေအနုပညာလက်ရာများနှင့် ဆင့်ပွားလက်ရာများကို ဆိုသည်။

(ည) **မူလလက်ရာရှင်** ဆိုသည်မှာ ဤဥပဒေအရ အကာအကွယ်ပေးခြင်းခံရသော စာပေအနုပညာလက်ရာတစ်ရပ်ရပ်ကို စတင်ပြုလုပ်သည့် သို့မဟုတ် ဖန်တီးသည့် လူပုဂ္ဂိုလ်ကို ဆိုသည်။

(ဋ) **မူပိုင်ခွင့်ပိုင်ရှင်** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထိုသူ၏ အမွေဆက်ခံသူ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်-

(၁) စီးပွားရေးဆိုင်ရာ အခွင့်အရေးကို အလိုအလျောက် ရရှိထားပြီးဖြစ်သော မူလလက်ရာရှင်၊

(၂) စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မူလကပင် အလိုအလျောက် ရရှိထားပြီးဖြစ်သည့် မူလလက်ရာရှင်မဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း။

(ဌ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ မူပိုင်ခွင့်ရရှိသည့် မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်ကိုဆိုသည်။ ယင်းစကားရပ်တွင် မူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့် ပေးခြင်းခံရသူ၊ သီးသန့်လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ရသူနှင့် တရားဝင်အမွေဆက်ခံသူလည်း ပါဝင်သည်။

(ဍ) **ဖျော်ဖြေသူ** ဆိုသည်မှာ ဂီတပညာရှင်၊ အဆိုတော်၊ သရုပ်ဆောင်၊ ကချေသည်၊ သို့မဟုတ် စာပေအနုပညာလက်ရာများကိုဖြစ်စေ၊ ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကိုဖြစ်စေ သရုပ်ဆောင်ခြင်း၊ တီးမှုတ်ခြင်း၊ သီဆိုခြင်း၊ ဟောပြောခြင်း၊ ဘာသာစကားပြန်ဆိုခြင်း၊ ဇာတ်ကြောင်းပြောခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ဖျော်ဖြေသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ဎ) **ဖျော်ဖြေတင်ဆက်မှု** ဆိုသည်မှာ -

(၁) အရုပ်အသံလက်ရာမဟုတ်သော အခြားစာပေနှင့် အနုပညာလက်ရာ ဖြစ်ပါက ယင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ ကြားခံကိရိယာတစ်ခုခုမှတစ်ဆင့်ဖြစ်စေ၊ လုပ်ငန်းစဉ် တစ်ရပ်ရပ်မှတစ်ဆင့်ဖြစ်စေ ရွတ်ဆိုခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ ကပြခြင်း၊ သရုပ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊

(၂) အရုပ်အသံလက်ရာဖြစ်ပါက ပုံရိပ်တို့ကို အစီအစဉ်တကျ ပြသခြင်းနှင့် ယင်းနှင့်အတူ ပါဝင်သော အသံတို့ကို ကြားနိုင်အောင် ပြုလုပ်ခြင်း၊

(၃) ဖိုနိုဂရမ်ဖြစ်ပါက ဖမ်းယူထားသော အသံကို ကြားနိုင်အောင် ပြုလုပ်ခြင်းတို့ကို ဆိုသည်။

(ဏ) **ထုတ်လုပ်သူ** ဆိုသည်မှာ အရုပ်အသံလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို ဦးဆောင်၍ တာဝန်ယူထုတ်လုပ်သည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(တ) **စုပေါင်းလက်ရာ** ဆိုသည်မှာ လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ညွှန်ကြားချက်အရ စတင်ဖန်တီးသူများ၏ အမည်ကို ဖော်ပြခြင်းမပြုဘဲ ဦးစီးဦးဆောင်ပြုသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏အမည်ဖြင့်သာ ဖော်ပြသည့် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များက ဖန်တီးထားသော စာပေအနုပညာလက်ရာကို ဆိုသည်။

(ထ) **ပူးတွဲမူလလက်ရာရှင်များ၏လက်ရာ** ဆိုသည်မှာ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသည့် မူလလက်ရာရှင်များက လက်ရာတစ်ခုဖြစ်ပေါ်လာစေရန် ပူးပေါင်းပါဝင် ဖန်တီးဆောင်ရွက်ထားသည့် စာပေအနုပညာလက်ရာကို ဆိုသည်။

(ဒ) **အရုပ်အသံလက်ရာ** ဆိုသည်မှာ အသံပူးတွဲပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ရုပ်ပုံများကို မြင်နိုင်သည့်အပြင် အသံပူးတွဲပါဝင်ပါက ကြားနိုင်သည့် ဆက်စပ်လှုပ်ရှားနေသော ရုပ်ပုံများ၏ လက်ရာကို ဆိုသည်။ အရုပ်အသံလက်ရာတွင် ရုပ်ရှင်ဖန်တီးမှု လက်ရာလည်း အကျုံးဝင်သည်။

(ဓ) **အသုံးချအနုပညာလက်ရာ** ဆိုသည်မှာ လက်မှုပညာဖြင့်ပြုလုပ်၍ဖြစ်စေ၊ စက်မှုနည်းပညာဖြင့် ထုတ်လုပ်၍ဖြစ်စေ အသုံးဝင်စေရန် ဆောင်ရွက်ထားသော သို့မဟုတ် အသုံးဝင်သည့် ပစ္စည်းတစ်ခုခုတွင် ပါဝင်ပေါင်းစပ်ထားသော အနုပညာဖန်တီးမှုကို ဆိုသည်။

(န) **ဖိုနိုဂရမ်** ဆိုသည်မှာ အရုပ်အသံလက်ရာ ပေါင်းစပ်ထည့်သွင်းခြင်းမျိုး မဟုတ်ဘဲ ဖျော်ဖြေတင်ဆက်မှုအသံ၊ အခြားအသံ သို့မဟုတ် သင်္ကေတပြုအသံတို့ကို ဖိုနိုဂရမ်ဓာတ်ပြား၊ အသံသွင်းတိပ်ခွေနှင့် အခြားကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားခြင်းကို ဆိုသည်။

(ပ) **ဓာတ်ပုံလက်ရာ** ဆိုသည်မှာ ပုံရိပ်ကိုဖမ်းယူပေးနိုင်သော သို့မဟုတ် ပုံရိပ်ထုတ်ပေးနိုင်သော မည်သည့်ကြားခံနယ်ပေါ်တွင်မဆို ဓာတုဗေဒနည်းပညာဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာဖြင့်ဖြစ်စေ အလင်းကို ဖမ်းယူခြင်းဖြင့်လည်းကောင်း၊ အလင်းထုတ်လွှတ်ခြင်းဖြင့်လည်းကောင်း ပြုလုပ်ထားသည့် မူလဖန်တီးမှုလက်ရာကို ဆိုသည်။

(ဖ) **အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း** ဆိုသည်မှာ ဖျော်ဖြေတင်ဆက်မှု၏ ရုပ်ပုံသက်သက်ကိုဖြစ်စေ၊ အသံသက်သက်ကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံနှစ်ခုလုံးကိုဖြစ်စေ၊ သင်္ကေတပြုရုပ်ပုံနှင့် အသံတို့ကိုဖြစ်စေ၊ အခြားအသံ သို့မဟုတ် လှုပ်ရှားနေသော ပုံရိပ်များ သို့မဟုတ် ထုတ်လွှင့်ချက်တို့ကို ဖြစ်စေ မြင်နိုင်ကြားနိုင်ရန်သော်လည်းကောင်း၊ မူပွားခြင်းပြုနိုင်ရန် သော်လည်းကောင်း၊ ဆက်သွယ်ပို့လွှင့်နိုင်ရန်သော်လည်းကောင်း တိပ်ခွေ၊ ဓာတ်ပြား သို့မဟုတ် အခြားကြားခံနယ်တစ်ခုခုတွင် ပထမဦးဆုံး ပေါင်းစပ်ထည့်သွင်းပြီး မှတ်တမ်းပြုသွင်းယူခြင်းကို ဆိုသည်။

(ဗ) **ထုတ်လွှင့်ခြင်း** ဆိုသည်မှာ စာပေအနုပညာလက်ရာကိုဖြစ်စေ၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်ကိုဖြစ်စေ ဂြိုဟ်တုမှတစ်ဆင့် ပို့လွှင့်ခြင်းအပါအဝင် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းကဲ့သို့သော ဝါယာကြိုးဖြင့်ဖြစ်စေ၊ ဝိုင်ယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(ဘ) **ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များ** ဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုနှင့် အသိပညာများကိုဖော်ပြသော၊ ပြသသော၊ ပေါ်လွင်စေသော အောက်ပါဖော်ပြချက် တစ်ခုခု သို့မဟုတ် ယင်းတို့၏ ပေါင်းစပ်ဖော်ပြချက်များ ပါဝင်သော အသွင်ပုံစံတစ်ခုခုကိုဆိုသည် -

(၁) နှုတ်ရေးနှုတ်ရာဖော်ပြချက်များဖြစ်သော ပုံဝတ္ထုများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၊ ကဗျာများ၊ စကားထာများနှင့် အခြားသော ဇာတ်ကြောင်းပြောခြင်းများ၊ စကားလုံးများ၊ အမှတ်အသားများ၊ အမည်နာမများနှင့် သင်္ကေတများ၊

(၂) ဂီတဆိုင်ရာဖော်ပြချက်များဖြစ်သော တေးသီချင်းများနှင့် ဂီတတီးလုံးများ၊

(၃) အပြုအမူဆိုင်ရာ ဖော်ပြချက်များဖြစ်သော အက၊ ပြဇာတ်၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊

(၄) ထိတွေ့ကိုင်တွယ်၍ရသော ဖော်ပြချက်များ (အနုပညာအရ သီးခြားဖန်တီးထုတ်လုပ်ခြင်းများ) ဖြစ်ကြသော ရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့် ပုံစံလက်ရာ၊ ဆေးခြယ်ခြင်း (ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်းအပါအဝင်)၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းသည့် အတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊ မြေထည်၊ ရောင်စုံဖန်မှန် ကျောက်မျက်ရတနာ စသည်တို့ဖြင့် စီခြယ်ခြင်း၊ သစ်သားဖြင့်ပြုလုပ်သည့် လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်း ပြုထားသည့်လက်ရာ၊ ဇာထိုးပန်းထိုးအတတ်ဖြင့် ပြုလုပ်သည့်လက်ရာ၊ အဝတ်အထည်များ၊ ဖန်ထည်များ၊ ကော်ဇောများ၊ ရှေးခေတ် ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေအနှစ်လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေးမင်စာများ။

(မ) **ကွန်ပျူတာပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာဖြင့် သီးသန့်လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်နိုင်ရန် သို့မဟုတ် ရလဒ်ကို ရရှိစေရန် ကွန်ပျူတာမှဖတ်ရှုနိုင်သည့် ကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားသော စာလုံး၊ သင်္ကေတ၊ အစီအစဉ် သို့မဟုတ် အခြားပုံစံတစ်မျိုးမျိုးဖြင့် ဖော်ပြထားသော ညွှန်ကြားမှု အစီအစဉ်တစ်ရပ်ကို ဆိုသည်။

(ယ) **မူပိုင်ခွင့်အခွင့်အရေးရရှိသူကို ဖော်ပြသည့်သတင်းအချက်အလက်များ** ဆိုသည်မှာ စာရေးသူ၊ စာပေအနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်သူ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်ထုတ်လုပ်သူ၊ ဖိုနိုဂရမ်၊ ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားမှ ဟောပြော ဆွေးနွေးသူ၊ ထုတ်လွှင့်ချက်၊ ဤဥပဒေအရ မူပိုင်ခွင့်အခွင့်အရေးတစ်ခုခု ပိုင်ဆိုင်သူတို့ကို ခွဲခြားသတ်မှတ်ပေးသော သတင်းအချက်အလက်များ သို့မဟုတ် စာပေအနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်၊ ထုတ်လွှင့်ချက်တို့ကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် ဖော်ပြပါလက်ရာတို့၏ မိတ္တူတွင်ထည့်သွင်းဖော်ပြရာ၌ဖြစ်စေ၊ ထုတ်လွှင့်ခြင်းနှင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း သို့မဟုတ် အများပြည်သူ အသုံးပြုနိုင်စေရန် ပြုလုပ်ခြင်းတို့တွင် ဆက်စပ်ဖော်ပြရာ၌ဖြစ်စေ ယင်းသတင်း အချက်အလက်များကို ကိုယ်စားပြုသော နံပါတ်၊ သင်္ကေတတစ်ခုခုကို ဆိုသည်။

(ရ) **နည်းပညာဖြင့်ကာကွယ်ထားသောအစီအမံများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ စာပေအနုပညာလက်ရာများ သို့မဟုတ် မူပိုင်ခွင့်နှင့် ဆက်စပ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများကို အသုံးပြုခြင်းနှင့် ရယူခြင်းမှ ကာကွယ်ရန် သို့မဟုတ် ကန့်သတ်ရန် ပုံမှန်ဆောင်ရွက်ရာတွင် စီမံပြုလုပ်ထားသော နည်းပညာ၊ စက်ပစ္စည်းကိရိယာ သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(လ) **မူပွားခြင်း** ဆိုသည်မှာ စာပေအနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို အီလက်ထရွန်နစ်နည်းပညာဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သိမ်းဆည်းထားခြင်း အပါအဝင် ယင်းလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း၊ ပုံစံဖြင့်မဆို မိတ္တူကူးခြင်း၊ တုပခြင်း၊ ပုံတူကူးခြင်း စသည်ဖြင့် မိတ္တူတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပြုလုပ်ခြင်းကို ဆိုသည်။

(ဝ) **အများပြည်သူသို့ဆက်သွယ်ပို့လွှင့်ခြင်း** ဆိုသည်မှာ စာပေအနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်ကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့်နေရာနှင့် အချိန်တွင် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းအပါအဝင် ယင်းတို့ကို ဝိုင်ယာကြိုးဖြင့်ဖြစ်စေ၊ ဝိုင်ယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(သ) **အများပြည်သူသို့ဖြန့်ချိခြင်း** ဆိုသည်မှာ စာပေအနုပညာလက်ရာ၊ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းထားသော ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တို့၏မူရင်း သို့မဟုတ် မိတ္တူကို ထိတွေ့ကိုင်တွယ်၍ ရသော ပုံစံအသွင်ဖြင့် ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် မူပိုင်ခွင့်ပိုင်ရှင်လွှဲပြောင်း၍ ဖြန့်ချိခြင်းကို ဆိုသည်။ ယင်းတွင် ဖြန့်ချိရန်အလို့ငှာ တင်သွင်းခြင်း၊ အများပြည်သူသို့ ရောင်းချခြင်းနှင့် တစ်နည်းနည်းဖြင့် မူပိုင်ခွင့်ပိုင်ရှင် လွှဲပြောင်းခြင်းတို့ ပါဝင်သည်။

(ဟ) **ထုတ်ဝေသည့်လက်ရာ** ဆိုသည်မှာ စာပေအနုပညာလက်ရာဖြစ်ပါက မူပိုင်ခွင့် ပိုင်ရှင် သို့မဟုတ် မူလလက်ရာရှင်၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ဖိုနိုဂရမ် ဖြစ်ပါက ထုတ်လုပ်သူ၏ သဘောတူညီချက်ဖြင့်လည်းကောင်း စာပေအနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်၏မိတ္တူကို အများပြည်သူသို့ ရောင်းချရန်၊ ငှားရမ်းရန်၊ တစ်နည်းနည်းဖြင့် မူပိုင်ခွင့်ပိုင်ရှင်လွှဲပြောင်းရန် သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ရန်အတွက် သင့်လျော်သော အရေအတွက်ဖြင့် မိတ္တူပွားထားသော စာပေအနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို ဆိုသည်။

(ဠ) **အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် -

(၁) မွေးရာပါအမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်၊

(၂) အမြင်အာရုံ သို့မဟုတ် အသိဉာဏ်စွမ်းရည် သို့မဟုတ် ဖတ်နိုင်စွမ်းရည်ချို့တဲ့ခြင်းမရှိသူများနှင့်တန်းတူ အမြင်အာရုံဆိုင်ရာ လုပ်ဆောင်ချက်များ တိုးတက်လာခြင်းမရှိသောပုဂ္ဂိုလ်၊

(၃) ကိုယ်ခန္ဓာမသန်စွမ်းမှုကြောင့် စာအုပ်ကိုပင် ဆုပ်ကိုင်ထားနိုင်ခြင်း မရှိသောပုဂ္ဂိုလ် သို့မဟုတ် စာဖတ်ရန်အတွက် ပုံမှန်သတ်မှတ်ထားသော အကွာအဝေးအတွင်း မျက်လုံးကိုစူးစိုက်ခြင်း သို့မဟုတ် ရွှေ့လျားခြင်း မပြုနိုင်သော ပုဂ္ဂိုလ်။

(အ) **တာဝန်ရှိအဖွဲ့အစည်း** ဆိုသည်မှာ အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားသော စာအုပ်စာပေများ သို့မဟုတ် သတင်းအချက်အလက်များ၊ ပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ကို အကျိုးအမြတ်အတွက်မရည်ရွယ်ဘဲ ထောက်ပံ့ပေးရန် ပြည်ထောင်စုအစိုးရက တရားဝင်ခွင့်ပြုထားသည့် အဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဖော်ပြပါ လုပ်ငန်းများကို အကျိုးအမြတ်မပါဘဲ ဆောင်ရွက်ပေးသော အဖွဲ့အစည်း သို့မဟုတ် အစိုးရအဖွဲ့အစည်းများလည်း ပါဝင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၈၃)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ဥပဒေအမြင်



ဦးဟန်ညွန့် (ဥပဒေ)

**ပုဒ်မ ၁၄၄နှင့်ရာဇသတ်ကြီး**

"အကြမ်းဖက်မှုနဲ့ ပတ်သက်တဲ့၊ ညမထွက်ရအမိန့်ထုတ်တဲ့ ပုဒ်မ ၁၄၄နဲ့ ရာဇသတ်ကြီး ဥပဒေပုဒ်မတွေအကြောင်း ဖတ်ရတယ်ဆရာ။ **အထူးဥပဒေမရှိဘူးလား။** အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဘယ်အချိန်မှာသုံးစွဲမလဲ။ ရာဇသတ်ကြီးဥပဒေနဲ့ပဲ အရေးယူချင်တယ်။ ဘာလုပ်ရမလဲ။ ဘယ်လိုပြဋ္ဌာန်းချက်ရှိပါသလဲ။ ဗဟုသုတ အနေနဲ့ရေးပြပါ"ဟု မိတ်ဆွေတစ်ဦးက ဆိုလာပါသည်။ ထို့ကြောင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအကြောင်း ခြုံငုံတင်ပြလိုက်ရပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ**

အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ခုနှစ်ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၂၃ဖြင့် ၄၊ ၆၊ ၂၀၁၄နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ပုဒ်မပေါင်း ၇၂ ခုပါဝင်သည်။ အခန်းပေါင်း (၁၉)ခန်းရှိသည်။

**ဤဥပဒေဖြင့်သာ**

"**တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အကြမ်းဖက်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်**"ဟု အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၉ တွင် ပြဋ္ဌာန်းထားသည်။

"အကြမ်းဖက်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့ကလွှဲအပ်ပေးထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။" ဟုလည်း အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၀တွင် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်းဖော်ပြထားသည်။

**အခန်းပေါင်း (၁၉)ခန်း**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် - အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်၊ ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများကို တားဆီးနှိမ်နင်းခြင်းနှင့် တိုက်ဖျက်ခြင်း၊ အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအပေါ် ကျူးလွန်မှုများကို တားဆီးနှိမ်နင်းခြင်း၊ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုများကို တားဆီးနှိမ်နင်းခြင်း၊ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယား အဆောက်အအုံများနှင့် သက်ဆိုင်သည့် ပြစ်မှုများနှင့်ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို တားဆီးနှိမ်နင်းခြင်း၊ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းခြင်း၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းခြင်း၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း၊ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တရားခံအား လွှဲပြောင်းပေးခြင်း၊ အရေးယူရာတွင် တရားမျှတစွာ ပြုမူဆက်ဆံခြင်း၊ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တိုက်ဖျက်ရေးရန်ပုံငွေ၊ အထွေထွေအခန်းများ ပါဝင်သည်။




**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

"အကြမ်းဖက်မှုတစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်"ဟု အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉ တွင် ပြဋ္ဌာန်းထားသည်။ အကြမ်းဖက်မှုအပေါ် ထိရောက်ဟန့်တား ပြစ်ဒဏ်ချမှတ်ကြောင်း ထင်ရှားသိသာစေပါသည်။ အခြားအခြားသော ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကို ပုဒ်မ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅ နှင့် ၅၆ တို့ဖြင့် ဖော်ပြဋ္ဌာန်းထားသည်။ (အကျယ်ကို မူရင်းဥပဒေတွင် ဖတ်ရှုနိုင်ပါသည်။)

**နိုင်ငံတော်ဆိုသည်မှာ**

နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်။ [အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃(က)]

**အကြမ်းဖက်မှုဆိုသည်မှာ**

အကြမ်းဖက်မှုဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ပြုလုပ်မှုနှင့် ပြုလုပ်ရန် ပျက်ကွက်မှုများကို ဆိုသည်-

(၁) အခန်း(၄)တွင် ပြဋ္ဌာန်းထားသော မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှု

(၂) အခန်း (၅)တွင် ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်များအပါအဝင် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား ကျူးလွန်သည့်ပြစ်မှု

(၃) အခန်း(၆)တွင် ပြဋ္ဌာန်းထားသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှု

(၄) အခန်း(၇)တွင် ပြဋ္ဌာန်းထားသော နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့်ပြစ်မှု

(၅) အခန်း(၈)တွင် ပြဋ္ဌာန်းထားသော ပင်လယ်ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ကိုဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့် ပြစ်မှု

(၆) အခန်း(၉)တွင် ပြဋ္ဌာန်းထားသော ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ် ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှု

(၇) အခန်း(၁၀)တွင် ပြဋ္ဌာန်းထားသောအမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှု

(၈) အခန်း(၁၁)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှု

(၉) အခန်း(၁၂)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်မှုကို ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုနှင့်သက်ဆိုင်သည့်ပြစ်မှု

(၁၀) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ

(၁၁) ပြည်ပရှိ နိုင်ငံတော်ပိုင် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင် ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးအပါအဝင် သံတမန်ဆိုင်ရာ ရုံးများကိုလည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှု

(၁၂) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ၊ လက်နက်နှင့်ခဲယမ်းမီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးလားလက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ သို့မဟုတ် နျူကလီးယား ဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန်ကမ်းလှမ်းသည့်ပြုလုပ်မှုများ

(၁၃) အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက် ကိုင်ပဋိပက္ခတိုက်ပွဲဖြစ်နေသည့်အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကို ဖြစ်စေ၊ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများ

(၁၄) အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် အကြမ်းဖက်မှုများ

(၁၅) အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်စေသူတစ်ဦးဦးအား ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒ ဖြန့်မှု၊ စုဆောင်းရန်ပြုလုပ်မှုများ

(၁၆) အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန် တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ

(၁၇) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်းပြုလုပ်မှုများ

(၁၈) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေး ပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်ဆိုင်ရာလေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေးစီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ

**ဥပဒေ၏ ရည်ရွယ်ချက်**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၏ **ရည်ရွယ်ချက် (၅)ချက်မှာ-**

(၁) လူသားတို့၏ အသက်နှင့် ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း၊ အခြေခံအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း၊ အကြမ်းဖက်မှုကျူးလွန်ခြင်းကို တားဆီးကာကွယ်ရန်

(၂) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် နည်းလမ်းမျိုးစုံအသုံးပြု၍ အကြမ်းဖက်မှုကျူးလွန်ခြင်းကို ကာကွယ်ရန်

(၃) အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများ၊ ယင်းတို့၏ လှုပ်ရှားမှုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်မှုကိုဖြစ်စေသည့် အကြောင်းအရင်းများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများကို ဖော်ထုတ်၍ ကာကွယ်တားဆီးအရေးယူရန်

(၄) အကြမ်းဖက်မှုများကို ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အာဆီယံ ကွန်ဗင်းရှင်းတို့နှင့် လိုက်လျောညီထွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်

(၅) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ရန်တို့ဖြစ်ပါသည်။ **(ပုဒ်မ ၄)**

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအခန်း(၁၅)တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းခေါင်းစဉ်ဖော်ပြပါရှိသည်။ ဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီသည် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။ တရားခံအား လွှဲပြောင်းပေးခြင်းကိစ္စရပ်များအပါအဝင် လိုအပ်သလို စီမံဆောင်ရွက်နိုင်ပါသည်။ ဥပဒေပုဒ်မ ၆၁ အရ တရားမျှတစွာ ပြုမူဆက်ဆံခြင်း၊ အခြားခံစားခွင့် အခွင့်အရေးများ အာမခံချက်ရရှိစေခြင်းရှိစေရပါမည်။

**စေတနာ**

(၁) နိုင်ငံတော်သည် တရားဥပဒေနှင့်အညီသာ အကြမ်းဖက်မှု တိုက်ဖျက်ရေးကို အစဉ်တစိုက် ဆောင်ရွက်သွားမည်။

(၂) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများကိုလည်း လိုက်နာ၍ နိုင်ငံကြီးသားပီသစွာ အခြေခံမေတ္တာမြန်မာ့စိတ်ရင်းဖြင့် အကြမ်းဖက်မှုများကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ ...။

"**အကြမ်းဖက်မှုတစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်"ဟု အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉ တွင် ပြဋ္ဌာန်းထားသည်။ အကြမ်းဖက်မှုအပေါ် ထိရောက်ဟန့်တား ပြစ်ဒဏ်ချမှတ်ကြောင်း ထင်ရှား သိသာစေ**



## မန္တလေး-ပြင်ဦးလွင် ကားလမ်းအဆင့်မြှင့်တင်မှု ၂၁ မိုင်အထိ ပြီးစီး

**မန္တလေး ဩဂုတ် ၂၄**

မန္တလေး-ပြင်ဦးလွင် မော်တော်ကားလမ်းသည် ၄၂ မိုင်ကွာဝေးလျက်ရှိပြီး ယခုအခါ လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်မြို့မှစတင်၍ ၂၁ မိုင်ကျေးရွာအထိ လမ်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းက အတက်လမ်း၊ အဆင်းလမ်း ခွဲခြားဖောက်လုပ်လျက်ရှိပြီး လမ်းတစ်ခုစီတွင် နှစ်လမ်းမောင်း အသုံးပြုနိုင်၍ လေးလမ်းသွားနိုင်လွန်ကတ္တရာခင်းလမ်းဖြစ်ကြောင်း သိရသည်။

လမ်းဖောက်လုပ်နေသည့် ကာလအတွင်း တောင်ခြေအထက် မိုင်တိုင်အမှတ် (၁၆)မိုင်မှ စတင်၍ အတက်လမ်းကို ခေတ္တပိတ်ထားပြီး အဆင်းလမ်းကိုသာ အသုံးပြုကြရသည်။ အတက်၊ အဆင်း ကားများအား မိနစ် ၃၀ စီ အလှည့်ပေး၍ အသွားအလာပြုနေရသော်လည်း ၂၁ မိုင်ကျေးရွာမှစတင်၍ ပြင်ဦးလွင်မြို့ ရောက်သည်အထိ ညီညာချောမွေ့ကောင်းမွန်သော အဆင့်မြင့်လမ်းမကြီး မောင်းနှင်အသုံးပြုနေရပြီဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရှန်းနေ၏ အင်္ဂလန်ကစားသမားဘဝကုန်ဆုံးပြီဟု

## တိုက်စစ်မှူးဟောင်း ဂျီယိုဟက် ယူဆ

အဲဗာတန်တိုက်စစ်မှူး ဝိန်းရှန်းနေ၏ အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝ ကုန်ဆုံးသွားခဲ့ပြီဟု ယူဆကြောင်း အင်္ဂလန်တိုက်စစ်မှူးဟောင်း ဂျီအော့ဟက်က ထုတ်ဖော်ပြောဆိုလိုက်သည်။ အသက် ၇၅ နှစ်အရွယ်ရှိပြီဖြစ်သည့် တိုက်စစ်မှူးဟောင်း ဂျီယိုဟက်သည် အင်္ဂလန်အသင်းက အနောက်ဂျာမနီအသင်းအား ၄-၂ ဖြင့် အနိုင်ရခဲ့သည့် ၁၉၆၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ယခု နွေရာသီအတွင်းတွင် မန်ယူမှ အဲဗာတန်သို့ ပြောင်းရွှေ့ခဲ့သူ တိုက်စစ်မှူးရှန်းနေသည် ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ရာသီအဖွင့်ပွဲစဉ် နှစ်ပွဲ၌ နှစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ယခုကဲ့သို့ ခြေစွမ်းကောင်း ပြန်လည်ရရှိလာခြင်းကြောင့် လာမည့် စက်တင်ဘာလအတွင်း အင်္ဂလန်အသင်းက မော်လ်တာ၊ ဆလိုဗက်ကီးယားတို့နှင့် ရင်ဆိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများတွင် နိုင်ငံအသင်းအတွက် ပြန်လည်ပါဝင်ခွင့်ရရှိလိမ့်မည်ဟု ယူဆမှုများ မြင့်တက်လာခဲ့သည်။ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ၅၃ ဂိုးသွင်းယူပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားသူ တိုက်စစ်မှူး ရှန်းနေ (၃၁နှစ်)သည် အင်္ဂလန်အသင်း နောက်ဆုံးကစားခဲ့သော နိုင်ငံတကာပွဲ ငါးပွဲစလုံးတွင် ပါဝင်ခွင့် ရရှိခဲ့ခြင်းမရှိဘဲ ၂၀၁၆ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းမှ စတင်ကာ နိုင်ငံအသင်းနှင့် ကင်းကွာနေခဲ့သူဖြစ်သည်။

တိုက်စစ်မှူးဟောင်း ဂျီအော့ဟက် က "အင်္ဂလန်လက်ရွေးစင်အသင်း မန်နေဂျာ ဆောက်ဂိတ်အနေနဲ့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်အချို့ချမှတ်ဖို့လိုနေပါတယ်။ ရှန်းနေက ကစားသမားကောင်းတစ်ဦးပါ။ ဒါပေမယ့် သူဟာ ပြီးခဲ့တဲ့ ဘောလုံး ရာသီအတွင်းမှာ မန်ယူအသင်းအတွက် ပုံမှန်ကစားခွင့်မရခဲ့ဘူး။ ကလပ်မှာ ပုံမှန်ကစားခွင့်မရခဲ့သူတစ်ဦးဟာ နိုင်ငံအသင်းကို ကိုယ်စားပြုပါဝင်ဖို့ မသင့်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော့်ရဲ့အမြင်ကို ပြောရရင်တော့ ရှန်းနေရဲ့ အင်္ဂလန်ကစားသမားဘဝက ကုန်ဆုံးသွားပါပြီ" ဟု ပြောဆိုခဲ့သည်။

## တိုက်စစ်မှူး ဂျေမီဗာဒီကို ချယ်လ်ဆီးအသင်း ပစ်မှတ်ထားလာ

ပရီမီယာလိဂ် ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ယခုနွေရာသီဈေးကွက်မပိတ်သိမ်းမီတွင် တိုက်စစ်အား အင်အားဖြည့်တင်းရန်အတွက် လက်စတာအသင်း တိုက်စစ်မှူး ဂျေမီဗာဒီကို ခေါ်ယူရန် စဉ်းစားလျက်ရှိကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ချယ်လ်ဆီးအသင်းသည် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် စပိန်တိုက်စစ်မှူး မိုရာတာကို ပြောင်းရွှေ့ကြေး ပေါင် ၆၇ သန်းဖြင့် ရီးရဲမက်ဒရစ်အသင်းထံမှ ခေါ်ယူထားပြီဖြစ်သည်။ သို့သော်လည်း ချယ်လ်ဆီးမန်နေဂျာ ကွန်တီသည်အသင်းမှတိုက်စစ်မှူး ဒီယေဂိုကော်စတာအား ဖယ်ရှားရန် ရည်ရွယ်ထားခြင်းကြောင့် နွေရာသီဈေးကွက်မပိတ်သိမ်းမီတွင် တိုက်စစ်မှူးသစ်တစ်ဦး ထပ်မံခေါ်ယူသွားရန် စီစဉ်နေခြင်းဖြစ်သည်။ အင်္ဂလန်တိုက်စစ်မှူး ဂျေမီဗာဒီသည် အသက် ၃၀ အရွယ်ရှိပြီဖြစ်သောကြောင့် အခြားလူငယ်တိုက်စစ်မှူးများထက် သက်သာသည့် ပြောင်းရွှေ့ကြေး ပမာဏဖြင့် ချယ်လ်ဆီးအသင်းက ခေါ်ယူနိုင်ရန်အလားအလာရှိကြောင်း၊ ထို့အပြင် တိုက်စစ်မှူး ဗာဒီသည် ချယ်လ်ဆီးအသင်းက ရှာဖွေနေသည့် ကစားဟန်မျိုးရှိသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

တိုက်စစ်မှူး ဂျေမီဗာဒီသည် ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် အာဆင်နယ်အသင်း၏ စိတ်ဝင်စားမှုကို ခံခဲ့ရသူဖြစ်သော်လည်း ၂၀၁၆ ခုနှစ် ဇွန်လအတွင်းတွင် လက်စတာအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဂျေမီဗာဒီသည် ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲအဖွင့်ပွဲအဖြစ် လက်စတာအသင်းက အာဆင်နယ်အသင်းကို အဝေးကွင်း၌ ၄-၃ ဂိုးဖြင့် အရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် လက်စတာအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဂျေမီဗာဒီသည် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် လက်စတာအသင်းအတွက် စုစုပေါင်း ၄၈ ပွဲ ပါဝင်ကစားခဲ့ကာ ၁၆ ဂိုး သွင်းယူခဲ့သူဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် လက်စတာအသင်း ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ဒရင့်ဝါးတားကိုလည်း ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေကာလာမည့် သီတင်းပတ်အတွင်း အင်္ဂလန်ကွင်းလယ်ကစားသမား ဒရင့်ဝါးတားကို ခေါ်ယူရေးအပြီးသတ်နိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။

## အီဘရာဟီမိုဗစ်အမည် ရိုက်နှိပ်ထားသည့်

## မန်ယူဂျာစီသစ်များကို Adidas ရောင်းချ

မန်ယူအသင်း၏ ဂျာစီစပွန်ဆာ ဖြစ်သည့် Adidas ကုမ္ပဏီသည် တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ အမည် ရိုက်နှိပ်ထားသည့် မန်ယူအသင်းဂျာစီအသစ်များကို ကုမ္ပဏီဝက်ဘ်ဆိုက်မှတစ်ဆင့် ရောင်းချနေခြင်းကြောင့် ဝါရင့်တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် မန်ယူကစားသမားတစ်ဦးအဖြစ် တစ်ကျော့ပြန်ပါဝင်လာရန် နီးစပ်နေပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ် (၃၅နှစ်)သည် မန်ယူအသင်းနှင့် တစ်ရာသီသက်တမ်းရှိ စာချုပ်ချုပ်ဆိုကာ ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်း၌ ပါဝင်ကစားခဲ့ပြီး အဆိုပါရာသီတွင် မန်ယူအတွက် စုစုပေါင်း ၂၈ ဂိုး သွင်းယူပြီး မန်ယူအသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ၂၀၁၆-၁၇ ခုနှစ် ရာသီပြီးဆုံးခါနီးအချိန်တွင် ပြင်းထန်သည့် ဒူးဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ သို့သော်လည်း လက်ရှိအချိန်တွင် အီဘရာဟီမိုဗစ်သည် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝလာရန် နီးစပ်နေပြီဖြစ်သောကြောင့် မန်ယူအသင်းနှင့် တစ်နှစ်သက်တမ်းရှိ စာချုပ်ထပ်မံချုပ်ဆိုရန် အသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

Adidas ကုမ္ပဏီသည် အီဘရာ ဟီမိုဗစ်၏ အမည် ရိုက်နှိပ်ထားသည့် မန်ယူအသင်းဂျာစီများကို ရောင်းချရန် ကြေညာရာတွင် ဂျာစီနံပါတ်အား နံပါတ် ၁၀ အဖြစ် ရိုက်နှိပ်ဖော်ပြခဲ့သည်။ အီဘရာဟီမိုဗစ်သည် ပြီးခဲ့သည့် ရာသီတွင် မန်ယူအသင်း၌ နံပါတ် ၉ ဂျာစီကို ဝတ်ဆင်ကစားခဲ့သော်လည်း ယခုနှစ်ရာသီတွင် နံပါတ် ၉ ဂျာစီအား မန်ယူအသင်း၏ တိုက်စစ်မှူးသစ်ဖြစ်သူ လူကာကူက ဝတ်ဆင်ကစားနေသည်။ မန်ယူအသင်းတွင် နံပါတ် ၁၀ ဂျာစီ ဝတ်ဆင်ကစားခဲ့သူ တိုက်စစ်မှူး ဝိန်းရှန်းနေသည် သူ၏အသင်းဟောင်းဖြစ်သည့် အဲဗာတန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားခြင်းကြောင့် လက်ရှိအချိန်တွင် မန်ယူအသင်း၌ နံပါတ် ၁၀ ဂျာစီပိုင်ရှင် လစ်လပ်လျက်ရှိသည်။

မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုကလည်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် မန်ယူအသင်းတွင် ပြန်လည်ပါဝင်ကစားဖြစ်နိုင်ကြောင်း ယခုရာသီမစတင်မီက ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။

ထက်အောင်

ပရီမီယာလိဂ်တန်းတက်အသင်းဖြစ်တဲ့ ဟက်ဒါဖီးလ်။ လက်ရှိ ပရီမီယာလိဂ်ပွဲစဉ် (၂) အပြီးမှာ ပရီမီယာလိဂ်တန်းစီဇယားရဲ့နှစ်နေရာမှာ ရှိနေပြီး မန်ယူအသင်းနဲ့အမှတ်တူ ရယူထားတဲ့အသင်းလို့ပြောရမယ်။ အခုလို အစကောင်းနေတဲ့တဲ့ ဟက်ဒါဖီးလ်ဟာ ကံကောင်းလို့လား။ တကယ်ကောင်းလို့လား။ လျှော့တွက်မိတဲ့အသင်းတွေခံရတာလား။ ဒါပေမယ့် အောင်မြင်တဲ့ ထိပ်တန်းအသင်းတွေ့ရဲ့နောက်ခံသမိုင်းကြောင်းကို ကြည့်မယ်ဆိုရင် ကောင်းမွန်တဲ့ကံကြမ္မာကောင်းတွေ ရှိတယ်ဆိုတာက မြင်သာထင်သာရှိတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ကို ရောက်လာခဲ့တဲ့အသင်းသစ်တိုင်းကတော့ ဟန်ချက်ညီဖို့နဲ့ လိုအပ်မှုတွေဟာ ရှိနေဦးမယ်ဆိုတာ သေချာလွန်းပါတယ်။



# အစကောင်းပြီး အနှောင်းသေချာမလားလို့ကြည့်ရမယ့် ဟက်ဒါဖီးလ်

အောင်က

ပြီးခဲ့တဲ့ နှစ်ပွဲမှာ ပြိုင်ဘက်အသင်းတွေအနေနဲ့ ဟက်ဒါဖီးလ်ကို လျှော့တွက်ခဲ့တာမဟုတ်ဘူးဆိုရင်တော့ အဲ့ဒီအသင်းမှာ မမြင်နိုင်တဲ့အရည်အချင်း ကောင်းတွေရှိနေတယ်လို့ ဆိုရမလိုပါပဲ။ ဒါပေမယ့်အသင်းရဲ့ ရာသီအစကောင်းခဲ့ခြင်းကို မန်နေဂျာဝှစ်ဂ်နာ ကိုယ်တိုင်က အံ့အားသင့်တယ်လို့ ဆိုထားခဲ့ပါတယ်။ ဟက်ဒါဖီးလ်မန်နေဂျာ ဝှစ်ဂ်နာက "အခုလို ရာသီအစမှာနိုင်ပွဲ တွေရမယ်လို့ မမျှော်လင့်ထားခဲ့ပါဘူး။ ပွဲတိုင်းမှာ အကောင်းဆုံးကစားပြီး အခွင့်အရေးတွေ ရယူသွားဖို့သာ ဆန္ဒရှိခဲ့တာပါ။ နှစ်ပွဲမှာ ခြောက်မှတ်ရရှိခဲ့ခြင်းက အတိုင်းထက်အလွန်လို့ ပြောရမှာပါ။ နှစ်ပွဲလုံးလည်း ဂိုးမပေးရပါဘူး။ အခုရမှတ်တွေဟာ ကျွန်တော်တို့အတွက် ထိုက်တန်တယ်လို့ ထင်ပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ ပွဲတွေရဲ့ အခြေအနေတွေကိုကြည့်ရင် ဟက်ဒါဖီးလ်ဟာ သူတို့ရဲ့ ကစားပုံနည်းစနစ်တိုင်းကိုလည်း ယုံကြည်မှုရှိပါတယ်။ ဒါကြောင့်လည်း ကွင်းထဲမှာ သူတို့ရဲ့ကစားကွက်ကို ယုံကြည်မှုရှိရှိနဲ့ ကစားတာကို တွေ့ရတာဖြစ်ပါတယ်။

ကစားပုံနဲ့ ခြေစွမ်းပိုင်း တကယ်ကောင်းလို့လားဆိုတဲ့ ဟက်ဒါဖီးလ်နဲ့ပတ်သက်ပြီး လူတိုင်းက မေးကြတဲ့မေးခွန်းလို့ ပြောရမှာပါ။ ဘောလုံးပညာရှင်တွေက အမျိုးမျိုးဆွေးနွေးပြောဆိုတာတွေတော့ရှိတယ်။ ဟက်ဒါဖီးလ် မန်နေဂျာ ဝှစ်ဂ်နာအနေနဲ့အသင်းကို စုစည်းညီညွတ်မှုအပြည့်နဲ့ အင်တိုက်အားတိုက်ကစားနိုင်ဖို့ အတွက် ဖန်တီးနိုင်စွမ်းရှိတဲ့သူ ဖြစ်တယ်။ လက်ရှိအချိန်မှာ ဟက်ဒါဖီးလ်အသင်းရဲ့ ဘောလုံးလုယူဆွဲပြေးနိုင်မှုဟာ ပရီမီယာလိဂ်အသင်းတွေထဲမှာ ထိပ်ဆုံးမှာရှိနေပြီး ပြစ်ဒဏ်ဘောအပေးရဆုံးအသင်းတွေထဲမှာတော့ ဒုတိယနေရာမှာရှိနေပါတယ်။ အကြိမ်အရေအတွက်က ၃၂ ကြိမ်ပါ။ လက်ရှိပရီမီယာလိဂ် အသင်းတွေထဲမှာလည်း ဂိုးမပေးရဘဲ ဂိုးသွင်းအများဆုံးအသင်းအဖြစ် ရပ်တည်နေတာဆိုလို့ ဟက်ဒါဖီးလ်ရဲ့အထက်မှာ မန်ယူတစ်သင်းသာ ရှိပါတယ်။

ဒီနှစ်ရာသီမှာဆိုရင် ဟက်ဒါဖီးလ်အသင်းဟာ အဖွင့်ပွဲစဉ် နှစ်ပွဲမှာ ခံစစ်အမှားဆိုလို့ တစ်ကြိမ်သာရှိပါတယ်။ အဲ့ဒါဟာ အသင်းအတွက်တော့ အောင်မြင်မှုတွေ ရရှိဖို့ကြိုးစားတဲ့နေရာမှာ အရေးကြီးတယ်လို့ဆိုရမှာပါ။ ပြီးခဲ့တဲ့ နှစ်ရာသီအတွင်း ပွဲဦးထွက် နှစ်ပွဲမှာ ရှုံးနိမ့်ခဲ့တဲ့အသင်းသေးတိုင်းဟာ ပရီမီယာလိဂ်ကနေ တန်းဆင်းဖို့ များခဲ့ပါတယ်။ အခုတော့ ဟက်ဒါဖီးလ်က အနိုင်တွေရနေတဲ့အပြင် ဂိုးမပေးရခြင်းကြောင့် ဒီနှစ်ရာသီအဖွင့်ကတော့ အကောင်းတွေနဲ့ စတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ထိပ်တန်းအသင်းကြီး ခြောက်သင်းနဲ့ မတွေ့ရသေးလို့အခုလို ရလဒ်တွေ ရရှိနေတယ်လို့လည်း ဝေဖန်မှုတွေတော့ ရှိပါတယ်။

ဒါကြောင့်ဟက်ဒါဖီးလ်အနေနဲ့ အသင်းသေးတွေနဲ့မဟုတ်ဘဲ အသင်းကြီးတွေနဲ့တွေ့တဲ့အခါ ဘယ်လိုစွမ်းဆောင်မှုတွေ ထုတ်ပြနိုင်လဲဆိုတာကလည်း လူတိုင်းကသိချင်နေတဲ့အရာလို့ပြောရမှာပါ။ ဟက်ဒါဖီးလ်အတွက် အရည်အချင်းအစမ်းသပ်ခံရမယ့်ပွဲက စက်တင်ဘာလ ၃၀ ရက်နေ့မှာ ကစားရမယ့် စပါးအသင်းနဲ့ပွဲဖြစ်ပါတယ်။ ဒါဟာ ဟက်ဒါဖီးလ်အတွက်တော့ ပရီမီယာလိဂ်ရဲ့ အင်အားကြီးအသင်းတွေနဲ့ စတင်ယှဉ်ပြိုင်ရမယ့်ပွဲလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အဲ့ဒီပွဲအပြီး တစ်ပတ်အကျော်မှာတော့ ဟက်ဒါဖီးလ်ဟာ မန်ယူ၊ လီဗာပူးတို့နဲ့ ဆက်တိုက်ထပ်မံကစားရဦးမှာဖြစ်ပါတယ်။ ဒါပေမယ့်မမေ့သင့်တာကတော့ ပြီးခဲ့တဲ့ရာသီက ဟက်ဒါဖီးလ်ဟာ မန်စီးတီးအသင်းကို အက်ဖ်အေဖလားပြိုင်ပွဲပထမအကျော့မှာတော့ ဂိုးမရှိသရေကျအောင် ခံကစားနိုင်ခဲ့ပါတယ်။ လီဗာပူးအသင်းဆိုရင်လည်း ချန်ပီယံလိဂ်ပွဲတွေရှိနေတာကြောင့် ကစားသမားတွေပွဲပန်းမှုတွေကြုံတွေ့နိုင်တာကြောင့်လည်း ဟက်ဒါဖီးလ်အနေနဲ့ ကံကောင်းမှုတွေတော့ ကြုံတွေ့နိုင်ပါသေးတယ်။

ဟက်ဒါဖီးလ်အသင်းရဲ့ လက်ရှိအခြေအနေတွေကတော့ အကောင်းဘက်ကိုရောက်နေတာဟာ လတ်တလောအချိန်မှာတော့ အပြောမဟုတ်လက်တွေ့လို့ ပြောရမှာပါ။ ပရီမီယာလိဂ်ကို ရောက်လာတာဟာ နှစ်ပတ်သားသာရှိနေသေးတဲ့ ဟက်ဒါဖီးလ်အတွက်ကလည်း သူလုပ်နိုင်တာကိုတော့ အကောင်းဆုံးလုပ်ပြထားနိုင်တယ်လို့ ပြောရမှာပါ။ ဒါကြောင့်နောက်ပိုင်းမှာသာ အသင်းရဲ့အခြေအနေတွေဟာ မန်နေဂျာဝှစ်ဂ်နာရဲ့လက်အောက်မှာ အကောင်းဆုံး ရှိနေဦးမယ်ဆိုရင်တော့ ရာသီကုန်ရင် တန်းဆင်းဇယားအောက်ဆုံးမှာ ဟက်ဒါဖီးလ်ကို ရှာတွေ့မှာ မဟုတ်ဘူးလို့ ဆိုရမှာပါ။ ။

**ဟက်ဒါဖီးလ်က အနိုင်တွေရနေတဲ့အပြင် ဂိုးမပေးရခြင်းကြောင့် ဒီနှစ်ရာသီအဖွင့်ကတော့ အကောင်းတွေနဲ့စတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ထိပ်တန်းအသင်းကြီး ခြောက်သင်းနဲ့ မတွေ့ရသေးလို့ အခုလိုရလဒ်တွေ ရရှိနေတယ်လို့လည်း ဝေဖန်မှုတွေတော့ ရှိပါတယ်။**



## ပရီမီယာလိဂ်ပွဲစဉ်(၃)

**စနေနေ့ (၂၆-၈-၁၇)**

| | | | |
|---|---|---|---|
| ညနေ ၆း၀၀ | ဘုန်းမောက် | □ - □ | မန်စီးတီး |
| ည ၈း၃၀ | ပဲလေ့စ် | □ - □ | ဆွမ်ဆီး |
| ည ၈း၃၀ | ဟက်ဒါဖီးလ် | □ - □ | ဆောက်သမ်တန် |
| ည ၈း၃၀ | နယူးကာဆယ် | □ - □ | ဝက်စ်ဟမ်း |
| ည ၈း၃၀ | ဝက်ဖို့ဒ် | □ - □ | ဘရိုက်တန် |
| ည ၁၁း၀၀ | မန်ယူ | □ - □ | လက်စတာ |

**တနင်္ဂနွေနေ့ (၂၇-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | ချယ်လ်ဆီး | □ - □ | အဲဗာတန် |
| ည ၇း၀၀ | ဝက်စ်ဘရွန်း | □ - □ | စတုတ် |
| ည ၉း၃၀ | လီဗာပူး | □ - □ | အာဆင်နယ် |
| ည ၉း၃၀ | စပါး | □ - □ | ဘန်လေ |

## စပိန်လာလီဂါပွဲစဉ်(၂)

**သောကြာနေ့ (၂၅-၈-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၀၀း၄၅ | ဆိုစီဒက်စ် | □ - □ | ဗီလာရီးရဲ |
| နံနက် ၂း၃၀ | ဘက်တစ် | □ - □ | ဆဲလ်တာဗီဂို |

**စနေနေ့ (၂၆-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၄၅ | အလာဗက်စ် | □ - □ | ဘာစီလိုနာ |
| နံနက် ၀၀း၄၅ | လီဗန်တေး | □ - □ | ဒီပို့တီဗို |
| နံနက် ၀၀း၄၅ | ဂျီရိုနာ | □ - □ | မာလာဂါ |
| နံနက် ၂း၄၅ | လက်ပဲလ်မက်စ် | □ - □ | အက်သလက် |

**တနင်္ဂနွေနေ့ (၂၇-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၄၅ | အက်စ်ပန်ညို | □ - □ | လီဂါနက်စ် |
| ည ၁၀း၄၅ | အီဘား | □ - □ | ဘီဘာအို |
| နံနက် ၀၀း၄၅ | ဂီတာဖေး | □ - □ | ဆီဗီလာ |
| နံနက် ၂း၄၅ | ရီးရဲမက်ဒရစ် | □ - □ | ဗလင်စီယာ |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၂)

**သောကြာနေ့ (၂၅-၈-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ | ကိုလုံး | □ - □ | ဟမ်းဘတ် |

**စနေနေ့ (၂၆-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | ဝါဒါဘရီမင် | □ - □ | ဘိုင်ယန် |
| ည ၈း၀၀ | ဖရန့်ဖွတ် | □ - □ | ဝုဖ်ဘတ် |
| ည ၈း၀၀ | လေဗာကူဆင် | □ - □ | ဟော့ဖန်ဟိန်း |
| ည ၈း၀၀ | အော့စ်ဘတ် | □ - □ | ဂလာဘတ်ချ် |
| ည ၈း၀၀ | စတုဂတ် | □ - □ | မိန့်ဇ် |
| ည ၁၁း၀၀ | ဒေါ့မွန် | □ - □ | ဟာသာဘာလင် |

**တနင်္ဂနွေနေ့ (၂၇-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | လိုက်ပဇစ် | □ - □ | ဖရိုင်းဘတ် |
| ည ၁၀း၃၀ | ဟန်နိုဗာ | □ - □ | ရှော်လ်ကေး |

## ပြင်သစ်ပထမတန်းပွဲစဉ်(၄)

**သောကြာနေ့ (၂၅-၈-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | ပီအက်စ်ဂျီ | □ - □ | စိန့်အက်တီယန် |

**စနေနေ့ (၂၆-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၉း၄၅ | နန့်စ် | □ - □ | လိုင်ယွန် |
| နံနက် ၀၀း၃၀ | အာမီယန် | □ - □ | နိုက်စ် |
| နံနက် ၀၀း၃၀ | ဘော်ဒိုး | □ - □ | ထရွိုင်းယတ်စ် |
| နံနက် ၀၀း၃၀ | ကိန်းစ် | □ - □ | မက်ဇ် |
| နံနက် ၀၀း၃၀ | ဒီဂျွန် | □ - □ | မောင့်ပယ်လီယာ |
| နံနက် ၀၀း၃၀ | တူးလောက်စ် | □ - □ | ရိန်းစ် |

**တနင်္ဂနွေနေ့ (၂၇-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၇း၃၀ | ဂူအင်ဂမ့် | □ - □ | စထရက်ဘော့ချ် |
| ည ၉း၃၀ | အန်ဂျာ | □ - □ | လိုင်လီ |
| နံနက် ၁း၃၀ | မိုနာကို | □ - □ | မာဆေး |

## စီးရီးအေပွဲစဉ်(၂)

**စနေနေ့ (၂၆-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ဘီနီဗန်တို | □ - □ | ဘိုလော့ဂ်နာ |
| ည ၁၀း၃၀ | ဂျီနိုအာ | □ - □ | ဂျူဗင်တပ်စ် |
| နံနက် ၁း၁၅ | ရိုးမား | □ - □ | အင်တာ |

**တနင်္ဂနွေနေ့ (၂၇-၈-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | တိုရီနို | □ - □ | ဆက်ဆူအိုလို |
| နံနက် ၁း၁၅ | ချီယေဗို | □ - □ | လာဇီယို |
| နံနက် ၁း၁၅ | ခရိုတိုနီ | □ - □ | ဗီရိုနာ |
| နံနက် ၁း၁၅ | ဖီအိုရင်တီးနား | □ - □ | ဆမ်ဒိုးရီးယား |
| နံနက် ၁း၁၅ | မီလန် | □ - □ | ကယ်ဂလီယာရီ |
| နံနက် ၁း၁၅ | နာပိုလီ | □ - □ | အတ္တလန္တာ |
| နံနက် ၁း၁၅ | SPAL | □ - □ | အူဒီးနိစ် |



# နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အခက်အခဲနဲ့ရင်ဆိုင်ရမယ့် အာဆင်နယ်

ဝေ မိုး ဆက်

ပရီမီယာလိဂ်ပွဲစဉ်မှာ (၂) မှာတော့ အာဆင်နယ်က စတုတ်ကိုအရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အာဆင်နယ်တို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပေမယ့် ပြိုင်ဘက်က လီဗာပူးဖြစ်နေတဲ့အပြင် အဝေးကွင်းမှာ ကစားရမှာလည်း ဖြစ်နေပါတယ်။ ဒါကြောင့် အာဆင်နယ်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပြီး မန်ယူနဲ့ လက်စတာ၊ ချယ်လ်ဆီးနဲ့အဲဗာတန်ပွဲတွေကလည်း အကြိတ်အနယ် ရှိလာနိုင်ပါတယ်။

### လီဗာပူး VS အာဆင်နယ်

ယမန်နှစ် ┊ လီဗာပူး ၃ ၁ အာဆင်နယ်

လက်ရှိအချိန်မှာ နှစ်သင်းစလုံးခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိသေးပါဘူး။ လီဗာပူးက ချန်ပီယံလိဂ်ခြေစစ်ပွဲကြောင့် ပွဲပန်းလာနိုင်ပေမယ့် အိမ်ကွင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအနေနဲ့ အနိမ့်ဆုံးသရေတစ်မှတ်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို အာဆင်နယ်ကလည်း စတုတ်ကိုအရေးနိမ့်ခဲ့ရတာကြောင့် အားစိုက်လာဖို့ရှိနေပါတယ်။ အကြိတ်အနယ်ရှိနိုင်ပြီး သရေကျသွားဖို့များပါတယ်။

### ဘုန်းမောက် VS မန်စီးတီး

ယမန်နှစ် ┊ ဘုန်းမောက် ၀ ၂ မန်စီးတီး

နှစ်ပွဲစလုံးအရေးနိမ့်ထားခဲ့တာကြောင့် ဘုန်းမောက်အနေနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဒါပေမယ့်လည်း ဘုန်းမောက်ရဲ့ လက်ရှိခြေစွမ်းကတော့ အားနည်းမှုတွေရှိနေကာ ခံစစ်ပိုင်းကလည်း ကစားပုံကျစ်လျစ်မှုမရှိပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘုန်းမောက်တို့ အားစိုက်ကစားလာမှာ သေချာနေပေမယ့် မန်စီးတီးကိုတော့ ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ မန်စီးတီးကသာနိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

### ပဲလေ့စ် VS ဆွမ်ဆီး

ယမန်နှစ် ┊ ပဲလေ့စ် ၁ ၂ ဆွမ်ဆီး

ပဲလေ့စ်က ရှေ့နှစ်ပွဲဆက်တိုက်အရေးနိမ့်ခဲ့ရတာကြောင့် အခုကစားမယ့် အိမ်ကွင်းပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပြီး အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဆွမ်ဆီးကလည်းမန်ယူကို ဂိုးပြတ်အရေးနိမ့်ခဲ့ရကာ နှစ်ပွဲစလုံးအနိုင်မရခဲ့တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် ဆွမ်ဆီးခြေစွမ်းကတော့ အားနည်းမှုအချို့ရှိနေကာ တိုက်စစ်ပိုင်းကလည်း နှစ်ပွဲစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ ပဲလေ့စ်တို့ ကပ်ပြီးအနိုင်ရသွားနိုင်ပါတယ်။

### ကာဆယ် VS ဝက်စ်ဟမ်း

ယမန်နှစ် ┊ - - - -

တစ်ယောက်လျှော့အနေအထားနဲ့ ဆောက်သမ်တန်ကိုသရေရယူနိုင်ဖို့ ခံကစားနိုင်ခဲ့တဲ့ ဝက်စ်ဟမ်းရဲ့ ခြေစွမ်းက ကောင်းမွန်မှုရှိပါတယ်။ နှစ်ပွဲဆက်အရေးနိမ့်ခဲ့တာကြောင့်လည်းနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ကာဆယ်ကလည်း နှစ်ပွဲစလုံးအရေးနိမ့်ခဲ့ရတာကြောင့် အိမ်ကွင်းမှာအားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဝက်စ်ဟမ်းတို့အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်း ကပ်ရသွားနိုင်ဖို့ ရှိနေပါတယ်။

### မန်ယူ VS လက်စတာ

ယမန်နှစ် ┊ မန်ယူ ၄ ၁ လက်စတာ

မန်ယူရဲ့ခြေစွမ်းအကောင်းဆုံးအချိန်မှာရှိနေသလို အိမ်ကွင်းလည်းဖြစ်လို့ နိုင်ပွဲရအောင် အားစိုက်လာမှာသေချာပါတယ်။ လက်စတာကတော့ ဘရိုက်တန်ကို အနိုင်ရခဲ့တဲ့ပွဲနဲ့ အာဆင်နယ်ကိုရှုံးနိမ့်ခဲ့ရတဲ့ပွဲတွေမှာ ကစားပုံကောင်းမွန်ခဲ့တာ မှန်ပေမယ့်လည်း မန်ယူကိုထိန်းဖို့ ခက်မယ်။ မနှစ်ကလောက် ဂိုးပြတ်နိုင်ခြေမရှိပေမယ့်လည်း အိမ်ကွင်းအားသာချက်ပါရှိနေတဲ့မန်ယူကသာ နိုင်ပွဲရသွားမှာပါ။

### ဟက်ဒါဖီးလ် VS ဆောက်သမ်တန်

ယမန်နှစ် ┊ - - - -

ကာဆယ်ကိုအနိုင်ရပြီးနှစ်ပွဲဆက်အနိုင်ရရှိခဲ့တဲ့ ဟက်ဒါဖီးလ်ခြေက ကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းဖြစ်နေလို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဆောက်သမ်တန်ကတော့ခြေစွမ်းပိုင်း သာမန်သာရှိပြီး ဝက်စ်ဟမ်းကိုတောင် ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရသလို အဖွင့်ပွဲစဉ်တုန်းကလည်း ဆွမ်ဆီးကိုအိမ်ကွင်းမှာတောင် အနိုင်ရယူနိုင်ခြင်း မရှိခဲ့ပါဘူး။ အထူးသဖြင့် ဆောက်သမ်တန်ရဲ့ခံစစ်ပိုင်းက တည်ငြိမ်မှုမရှိသေးတာကြောင့် ဒီပွဲမှာသရေလောက်ပဲကစားနိုင်မယ်။

### ချယ်လ်ဆီး VS အဲဗာတန်

ယမန်နှစ် ┊ ချယ်လ်ဆီး ၅ ၀ အဲဗာတန်

စပါးကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ချယ်လ်ဆီးရဲ့ခြေစွမ်းက အားနည်းမှုတွေရှိနေဆဲ ဖြစ်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးရရှိဖို့ရုန်းကန်နေရဆဲဖြစ်လို့ အဲဗာတန်ကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်ပါတယ်။ အဲဗာတန်က အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းဖြစ်ပြီး ကစားသမားကောင်းတွေလည်း ရှိနေတာကြောင့် ချယ်လ်ဆီးတို့အိမ်ကွင်းဖြစ်ပေမယ့် အခက်တွေ့နိုင်ပါတယ်။ ချယ်လ်ဆီးကပ်ပြီးသာနိုင်ခြေရှိတယ်။

### စပါး VS ဘန်လေ

ယမန်နှစ် ┊ စပါး ၂ ၁ ဘန်လေ

ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့ရပေမယ့်အဆိုပါပွဲမှာ စပါးကစားပုံက ကွင်းလယ်ပိုင်းရော ထိုးဖောက်ကစားပုံပါကောင်းမွန်ခဲ့ပြီး ချယ်လ်ဆီးခံစစ်ကောင်းမွန်မှုတွေကြောင့်သာ ရှုံးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။ ဘန်လေကတော့ချယ်လ်ဆီးကို အနိုင်ရခဲ့တဲ့ပွဲမှာ ကစားပုံကောင်းမွန်ခဲ့ပေမယ့် ဝက်စ်ဘရွန်းကို အရေးနိမ့်ခဲ့ရတဲ့ပွဲမှာတော့ ခြေစွမ်းသာမန်သာရှိခဲ့ပါတယ်။ နိုင်ပွဲပြန်ရရေးအားစိုက်လာမယ့် စပါးသာနိုင်ပွဲရသွားမှာပါ။

### ဝက်ဖို့ဒ် VS ဘရိုက်တန်

ယမန်နှစ် ┊ - - - -

လီဗာပူးကိုသရေခံကစားနိုင်ခဲ့ပြီး အဝေးကွင်းပွဲစဉ်မှာ ဘုန်းမောက်ကို အနိုင်ယူခဲ့တဲ့ ဝက်ဖို့ဒ်ရဲ့ခြေစွမ်းပိုင်းက နှစ်ပွဲစလုံး ကောင်းမွန်ခဲ့ပါတယ်။ အခုပွဲကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အတွက်အားစိုက်လာဖို့ ရှိနေပါတယ်။ ဘရိုက်တန်ကတော့နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့လို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဝက်ဖို့ဒ်ပဲအနိုင်ရသွားမှာပါ။

### ဝက်စ်ဘရွန်း VS စတုတ်

ယမန်နှစ် ┊ ဝက်စ်ဘရွန်း ၁ ၀ စတုတ်

ဝက်စ်ဘရွန်းကနှစ်ပွဲဆက်အနိုင်ရရှိခဲ့ပေမယ့် တိုက်စစ်ပိုင်းကဂိုးသွင်းခြေအားနည်းမှုတွေရှိနေတာကြောင့် ခံစစ်ကစားပုံကောင်းမွန်တဲ့ စတုတ်ကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်တယ်။ ဒါပေမယ့် စတုတ်ကလည်း ဂိုးသွင်းခြေသာမန်သာရှိပြီး ဝက်စ်ဘရွန်းခံစစ်ကလည်း ကစားပုံကောင်းမွန်ပါတယ်။ ဒါကြောင့်လည်းနှစ်သင်းစလုံးဂိုးရဖို့ ရုန်းကန်ရနိုင်ပြီး ဂိုးနည်းနည်းနဲ့ သရေကျသွားနိုင်ပါတယ်။

# မိုးကုတ်မြို့ရှိ တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ပထမဆုံးအကြိမ် ထုတ်ပေး

**မန္တလေး ဩဂုတ် ၂၄**
မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများဖြစ်ကြသော လီဆူ၊ ဂေါ်ရခါး လူမျိုးလူဦးရေ ၂၄၁၀ အတွက် ပထမဆုံးအကြိမ် နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဩဂုတ် ၁၉ ရက်က စတင်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းသားလူမျိုးစုများမှာ မိုးကုတ်မြို့နယ်အတွင်း ရှေးနှစ်ပေါင်းများစွာကတည်းက နေထိုင်ခဲ့ကြပြီး အိမ်ထောင်စုစာရင်းမရှိသည့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ရန် အခက်အခဲများဖြစ်နေခြင်းကြောင့် ၄င်းလူမျိုးစုများ၏ တောင်းဆိုတင်ပြချက်များအရ သက်ဆိုင်ရာ လဝကဌာနနှင့် ညှိနှိုင်းဆွေးနွေးကာ ဘက်ပေါင်းစုံ လစ်ဟာမှုမရှိစေဘဲ မြန်ဆန်သည့်နည်းလမ်းဖြင့် ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။

"နိုင်ငံသားမှတ်ပုံတင်မရှိလို့ တိုင်းရင်းသားတွေ သွားလာရေး၊ စီးပွားရေး၊ ပညာရေးတွေအတွက် အခက်အခဲဖြစ်နေတာကို ကျွန်တော်တို့အစိုးရအဖွဲ့က ဖြေရှင်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် အခြေခံစာရင်းကောက်ယူဖို့ ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ လျှောက်ထားသူများရဲ့ မိဘ၊ ဘိုးဘွားတွေ ကိုင်ဆောင်ခဲ့တဲ့ လက်မှတ်တွေအပေါ်မှာ မူတည်ပြီး အဆင့် ၁၀ ဆင့်နဲ့ ဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီနည်းလမ်းဟာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အနေနဲ့လည်း မြန်မာနိုင်ငံသားဥပဒေနဲ့အညီ ဆောင်ရွက်ပေးတာဖြစ်သလို တိုင်းရင်းသား လူမျိုးတွေအတွက်လည်း လိုအပ်နေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ လွယ်ကူလျင်မြန်စွာ ရရှိလာကြမှာဖြစ်ပါတယ်"ဟု ဝန်ကြီးက ပြောသည်။

တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောကလည်း "နိုင်ငံသား စိစစ်ရေး ကတ်ပြားမရှိတာက သူတို့အတွက် မဲပေးဖို့အခွင့်အရေးဆုံးရှုံးနေတယ်။ ဒါကို အရင်ကလည်း ကိုင်တွယ်ရခက်ခဲတဲ့အတွက် မကိုင်တွယ်ခဲ့ကြဘူး။ ကျွန်တော်တို့အစိုးရ လက်ထက်မှာတော့ နိုင်ငံသားတွေရဲ့ အခွင့်အရေးဖြစ်တဲ့အတွက် သက်ဆိုင်ရာဌာနနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးတဲ့အပြင် တိုင်းရင်းသားတွေကလည်း လိုလိုလားလားနဲ့ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့လို့ အခုလို နိုင်ငံသားစိစစ်ရေး ကတ်ပြားတွေသာမက အိမ်ထောင်စုလူဦးရေစာရင်းတွေကိုပါ တစ်ပါတည်းထုတ်ပေးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် မိုးပွင့်စီမံချက်ဖြင့် ငါးနှစ်ဆက်တိုက် ကျေးရွာများအထိ ကွင်းဆင်းကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့သော်လည်း မိုးကုတ်မြို့တွင် နှစ်ရှည်လများ ဝန်ထမ်းအင်အားမပြည့်စုံခြင်းကြောင့် ယခုမှ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မိုးကုတ်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် ကျောင်း ၁၀ ကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီးသော တိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၁၂၅၅ ဦး၊ လီဆူနှင့် လီရှောလူမျိုး ၁၀၅၃ ဦး၊ ဂေါ်ရခါး လူမျိုး ၁၀၂ ဦး စုစုပေါင်း ၂၄၁၀ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်များနှင့် မိုးကုတ်မြို့ လယ်ဦးရပ်ကွက် သံလွင်တောင်ရှိ အိမ်ထောင်စု ၉၂ စုအတွက် အိမ်ထောင်စုလူဦးရေ စာရင်းများကိုလည်း ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာကျင်းပ

**ကျိုက်ထို ဩဂုတ် ၂၄**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆိပ္ပဖြူတောင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ နဝမအကြိမ်မြောက် ကရင်ရိုးရာ လက်ချည်ဖြူဖွဲ့မင်္ဂလာပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဆိပ္ပဖြူတောင်တောရကျောင်းတိုက် ဆရာတော် ဒေါက်တာဇောတိကနှင့် ဆရာတော်သံဃာတော်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအောင်ခိုင်စိုး၊ ဒုတိယ ဗိုလ်မှူးကြီး ဖြိုးဝေလတ်၊ ရပ်ဝေးရပ်နီးမှ ကရင်တိုင်းရင်းသားများ တက်ရောက်ခဲ့ကြပြီး ကရင် တိုင်းရင်းသားအချင်းချင်းတစ်ဦးကိုတစ်ဦး ချည်ဖြူများဖွဲ့ချီကာ ကရင်တိုင်းရင်းသား ရိုးရာအကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ကရင်တိုင်းရင်းသားရိုးရာ လက်ချည်ဖြူဖွဲ့မင်္ဂလာပွဲသည် ကရင်လူမျိုးများ၏ ဘိုးဘွား အစဉ်အဆက် လက်ဆင့်ကမ်းအမွေဖြစ်ပြီး ကောက်သစ်ပေါ်ချိန်တွင် မကောင်းဆိုးရွားများကနှောင့်ယှက်၍ ကိုယ်ခန္ဓာရှိလိပ်ပြာများ ထွက်ပြေးသွားတတ်သည်ဟူသော ရိုးရာယုံကြည်မှုအရလည်းကောင်း၊ ကရင်တိုင်းရင်းသားအချင်းချင်း ဆုံတွေ့ပြီး ချစ်ကြည်ရင်းနှီးမှု တိုးလာစေရန်အတွက်လည်းကောင်း လိပ်ပြာခေါ်ပွဲ (ခေါ် )လက်ချည်ဖြူဖွဲ့မင်္ဂလာကို အနယ်နယ်အရပ်ရပ်မှ ကရင်တိုင်းရင်းသားများက ဝါခေါင်လရောက်တိုင်း ကျင်းပကြခြင်းဖြစ်ကြောင်း သိရသည်။
**ဝင်းမောင်(ကျိုက်ထို)**

# ဓာတ်အားဖြန့်ဖြူးမှု ကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ရေတာရှည် ဩဂုတ် ၂၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်ကောင်းမွန်စေရန်နှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ဓာတ်ကြိုး၊ ဓာတ်တိုင်များ လဲလှယ်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ခံအင်ဂျင်နီယာ ဦးနောင်နောင်က "အခု ကျွန်တော်တို့လုပ်နေတဲ့အပိုင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေနဲ့ ဆောင်ရွက်နေတာပါ။ ဓာတ်အားဖြန့်ဖြူးတဲ့စနစ် ကောင်းမွန်ရေးအတွက် ဓာတ်အားခွဲရုံတွေ တိုးချဲ့တည်ဆောက်တာ၊ ဓာတ်အားလိုင်း တိုးချဲ့တပ်ဆင်တာ၊ ဆွေးမြည့်ရှုပ်ထွေးနေတဲ့ ဓာတ်ကြိုးတွေကို အစားထိုးလဲလှယ်တာနဲ့ သစ်သားတိုင်တွေ အစား ကွန်ကရစ်တိုင်တွေနဲ့ အစားထိုးတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်"ဟု ပြောသည်။

ရေတာရှည်မြို့ပေါ်ရပ်ကွက်များ၌ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှာ အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၆၀၀၊ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၅၀၀ တည်ဆောက်ခြင်း၊ အမှတ်(၄)ရပ်ကွက် အောင်မြန်မာလမ်း၌ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၁၀၀၀ နှင့် ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ အမှတ်(၄)ရပ်ကွက်ရှိ ရှုပ်ထွေးနေသောဆားဗစ်ကြိုးများ ရှင်းလင်းရေးအတွက် အရှည်ကိုးမီတာ ကွန်ကရစ်တိုင် ၄၉ တိုင်နှင့် သံလက်တန်းများ တည်ဆောက်၍ ၄၀၀ ဗို့အားလိုင်း ပေ ၁၂၀၀ သွယ်တန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အရင်ကတော့ မီးအားမပြည့်တော့ သုံးစွဲရတာအဆင်မပြေဘူး။ အခုနောက်ပိုင်းမှာတော့ မီးအားတွေလည်း ကောင်းလာသလို မီးပျက်တယ်ဆိုတာလည်း တစ်ခါတစ်ရံလောက်ပါပဲ။ အဆင်ပြေကြပါတယ်"ဟု အမှတ်(၄)ရပ်ကွက်နေ မြို့ခံတစ်ဦးက ပြောသည်။

ရေတာရှည်မြို့ပေါ်တွင် ပြည်သူများ ဓာတ်အားပြည့်ဝစွာရရှိရန်အပြင် ဓာတ်အားယူနစ်ပျောက်ဆုံးမှု လျော့ချနိုင်ရေးအတွက်လည်း ကရင်ချောင်းလမ်းနှင့် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်တွင် ABC Insulated Cable များ တပ်ဆင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ရေတာရှည်မြို့မြောက်ဘက်ရှိ ညောင်ပင်ကိုင်းကျေးရွာကိုပါ လျှပ်စစ်မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းလည်း တာဝန်ခံအင်ဂျင်နီယာ၏ ပြောကြားချက်အရ သိရသည်။
**ကိုလွင်(ဆွာ)**

## သတင်းတိုများ

### တက္ကသိုလ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ရွှေဘိုတက္ကသိုလ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်က အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများက တိုင်းရင်းသားအကဖြင့် ဖျော်ဖြေကာ ပြိုင်ပွဲကိုဆက်လက်ကျင်းပသည်။ ကာယဗလမောင်ပြိုင်ပွဲတွင် ကျောင်းသား ၁၀ ဦး၊ ကာယအလှမယ်ပြိုင်ပွဲတွင် ကျောင်းသူ ၁၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသူများအား ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းမြင့်၊ ခရိုင်စီမံကိန်းဦးစီးဌာနမှူး ဦးဝင်းလွင်နှင့် တာဝန်ရှိသူများ၊ ပါမောက္ခဆရာ ဆရာမများက ဆုများချီးမြှင့်ပေးခဲ့သည်။ **ဦးကျော်ဇေ (ရွှေဘို)**

### ချောင်းကူးတံတားဆောက်လုပ်ပေးရန် ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် စကြီးကျေးရွာအလယ်၌ ဖြတ်သန်းစီးဆင်းနေသော မြောင်သာချောင်းတွင် ချောင်းကူးတံတားဆောက်လုပ်ပေးရန် ကျေးရွာနေ ဒေသခံပြည်သူများ၏ တောင်းခံနေမှုနှင့်ပတ်သက်၍ သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကြီး၊ မြို့နယ်ဦးစီးမှူး ဦးတိုးကြည်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ဩဂုတ် ၂၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။
**သိန်းလွင်(အောင်လံ)**

# ရန်ကုန်ဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံ အရောင်းအဝယ်ခေတ္တရပ်နား၊ ကြက်သွန်နီ ဈေးမြင့်နေဆဲဖြစ်

**ရန်ကုန် ဩဂုတ် ၂၄**
ရန်ကုန်မြို့ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဩဂုတ် ၂၂ ရက်က အရေးပေါ်အစည်းအဝေး ပြုလုပ်ပြီးနောက် မတ်ပဲနှင့် ပဲစင်းငုံ အရောင်းအဝယ် ခေတ္တရပ်နားလိုက်ကာ ပုံမှန်ထုတ်ပြန်သော ကုန်စည်ဒိုင်ဈေးနှုန်းစာရွက်တွင်လည်း ဩဂုတ် ၂၂ ရက်က မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်သည့်ပမာဏကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။

ဩဂုတ် ၂၁ ရက်က ထုတ်ပြန်ခဲ့သည့် ကုန်စည်ဒိုင် ဈေးနှုန်းစာရွက်တွင် မတ်ပဲ(RC) ကုန်သေတ္တာ အလုံးရေ ၉၅ လုံးအရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံနီ(RC)မှာ တစ်တန် ၅၀၅၀၀၀ ကျပ်နှုန်းရှိသော်လည်း အရောင်းအဝယ်မဖြစ်ကြောင်း ဖော်ပြထားသည်။

မတ်ပဲ(RC)နှင့် ပဲစင်းငုံနီ(RC)တို့သည် ယခု ၂၀၁၇ နှစ်ဆန်းပိုင်းတွင် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး နှစ်လယ်နောက်ပိုင်းမှစ၍ မတ်ပဲ(RC)တစ်တန်လျှင် ၆၉၀၀၀၀၊ ပဲစင်းငုံနီ(RC)တစ်တန်လျှင် ၄၉၈၀၀၀ အထိ ဈေးနှုန်းများကျသော်လည်း ထိုဈေးနှုန်းသည် ၂၀၁၂ ခုနှစ်အတွင်း ဈေးနှုန်းများထက် ဈေးမြင့်နေဆဲဖြစ်သည်။ ယခင်နှစ်ဟောင်းများက ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းများအရ မတ်ပဲ(RC) တစ်တန်ဈေးသည် ၂၀၁၁ ခုနှစ်က ၄၅၀၀၀၀ မှ ခုနှစ်သိန်းဝန်းကျင်၊ ၂၀၁၂ တွင် ၄၅၀၀၀၀ မှ ၅၅၀၀၀၀ ဝန်းကျင်၊ ၂၀၁၃ တွင် ၄၂၀၀၀၀ မှ ၆၃၀၀၀၀ ဝန်းကျင်ရှိခဲ့ကာ ပဲစင်းငုံနီ (RC) တစ်တန်ဈေးသည် ၂၀၁၁ တွင် ၄၁၃၀၀၀ မှ ခုနှစ်သိန်းဝန်းကျင်၊ ၂၀၁၂ တွင် ၄၂၀၀၀၀ မှ ခုနှစ်သိန်းဝန်းကျင်၊ ၂၀၁၃ တွင် ကျပ်ငါးသိန်းမှ ခုနှစ်သိန်းဝန်းကျင်ရှိခဲ့သည်။

မတ်ပဲ(RC)နှင့် ပဲစင်းငုံနီ(RC) လက်ရှိ ဈေးနှုန်းများမှာ ယခင်နှစ်များထက် မြင့်နေသော်လည်း ယခုနှစ် နှစ်ဆန်းပိုင်းက ဈေးနှုန်းထက် နိမ့်နေသဖြင့် နှစ်ဆန်းပိုင်း ဈေးမြင့်တက်ချိန်က ပဲကုန်သေတ္တာ အများအပြား ဝယ်ယူခဲ့သူများမှာ လက်ရှိဈေးအရ ပဲတစ်တန်လျှင် သိန်းချီ၍ အရှုံးရှိနေသည်။

မြန်မာပြည်ထွက် မတ်ပဲနှင့် ပဲစင်းငုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယပြည်တွင်း၌လည်း ပဲစိုက်ပျိုးထွက်ရှိမှု ပိုလာသဖြင့် ပြည်ပမှ ပဲတင်သွင်းခြင်းကို လျှော့ချလာသည့်သတင်းများ ထွက်ပေါ်နေ၍ လောလောဆယ်တွင် ပဲဝယ်လက်ပျောက်နေသကဲ့သို့ဖြစ်ကာ ဈေးနှုန်းများမှာ အကျဘက်သို့ ဆက်လက်ဦးတည်လာနိုင်သည်ဟု ပဲကုန်သည်တစ်ဦးဖြစ်သူ ဦးသက်ခိုင်က ခန့်မှန်းပြောကြားသည်။

**ကြက်သွန်နီ**

ယခုနှစ် ပြည်တွင်းကုန်စည်ဈေးကွက်တွင် ပဲနှင့် ပြည်ပတစ်ဆင့်ပို့ကုန်ဖြစ်သော သကြားလုပ်ကိုင်သူများ အကျိုးအမြတ်မရဘဲ အရှုံးနှင့်ကြုံနေရသော်လည်း လှောင်ကုန်ဖြစ်သော ကြက်သွန်နီမှာ ပြည်တွင်းဈေးက ပြည်ပဈေးများထက်ပင် မြင့်နေပြီး ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ် ဈေးကောင်းရကာ လှောင်သူများ အကျိုးအမြတ်ရရှိနေဆဲဖြစ်ကြောင်း ကုန်စည်ဝယ်ယူ၍ နယ်သို့ပို့နေသူတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိကြက်သွန်နီဈေးမှာ မြန်မာငွေလဲနှုန်းဖြင့်တွက်ပါက လက်ကားတစ်ပိဿာလျှင် ကျပ် ၇၀၀ ဝန်းကျင်သာရှိပြီး မြန်မာပြည်တွင်း ရန်ကုန်ဈေးကွက်တွင်မူ အလုံးသေး တစ်ပိဿာ လက်ကားဈေး ၁၂၇၅ ကျပ်နှင့် အလုံးကြီး လက်ကားဈေး ၁၆၅၀ ကျပ်အထိ ရှိနေသည်။ ပြည်တွင်းကြက်သွန်နီမှာ လှောင်သူများလက်တွင် လက်ကျန်နည်းနေသည်ဟုဆိုသော်လည်း ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ပျမ်းမျှ ပိဿာချိန် ၁၅၀၀၀၀ ခန့် ဝင်ရောက်ကာ ဈေးကွက်တွင် ကုန်သည်များက ဈေးထိန်းချုပ်၍ ရောင်းချလျက်ရှိသည်။ **ခင်ဆိုင်**



C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

**(၂၅) နှစ်ပြည့် ငွေရတု** တိုင်အောင် အောင်မြင်မှုများရရှိ ပိုင်ဆိုင်ခဲ့သည့် အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း **Customer** များအား ဝန်ဆောင်မှုအကောင်းဆုံးပေးနိုင်သောဘဏ်အဖြစ် ရတုအဆက်ဆက် အောင်မြင်မှုများ အဓွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

NAY KYEL OO
GROUP OF COMPANIES

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ **Customer** များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်ခဲ့သည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဦးအောင်ကျော်ဦး + ဒေါ်နန်းစံပဟွမ်ဆိုင်
Sunshine Diamond Center by War War Win

## ရောင်းရန်ရှိသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ လမင်းသာယာကွန်ဒိုရှိ ကွန်ဒိုအခန်းများရောင်းရန်ရှိသည်။ ဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
ဖုန်း-၀၉၂၅၀၀၁၂၆၈၊ ၀၀၈၁၁၀၀၁၇
(ပွဲစားချိန်းအတွင်းသာ)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ပေါင်းလောင်းလမ်းမှ မြေဧရိယာ ဝ.ဒသမ ဝ၅၅ဧကရှိ မြေကွက်အမှတ် (ပ-၃၁၅၂၈) ဦးဇော်ဇော် ၉/လဝန(နိုင်)၀၄၈၉၅၈ (ဘ) ဦးအောင်သိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို မြေကွက်အမည်ပေါက် ဦးဇော်ဇော်(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်ခင်အေးဟန် ၉/တကန(နိုင်)၀၉၇၉၈၇ (ဘ) ဦးသိန်းဟန်မှ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်တင်ပြ၍ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၄၅၃)၊ မြေကွက်တည်နေရာ အမှတ်(၄၅၃)၊ နွယ်သာကီလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးစိုးမိုး ၁၂/မဂဒ(နိုင်)၀၇၁၉၄၀ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၅၆၀)၊ မြေကွက်တည်နေရာ အမှတ်(၅၆၀)၊ သော်ကလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ရွှေမေတ္တာကျောင်း၏ကိုယ်စား အရှင်ပဏ္ဍိတ ၁၁/တကန(သ)၀၀၀၃၀၆ မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာရေးနှစ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) 27"x 34" (70gsm) စက္ကူထုပ် (၁၀၀၀၀) (နိုင်ငံခြား)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၈-၈-၂၀၁၇ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၇-၉-၂၀၁၇ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့် လိပ်စာမှာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရုံးအမှတ် (၅၂) နေပြည်တော်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၆၈ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ရုံးအမှတ် (၅၂)၊ နေပြည်တော်**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန
## ကျူနာငါးမျှားတန်း ငါးဖမ်းလုပ်ငန်းအဆိုပြုလွှာခေါ်ယူခြင်း
## အသိပေးကြေညာခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင် မြန်မာ့ရေပိုင်နက်မျဉ်း၏ အပြင်ဘက်သီးသန့်စီးပွားရေးဇုန်အတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် နိုင်ငံခြားကျူနာငါးမျှားတန်းငါးဖမ်းရေယာဉ်များအား ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခြင်းကို မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ၏တာဝန်ယူမှုဖြင့် သတ်မှတ်ထားသော ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခွင့်ပြုခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ နိုင်ငံခြားကျူနာငါးမျှားတန်းငါးဖမ်းရေယာဉ်များဖြင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသော နိုင်ငံသားပိုင်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်အဆိုပြုလွှာများကို ၇-၉-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ရုံးအမှတ် (၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၈၅၃၀၊ ၀၆၇-၄၀၈၄၇၇**

---

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## မော်တော်ယာဉ်နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | Electronics ဆက်စပ်ပစ္စည်း | (၆)မျိုး |
| (၂) | Automotive ဆက်စပ်ပစ္စည်း | (၉)မျိုး |
| (၃) | ရုံးသုံးစက်ကိရိယာ | (၁)မျိုး |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၈-၂၀၁၇ရက်မှ ၈-၉-၂၀၁၇ရက် (၁၆း၀၀)နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**- မော်တော်ယာဉ် နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၅-၂၀၂၂၁၄၀၊ ၀၉-၂၅၆၁၇၈၂၆၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## အဆောက်အအုံများဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အပ်နှံသော ပြည်သူ့ကျန်းမာရေးဦးစီးဌာ၊ ကုသရေးဦးစီးဌာနနှင့်တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | (၁၈) ခု |
| (ခ) | ကုသရေးဦးစီးဌာန | (၈) ခု |
| (ဂ) | တိုင်းရင်းဆေးပညာဦးစီးဌာန | (၆) ခု |

၂။ တင်ဒါလျှောက်လွှာပုံစံများ

**စတင်ရောင်းချမည့်ရက်/အချိန်** - ၂၅-၈-၂၀၁၇ရက် ၉း၃၀နာရီမှ - ၁၆း၃၀နာရီထိ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၉-၂၀၁၇ရက် ၁၆း၃၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၉-၂၀၁၇ရက် ၁၀း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-

**ညွှန်ကြားရေးမှူးရုံး**
**လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈**
**တင်ဒါကော်မတီ**

---

## သမီးနှင့်ဇနီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက်နေ မအေးအေးသန့် ၅/ကလန(နိုင်)၀၄၁၃၂၃ သည် အုပ်ထိန်းသူ ဖခင်နှင့်ခင်ပွန်း၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိသားစုဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူလုပ်ဆောင်သွားပါသဖြင့် သမီးနှင့်ဇနီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးငယ် ၅/ကဘလ(နိုင်)၀၅၃၈၃၂**
**ခင်ပွန်း-ဦးအောင်သူရ ၁၃/ရစန(နိုင်)၀၄၅၄၄၂**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ရုံးသုံးစာရေးကိရိယာ (၃၉)မျိုးနှင့် Computer, Copier သုံးဆက်စပ်ပစ္စည်း (၁၂)မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါပိတ်ရက်မှာ ၈-၉-၂၀၁၇ရက် (သောကြာနေ့)၊ ညနေ ၁၅း၃၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၄၁၁၄၄၆**

---

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံအမှတ် (၂)၊ မြောက်ဒဂုံမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto နှင့် Manual)နှစ်မျိုးလုံးသင်ကြားပေးပါသည်။

**စက်တင်ဘာလရုံးဖွင့်ရက်သင်တန်း** - ၆-၉-၂၀၁၇ ရက်ဖွင့်မည်။

**စက်တင်ဘာလရုံးပိတ်ရက်သင်တန်း**- ၂-၉-၂၀၁၇ ရက်ဖွင့်မည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၅၁၁၆၉၈၂၀၊ ၀၉-၂၅၂၂၅၇၇၀၉၊

လိပ်စာ - (၁-ဈ)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်၊ YBS-၁၂ ဂိတ်အနီး။ နယ်မှသင်တန်းသားများ အဆောင်အခမဲ့စီစဉ်ပေးမည်။ **(လူဦးရေကန့်သတ်ထားသည်)**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး(နေပြည်တော်)
## ယာဉ်မောင်းသင်တန်းကျောင်း

၂-၉-၂၀၁၇ရက် စတင်ဖွင့်လှစ်မည်၊ စနေ၊ တနင်္ဂနွေ ပုံမှန်သင်တန်းနှင့်အမြန်သင်တန်းများကို Auto/Manual Saloon ကားသစ်များဖြင့် (ပိတ်ရက်မရှိ) သင်ကြားပေးနေပါသည်။ မြို့မဈေးမှ အကြို/အပို့ စီစဉ်ပေးပါသည်

**ဆက်သွယ်ရန်လိပ်စာ - ပုဗ္ဗသီရိမြို့၊ ရွာတော်၊ (က·ည·န)ရုံးနှင့်ကပ်လျက် (နေပြည်တော်)**
**ဖုန်း-၀၆၇-၅၁၀၀၃၂၊ ၀၉-၄၀၂၇၀၁၉၂၆၊ ၀၉-၅၃၆၆၁၈၆**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် -၂၅-၈-၂၀၁၇ရက်

၃။ တင်ဒါပိတ်မည့်ရက် -၃၁-၈-၂၀၁၇ရက်

၄။ တင်ဒါပိတ်မည့်အချိန် -၁၄း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## နိုင်ငံခြားရေးဝန်ကြီးဌာန
## အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
## (Certificate Course in Basic Diplomatic Skills)
## သင်တန်းအမှတ်စဉ်(၃၉)
## သင်တန်းသားခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးမှူး၍ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာ/ဆရာမကြီးများနှင့် ကျွမ်းကျင်သူပညာရှင်များသင်ကြားပို့ချမည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၃၉)ကို ၂၀၁၇ခုနှစ် အောက်တိုဘာလအတွင်း စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာနှင့် သံတမန်ရေးရာကိစ္စရပ်များတွင် စိတ်ပါဝင်စားသူများစာရင်းသွင်းတက်ရောက်နိုင်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာ သဘောတရားများကို သိရှိနားလည်စေရန် Diplomacy နှင့်ပတ်သက်သော ဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing) စေ့စပ်ညှိနှိုင်းပြောဆိုမှုနည်းလမ်းများ (Negotiation Techniques)၊ အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်များ (International Law)၊ စီးပွားရေးဘာသာရပ်များ (Economics)အပါအဝင် သံတမန်ရေးရာ(Protocol) နှင့်သက်ဆိုင်သည့်အခြေခံဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တက်ရောက်နိုင်သူများ** | - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူများ |
| (ခ) | **သင်တန်းကာလ** | - ရက်သတ္တပတ်၁၂ပတ် |
| (ဂ) | **သင်တန်းနေရာ** | - အမှတ် ၃၇၊ 'မဟောသဓာ'ခန်းမဆောင်၊ ပြည်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ |
| (ဃ) | **သင်တန်းဖွင့်မည့်ရက်** | - ၉-၁၀-၂၀၁၇ရက်(တနင်္လာနေ့) |
| (င) | **လျှောက်လွှာရောင်းမည့်ရက်** | - ၂၈-၈-၂၀၁၇ရက်မှ ၈-၉-၂၀၁၇ရက်ထိ |
| (စ) | **လျှောက်လွှာပိတ်မည့်ရက်** | - ၈-၉-၂၀၁၇ရက် |
| (ဆ) | **လက်ခံမည့်နေရာ** | - နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်လမ်း၊ရန်ကုန်မြို့၊ ပဲခူးကလပ်မှတ်တိုင် |
| (ဇ) | **လက်ခံမည့်အချိန်** | - နံနက် ၁၀း၀၀နာရီမှ ၁၆း၀၀နာရီထိ |
| (ဈ) | **လျှောက်လွှာတင်သွင်းရာတွင် လိုအပ်သည့်အချက်များ** | - ပတ်စ်ပို့ဆိုဒ်ဓာတ်ပုံ (၄) ပုံ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်း၊ (ခြောက်လအတွင်း)၊ ဘွဲ့လက်မှတ်(မူရင်း၊ မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း၊မိတ္တူ)၊ အစိုးရဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာထောက်ခံချက်(မူရင်း) |

၂။ သင်တန်းလျှောက်လွှာများကို စတင်လက်ခံနေပြီဖြစ်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန် ကြေညာအပ်ပါသည်။

၃။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်းအောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်- **ဖုန်း-၂၂၁၅၃၇၊ ၂၂၁၅၃၁၊ ၂၂၂၀၂၈**

**မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့**

---

## အခွန်ကင်းလွတ်ခွင့်ပြုခြင်းအား အသိပေးကြေညာခြင်း

➢ **စိန်နှင့်မြအား အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ပြုခြင်း**

* ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)၏ ဇယားနှင့်ပုဒ်မခွဲ(ခ)၏ ဇယားတို့ပါ အထူးကုန်စည်များတွင် ပါဝင်သည့် ကျောက်မျက်ရတနာအနွယ်ဝင်ဖြစ်သော စိန်နှင့်မြအတွက် အောက်ပါအတိုင်း အထူးကုန်စည်ခွန် ကျသင့်ပါသည်-

- ပုဒ်မခွဲ(က)၏ ဇယားအမှတ်စဉ်(၁၃)နှင့် ပုဒ်မခွဲ(ခ)၏ ဇယားအမှတ်စဉ်(၄)အရ စိန်နှင့်မြ (အရိုင်းထည်) ၁၀ ရာခိုင်နှုန်း
- ပုဒ်မခွဲ(က)၏ ဇယားအမှတ်စဉ်(၁၄)နှင့် ပုဒ်မခွဲ(ခ)၏ ဇယားအမှတ်စဉ်(၅)အရ စိန်နှင့်မြ (အချောထည်) ၅ ရာခိုင်နှုန်း

➢ **၈-၈-၂၀၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်အရ ၈-၈-၂၀၁၇ ရက်မှစ၍ စိန်နှင့်မြကို အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရှိသည့် အထူးကုန်စည်အဖြစ် သတ်မှတ်ပါသည်။**

➢ **ရွှေစင်ရွှေတုံးများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခြင်း**

* ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့အရ ရွှေစင်ရွှေတုံးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်ပါသည်။

➢ ၈-၈-၂၀၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်အရ ရွှေစင်ရွှေတုံးများကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရှိသည့် ကုန်စည်အဖြစ် သတ်မှတ်ပါသည်။

➢ ရွှေထည်လက်ဝတ်ရတနာများတွင်ပါရှိသည့် စိန်နှင့်မြအတွက် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရှိမည်ဖြစ်သော်လည်း ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါသည်။

➢ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ၈-၈-၂၀၁၇ ရက်မှစ၍ စိန်နှင့်မြအပေါ် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်နှင့် ရွှေစင်ရွှေတုံးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## တည်ဆောက်ရေးလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြင်ဦးလွင်ခရိုင်ဘဏ်ခွဲ အဆောက်အအုံသစ်အား ပေ(၄၀×၈၀)ရှိ RC (၂)ထပ် အဆောက်အအုံတစ်လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၁-၈-၂၀၁၇ရက်(ရုံးချိန်အတွင်း)

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၅-၉-၂၀၁၇ရက် ၁၁း၀၀နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၅-၉-၂၀၁၇ရက် ၁၃း၀၀နာရီ

၅။ **တင်ဒါပေးသွင်းရမည့်နေရာ** - တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် (တိုင်းဒေသကြီးရုံး)၊ အမှတ်(၁၈၆)၊ (၈၃)လမ်း၊(၂၅×၂၆) လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့။ ဖုန်း-၀၂-၂၁၁၃၈၊ ၀၂-၆၈၀၀၄၊ ၀၂-၂၄၉၄၃

၆။ အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)
## မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေတင်လုပ်ငန်းများတွင် လိုအပ်သော Pump,Pipe နှင့် ထရန်စဖော်မာဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၈-၂၀၁၇ရက်မှ ၈-၉-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)၊ မကွေးတိုင်းဒေသကြီး။ တောင်တွင်းလမ်းနှင့် အဝေရာလမ်းထောင့်၊ မကွေးမြို့။

၃။ **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၈-၉-၂၀၁၇ ရက် မွန်းလွဲ ၁၄း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၆၃-၂၀၂၃၁၈၇၊ ၀၉-၅၃၄၂၀၁၇ နှင့် ၀၉-၉၇၁၄၀၄၅၁၄ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

**ဖခင်အမည်မှန်**

ဗန်းမော်မြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(B)ခန်းမှ မခါးရာ၏ ဖခင်အမည်မှန်မှာ ဦးရောင်ဝါ ၁၃/ဗမန(နိုင်)၀၃၁၇၄၈ ဖြစ်ပါကြောင်း။ **ဦးရောင်ဝါ**

---

## ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက-၂၊ တက္ကသိုလ်ဝင်တန်း (F) မှ မောင်နော်နော်အောင်နှင့် အဋ္ဌမတန်း (D) မှ မဂျာဆိုင်းဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလွင် ၁/ဗမန(နိုင်)၀၃၇၈၈၀ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းလွင်**

---

## ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက-၂၊ တက္ကသိုလ်ဝင်တန်း(G) မှ မောင်ခါးရိန်၏ ဖခင်အမည်မှန်မှာ ဦးဖော်ဂျူလ ၁/မစန(နိုင်)၀၁၁၅၀၂ ဖြစ်ပါကြောင်း။ **ဦးဖော်ဂျူလ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေကူမြို့၊ နောင်လတ်ကြီးအုပ်စု အကွက်အမှတ် (OSS)နောင်လတ်ကြီးကွင်းပြင်၊ ဦးပိုင်အမှတ်(၁၀၄/၃)၊ ဧရိယာ ၀ဒသမ၁၃၇ဧကရှိ မြေကွက်အားဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြည်ပြာဝင်းက စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၆/၂၀၁၇) အရ ဒေါ်ခင်မိုးသို့ အပြီးအပြတ်ရောင်းချခဲ့၍ ဒေါ်ခင်မိုးက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူရှိပါက ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြဦး(LL.B) စဉ်-၄၃၅၁၄**
**အထက်တန်းရှေ့နေ**
**ရွှေကူမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့ ပေါက်ကုန်းရပ် ဦးပိုင်အမှတ် ၄၀၊ အကွက်အမှတ် ၅၆၊ ဧရိယာ ၀ဒသမ၆၄၁၊ (၁၀) နှစ်ဂရန်၊ မြေငှားစာချုပ်အမည်ပေါက်မှာ (ဦးတင်မော်) ဖြစ်ပါသည်။ ယခုအခါ (ဦးတင်မော်) သေဆုံးပြီးဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်ညို ၁/ဗမန(နိုင်)၀၃၆၂၇၅ က အမည်ပြောင်းမြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ပါ၍ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**ဒေါ်ခင်ညို**
**ဗန်းမော်မြို့**

---

## မိခင်အမည်မှန်

ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီး အလက၊ သတ္တမတန်းမှ မဂျိုးဂျိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာဝင်း ၅/ဝလန(နိုင်)၁၇၇၆၈၆ ဖြစ်ပါသည်။ **ဒေါ်ခင်မာဝင်း**

---

## ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ သရက်ကန် အထက၊ တက္ကသိုလ်ဝင်တန်းမှ မဇာဇာ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝေ ၅/ဒပယ(နိုင်)၀၅၉၃၀၇ ဖြစ်ပါကြောင်း။ **ဦးကျော်ဝေ**

---

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက(အင်းတော်) တက္ကသိုလ်ဝင်တန်း (H) မှ မမေမြတ်နှင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၂-၂၀၀၂ ဖြစ်ပါကြောင်း။ **မမေမြတ်နှင်း**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက(အင်းတော်) တက္ကသိုလ်ဝင်တန်း (င)မှ မစိုးမြဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းမြိုင်(ခ)ဦးဝင်းမြိုင် ဖြစ်ပါကြောင်း။ **ဦးကျော်ဝင်းမြိုင်(ခ)ဦးဝင်းမြိုင်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ငြိမ်းချမ်းအောင်၏မိခင် ဒေါ်တင်မာချို (ခ) ဒေါ်မြင့်မြင့်ခိုင် ၁/ရကန(နိုင်)၀၁၃၀၈၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

Htoo Myat Chan Thar Co.,Ltd. ၏ သွင်းကုန်လိုင်စင်အမှတ် IL V 17-18 3009 24-4-2017 မူရင်းမှာ July 2017 တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၉၆၅၉၂၊ ၀၉-၄၂၀၀၃၀၁၈၄**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက(ခွဲ)၊ ကျုံဝမ်း၊ ဆဋ္ဌမတန်းမှ မစံပယ်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးတင်မောင် ၁၀/ကမရ(နိုင်)၀၅၈၂၃၂ ဖြစ်ပါကြောင်း။ **ဦးတင်မောင်**

## မိခင်အမည်မှန်

ဖေယျာသီရိမြို့နယ်၊ ကျွန်ရောင်းအုပ်စု လေသာ(မ)ရွာနေ မသီသီမျိုး၏ မိခင်ဒေါ်ချိုချိုသဲ၏ အမည်မှန်မှာ ဒေါ်သဲသဲ ၉/ပမန(နိုင်)၁၄၁၈၂၆ ဖြစ်ပါကြောင်း။ **ဒေါ်သဲသဲ**

## မိခင်အမည်မှန်

ဖေယျာသီရိမြို့နယ် ကျွန်ရောင်းအုပ်စု လေသာ(တ)ရွာနေ မသူသူလွင် အထက (၄) ရေဆင်း၏မိခင် ဒေါ်လတ်လတ်လွင်၏ အမည်မှန်မှာ ဒေါ်လတ်လတ် ၉/ပမန(နိုင်)၂၀၃၀၉၁ ဖြစ်ပါကြောင်း။ **ဒေါ်လတ်လတ်**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ မင်းစု၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ရဲစိုး၏ ဖခင်အမည်မှန်မှာ ဦးရှိန်း ၉/တသန(နိုင်)၁၉၂၇၀၂ ဖြစ်ပါကြောင်း။ **ဦးရှိန်း**

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးမင်းကို၏ဖခင်အမည်မှန်မှာ ဦးတင့်လွင် ၉/တသန(နိုင်)၀၀၄၅၅၀ ဖြစ်ပါကြောင်း။ **ဦးတင့်လွင်**

## အမည်မှန်

တောင်သာမြို့နယ်၊ ခံပင်ကျေးရွာနေ ဦးဝင်းအောင်၏သမီး အမည်မှန်မှာ မထူး ၉/တသန(နိုင်)၁၉၀၅၀၅ ဖြစ်ပါကြောင်း။

**မထူး**

## အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အလက(ခွဲ) ဗဟိုပထမတန်း (A) မှ မခင်မွန်သန့်အား ယနေ့မှစ၍ မခြူးခေတ်သံသာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခြူးခေတ်သံသာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၈၅၁၇၃ Yamaha 125 R ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးမြင့် ၅/ရဥန(နိုင်) ၀၅၈၈၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(A) မှ မအိသူဝင်း၏ ဖခင်အမည်မှန်မှာ ဦးငွေစိုး ၅/ခဥတ(နိုင်)၀၆၇၉၁၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ဘေရင်း အထက နဝမတန်း(B)မှ မောင်ကျော်ထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးနေလင်း ၅/တဆန(နိုင်)၀၂၉၅၂၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ် ဘေရင်း အထက တက္ကသိုလ်ဝင်တန်း (B) မှ မောင်မျိုးမင်းထက်၏ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်သိန်း ၅/တဆန(နိုင်)၀၇၅၄၇၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

အရာတော်မြို့နယ်၊ ကိုင်းကျေးရွာနေ ဦးနေအောင်(ဘ)ဦးငွေးညွန့် ၅/အရတ(နိုင်)၁၄၈၀၆၉၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၇၁၈၉၅၀၁၅၉**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ မြောက်နန်းကျေးရွာနေ မောင်သန်းမင်း(ဘ) ဦးကြည်ခင် ၈/ပမန(နိုင်)၁၃၉၆၉၉ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ) မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၇၈၂၆၅၃၁၃၃**

## မလှိုင်မြို့နယ်အသင်း(ရန်ကုန်) စတုတ္ထအကြိမ်မြောက်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲ ဖိတ်ကြားခြင်း

မလှိုင်မြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက်၊ မလှိုင်မြို့နယ်ဖွား သံဃာတော်(၂၂)ပါးအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် သာသနာရေးဆိုင်ရာ စာအောင်သံဃာတော် (၂၄) ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဝါဆိုသင်္ကန်းဒွိစုံ (၁)စုံလျှင်(၅၀၀၀ိ/-)နှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။

အသင်းသူ/အသင်းသားများနှင့် အသင်းမဝင်ရသေးသည့်မြို့နယ်သူ/မြို့နယ်သားများကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)

**ကျင်းပမည့်ရက်** - ၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၃ရက်
၃-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်**- နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ

**ကျင်းပမည့်နေရာ**- စမ်းချောင်းကျောင်းတိုက်၊ (၈)မိုင်၊ ကုန်းမြင့်သာ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။(ရန်ကုန်ဟိုတယ်နောက်ရှိလမ်းမှဝင်ရန်)

**နေ့လယ်စာကို ထောပတ်ထမင်းဖြင့် ညှော်ခံကျွေးမွေးပါမည်။**

ဂုဏ်ပြုဆုချီးမြှင့်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အကျုံးဝင်သော (၃၂)မြို့နယ်၌ သီတင်းသုံးသည့် ၂၀၁၇ ခုနှစ် သာသနာရေးဆိုင်ရာစာအောင်သံဃာ၊ သီလရှင်များနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးရ ကျောင်းသူ/ကျောင်းသားများသည် ၃၀-၈-၂၀၁၇ ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ သတင်းပို့ရန်ဖြစ်ပါသည်။

၁။ ဦးသိန်းဇော် -၀၉-၅၁၈၂၁၆၃၊ ၃။ ဦးစိုးလှိုင်(မလှိုင်) -၀၉-၄၃၁၈၀၁၁၂၊
၂။ ဒေါ်ခင်ဌေးဦး -၀၉-၂၀၀၃၈၁၆၊ ၄။ ဦးကျော်စိုး -၀၉-၅၀၉၉၃၃၀

**အမှုဆောင်အဖွဲ့**

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး သစ္စေးသရိုးပန်းရွှေချကားချပ်ကြီးများပြုလုပ်ပူဇော်ခြင်းအတွက် လှူဒါန်းနိုင်ကြပါသည်

မြတ်စွာဘုရားရှင်၏ဓာတ်တော်နှင့် ပညာအရာဧတဒဂ်ရအရှင်သာရိပုတ္တရာ၊ တန်ခိုးတော်အရာ ဧတဒဂ်ရအရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝကရဟန္တာမြတ်ကြီးနှစ်ပါးတို့၏ ဓာတ်တော်များကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋီတိုက်သို့အဝင် မုခ်(၅) မုခ်၏ နံရံ (၂)ဖက်စီတို့တွင် အလျား (၁၄)ပေ (၁၀) လက်မ၊ အနံ (၆)ပေ (၆)လက်မရှိ သစ္စေးသရိုးပန်းရွှေချမြန်မာမှုပန်းချီကားချပ်ကြီးများ ပြုလုပ်ပူဇော်မည်ဖြစ်ပါသည်။

ကားချပ်ကြီးတစ်ချပ်လျှင် ရွှေချအပြီး (၆၅)သိန်းကျသင့်ပြီး၊ ဧရိယာ (၁) စတုရန်းပေလျှင် ၆၇၅၀၀ိ/-ကျသင့်ပါမည်။ (၁၃)သိန်းနှင့်အထက်အလှူရှင်များကို ပန်းချီကားချပ်အောက်ခြေတွင် သစ္စေးသရိုး ပန်းချီရွှေချစာလုံးဖြင့်လည်းကောင်း၊ (၃) စတုရန်းပေနှင့်အထက် လှူဒါန်းသူများကို ရွှေရောင်စတီးဘုတ်ဖြင့်လည်းကောင်း အလှူရှင်မော်ကွန်းကမ္ပည်းရေးထိုးပေးပါမည်။

သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ သဒ္ဓါတတ်အားသရွေ့ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း၊ လှူဒါန်းလိုပါက ဂေါပကရုံးဖုန်း-၀၁-၆၆၀၀၀၂၊ ၀၁-၆၆၅၄၂၅၊ ၀၉-၂၅၀၆၇၇၂၈၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်ကိုးဆော်အပ်ပါသည်။

(သစ္စေးသရိုးပန်းရွှေချပန်းချီကားချပ်လုပ်မည့်နေရာများတွင် ယခင်က လှူဒါန်းထားကြသော မှန်ကြမ်းစီဆေးသွင်း မူလအလှူရှင်များမှ လှူဒါန်းလိုပါက ဦးစားပေးစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ဂေါပကရုံးသို့ကြိုတင် ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့**

## ရောင်းချရန်ကြေညာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရွှေပြည်သာမြို့နယ်တရားရုံးတော်**
**၂၀၁၆ ခုနှစ်၊ ဇာရီမှုအမှတ်-၂၁**

| | | |
|---|---|---|
| ဦးစိုးဝင်း | **နှင့်** | ဒေါ်တင်တင်ထွေး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရွှေပြည်သာမြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက်အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၇ခုနှစ် စက်တင်ဘာ ၂၅ရက် နံနက် ၁၁း၀၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

အမှတ် ၁၀၂(က)၊ သုခ(၃)လမ်းနှင့် နဝဒေးလမ်းထောင့်၊ ရွှေပြည်သာမြို့နယ်ရှိ အိမ်ခြံမြေ (အလျား ၁၀ပေ×အနံ ပေ ၆၀)ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက် ရုံးဆင်းချိန်းမတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြေညာစာထုတ်ပေးလိုက်သည်။

**(ကျော်မြင့်)**
**တွဲဖက်မြို့နယ်ရာအသူကြီး(၂)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ (Support Group for Elderly Doctors) သို့ ဇူလိုင် (၁)ရက်နေ့မှ (၃၁)ရက်နေ့အတွင်း လှူဒါန်းသော အလှူရှင်စာရင်း

**လစဉ်အလှူရှင်များ**

| | |
|---|---|
| ၁။ Dr. ဒေါ်ခင်ခင်ရီ (Shine Hope Co.,ltd. ) | ၆၀၀,၀၀၀ ကျပ် |
| ၂။ Dr. ဦးအောင်ကျော်ဝင်း + Dr. ဒေါ်သက်သက်ခိုင် (ရွှေနန်းတော်ရွှေဆိုင်) | ၅၀၀,၀၀၀ ကျပ် |
| ၃။ Prof. ဒေါ်မိုးမိုးတင် | ၁၀၀,၀၀၀ ကျပ် |
| ၄။ Dr. ဦးခင်မောင်လွင် + Dr. ဒေါ်ခင်ခင်ဌေး (FAME Pharmaceuticals မိသားစု) | ၁,၀၀၀,၀၀၀ ကျပ် |
| **ယခုလအတွင်းအလှူရှင်များ** | |
| ၁။ 1983- 93 Batch MCI | ၂,၅၀၀,၀၀၀ ကျပ် |
| ၂။ Prof. ဦးမြတ်တူ + ဒေါ်ခင်သက်ထား | ၁,၀၀၀,၀၀၀ ကျပ် |
| ၃။ EQMM. HR Training (20.7.17 to 24.7.17) | ၅၀၀,၀၀၀ ကျပ် |
| ၄။ ကျပ်(၃)သိန်းနှင့်(၃)သိန်းအောက်အလှူငွေစုစုပေါင်း | ၁,၅၄၀,၀၀၀ ကျပ် |
| ၅။ Donor Member Club သက်တမ်းတိုးသူ (၁၀) ဦး စုစုပေါင်းလှူဒါန်းငွေ | ၁၈၀,၀၀၀ ကျပ် |
| **စုစုပေါင်းတန်ဖိုးငွေ** | **၇,၉၂၀,၀၀၀ ကျပ်** |

**Donor Club Member များ တစ်နှစ်ပြည့်၍ သက်တမ်းတိုးလိုသူများ တယ်လီဖုန်းဖြင့်အကြောင်းကြားပါက အိမ်တိုင်ရာရောက် လာရောက်ကောက်ခံပေးနေပါပြီ။** အလှူရှင်များအားလုံးကို SGED အလုပ်အမှုဆောင်အဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါသည်။

ဆက်သွယ်ရန် ➧ အလှူငွေများကို SGED office (MMA) - အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် (သို့) Day Care Centre - အမှတ်(၁၄ အေ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်
ဖုန်း - ၀၁-၃၉၄၂၂၉၊ ၀၉-၇၃၀၂၈၁၈၆၊ ၀၁-၈၆၀၃၅၁၃၆၊ FAMEဆေးဝါးစက်ရုံဖုန်း - ၀၁-၆၈၅၆၀၉ သို့ လှူဒါန်းနိုင်ပါသည်။

SGED သို့ လစဉ်လှူဒါန်းထားသော အလှူရှင်စာရင်းကို လစဉ်၂၅ ရက်နေ့ ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ စည်ပင်သာယာရပ်၊ ဝိုင်းအကွက်အမှတ်(၂၀)၊ ဒေါ်အမာ(ဘ)ဦးကျော်ဝ ၉/ညဥန(နိုင်)၀၁၁၀၇၈ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ပျောက်ဆုံးသွားသည့်အတွက် အသစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်အမာသို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ် (၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့ (၅)ရပ်၊ ဝိုင်းအကွက်အမှတ် (၅၁၁)၊ ဦးဖိုးသာအောင်(ခ)ဦးမြင့်ဆွေ ၉/ညဥန(နိုင်)၀၀၈၀၄၄ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဒေါ်ဆွေဆွေမြင့် ၉/ညဥန(နိုင်)၁၂၄၉၀၃ (ဘ) ဦးခင်မောင်မြင့်မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့်ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်ဆွေဆွေမြင့်သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက် ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၄)ရပ်၊ ဝိုင်းအကွက်အမှတ်(၂၄၄)၊ ဒေါ်မာမာဝင်း(ဘ)ဦးအေးမောင် ၉/ညဥန(နိုင်)၀၁၀၈၀၃ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်မာမာဝင်းသို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ် (၅)ရပ်ကွက်၊ စည်ပင်သာယာရပ်၊ ဝိုင်းအကွက်အမှတ်(၁၈)ပေါ်တွင် နေထိုင်ခွင့်ကို ဒေါ်ဝါပွင့်အား ရွှေစည်းခုံစေတီတော်ပုံတော်ပါ ‘ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်’ ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစာရွက်သည် မီးလောင်ချိန်တွင် ပျောက်ဆုံးသွားသည့်အတွက် အသစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ယခုအခါ ဒေါ်ဝါပွင့်အမည်ဖြင့်ပင် အသစ်ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူကို မူလဒေါ်ဝါပွင့် အမည်ဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ‘ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်’ ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ် (၄)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၄)ရပ်၊ ဝိုင်းအကွက်အမှတ်(၁၄၇) ဒေါ်သိန်းကြည်(ခ)ဒေါ်ပိန် ၉/ညဥန(နိုင်)၁၀၃၆၀၀ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဦးထွန်းထွန်းနိုင် ၉/ညဥန(နိုင်)၁၁၅၄၃၅ (ဘ)ဦးထွန်းရှင်မှ ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက် အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကလျှောက်ထားသူ ဦးထွန်းထွန်းနိုင်သို့ရွှေစည်းခုံစေတီတော်ပုံတော်ပါ ‘ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်’ ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ် (၅)ရပ်ကွက်၊ စည်ပင်သာယာရပ်၊ ဝိုင်းအကွက်အမှတ် (၈)ပေါ်တွင် နေထိုင်ခွင့်ကို ဦးမြင့်အောင်အား ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့်ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစာရွက်သည် မီးလောင်ချိန်တွင် ပျောက်ဆုံးသွားသည့်အတွက် အသစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ယခုအခါ ဦးမြင့်အောင် အမည်ဖြင့်ပင် အသစ်ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူကို မူလဦးမြင့်အောင်အမည်ဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက် ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ကွက်၊ ဦးပိုင်အမှတ်(၇၃)၊ အကွက်အမှတ်(၁၉)၊ မြေဧရိယာ (၈၀×၆၀)ပေ ဦးမောင်ကို ၉/ညဥန(နိုင်)၁၀၁၇၆၂ ပိုင်ဆိုင်သည့်မြေကွက်၏ မြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့တွင် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့သို့ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

အောင်လံမြို့၊ ရွာထောင်ရွာ၊ အကွက်အမှတ် ၄၃(တန်ဖိုး)၊ ဦးပိုင်အမှတ် ခ/၅၇+၅၈၊ ဧရိယာ ၀ဒသမ၁၁၀ဧက မြေကွက်/အဆောက်အအုံနှင့်ပတ်သက်၍ အောင်လံမြို့၊ စက်ရုံရပ်ကွက်နေ ဒေါ်မေဦး(ဘ)ဦးဝင်းသောင်း ၈/မထန(နိုင်) ၀၀၀၆၇၁မှ အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ ပြည်လမ်းနေ ဦးမင်းရဲကျော်(ဘ)ဦးခင်ကျော် ၈/မထန(နိုင်)၀၉၆၆၃၃အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၁/၂၀၁၄ဖြင့် ၂၅-၉-၂၀၁၄ရက်တွင်ပေးအပ်ထားခဲ့ပါသည်။ ယခုအခါ၄င်း အထူးကိုယ်စားလှယ်လွှဲစာအား ဒေါ်မေဦးမှ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ ရုပ်သိမ်းပြီးဖြစ်သည့် အထူးကိုယ်စားလှယ်လွှဲစာကို အသုံးပြု၍ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ နေထိုင်ခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ပါရန် အသိပေးအပ်ပါသည်။

**ဒေါ်မေဦး ၈/မထန(နိုင်)၀၀၀၆၇၁**

## အိမ်/ခြံမြေရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ အင်းစိန်ဈေးလမ်းမကြီးပေါ် အောင်ဇေယျလုံးချင်းအိမ်ရာ၊ ခြံအမှတ် (၁၀) ခြံ ပေ(၇၀)ပတ်လည်၊ အိမ် ၃၅ပေပတ်လည် နှစ်ထပ် RC၊ MB နှစ်ခန်း၊ SB နှစ်ခန်း၊ ဧည့်ခန်း၊ ထမင်းစာခန်းကျယ်၊ ကျောင်း/ဈေးနီး၊ ရေ/မီးကောင်း၊ ဂရန်အမည်ပေါက် ဂရန်အမည်ပြောင်းပေးမည်။

**လိုင်သာယာစက်မှုဇုန်နီး ဆိုဈေး ၂၈၀၀ သိန်း။**

**ဖုန်း-၀၉-၈၇၇၈၆၀၅၇၉၊ ၀၁-၈၅၆၆၅၃၆**


## အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်) တက္ကသိုလ်ဝင်တန်းမှ နန်းတင်လေးနွယ်၏ အမည်မှန်မှာ မသင်လေးနွယ် ၁၃/ပလန(နိုင်)၁၁၁၅၁၇ ဖြစ်ပါကြောင်း။ **မသင်လေးနွယ်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်) တက္ကသိုလ်ဝင်တန်းမှ မသင်လေးနွယ်၏ ဖခင်အမည်မှန်မှာ ခွန်သန်းလွင် ၁၃/ပလန(နိုင်)၀၄၄၈၆၃ ဖြစ်ပါကြောင်း။ **ခွန်သန်းလွင်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်) တက္ကသိုလ်ဝင်တန်းမှ နန်းဝင်းကြည်၏ ဖခင်အမည်မှန်မှာ မောင်ရှိန် ၁၃/ပလန(နိုင်)၀၃၀၁၀၆ ဖြစ်ပါကြောင်း။ **မောင်ရှိန်**

## မိဘအမည်မှန်

ပင်လောင်းမြို့၊ အထက (ပင်ခွန်) တက္ကသိုလ်ဝင်တန်းမှ မူစိန်မြနှင့် ပဥ္စမတန်းမှ မူအေးသွယ်ခိုင်တို့၏ မိဘအမည်မှန်မှာ ခွန်မောင်သိန်း ၁၃/ပလန(နိုင်) ၀၈၁၄၉၈ နှင့် ဒေါ်ခံရောင် PLG-၀၁၇၀၇၁ ဖြစ်ပါကြောင်း။ **ခွန်မောင်သိန်း-ဒေါ်ခံရောင်**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း (B) မှ မောင်ဝင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးယားတဲဖြစ်ပါကြောင်း။ **ဦးယားတဲ**

## အမည်မှန်

ဦးကျထောဏ်သမီး ကျိုင်းတုံမြို့၊ အထက (၃)၊ နဝမတန်း (C)မှ မဒီးစိန်၏ အမည်မှန်မှာ မဒီးရှေ ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၁-၆-၂၀၀၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တာချီလိတ်၊ မကာဟိုခမ်း၊ အထက၊ သတ္တမတန်း (C) မှ မောင်ပိုင်မင်းထက်၏ဖခင် ဦးမင်းထက်၏ အမည်မှန်မှာ ဦးဇင်လင်းဖြိုး ၁၃/တခလ(နိုင်)၀၆၀၆၃၂ ဖြစ်ပါကြောင်း။ **ဦးဇင်လင်းဖြိုး**

## အမည်မှန်

ဦးဝေါင်းကျ၏သား တာချီလိတ်၊ မကာဟိုခမ်း၊ အထက၊ ဆဋ္ဌမတန်း (က)မှ မောင်အောင်မြင့်ဦး၏အမည်မှန်မှာ မောင်ယာဆောင် ဖြစ်ပါကြောင်း။ **မောင်ယာဆောင်**

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**

**မကွေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၇ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ်-၈**

ဒေါ်ကြည်ကြည်မာ **နှင့်**
၁။ ဒေါ်အေးအေးခိုင်(ခ)မအေးမြ
၂။ ကိုအောင်ဇင်ထွေး(ခ)ဖိုးဇင်
၃။ ကိုပေတလူ(ခ)ကိုဖိုးလူ
၄။ မသန်းသန်းဦး

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၇ခုနှစ် ဇွန်လ ၁၅ရက်စွဲပါ ပခုက္ကူခရိုင်တရားရုံးမှ ၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ် ၅ အမှုတွင် ချမှတ်သော အမိန့်ဒီကရီကို အယူခံမှု။

(မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဖောင်တောရွာ၊ ရပ်ကွက်ကြီး ၁၅နေ အယူခံတရားပြိုင် အမှတ်(၂)ကိုအောင်ဇင်ထွေး(ခ)ဖိုးဇင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။)

ယခုအမှုတွင် ပခုက္ကူခရိုင်တရားရုံးကချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၂ရက် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) တွင်ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

**(ကေသီဝင်း)**

**လက်ထောက်ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**မကွေးခရိုင်တရားရုံးတော်**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၈၀**

ဒေါ်ခင်ဌေးလတ် **နှင့်** ၁။ ဦးကျော်ပိုင်
၂။ ဒေါ်အေးအေးမွန်

မကွေးမြို့၊ ရန်အောင်ရပ်၊ ၁၂ လမ်း၊ အမှတ်(၂၅၉)နေ (၁-တရားပြိုင်) ဦးကျော်ပိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ဌေးလတ်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၁ ရက် (၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းနွယ်)**

**ဒုတိယခရိုင်တရားသူကြီး(၁)**

**မကွေးခရိုင်တရားရုံး**


# MTSH Myanmar Thilawa SEZ Holdings Public Limited

Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

## စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (4th Annual General Meeting)

## တက်ရောက်ရန် ဖိတ်ကြားခြင်း

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်(MTSH)၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်၊ (စနေနေ့) နံနက် (၁၀း၀၀)နာရီအချိန်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂။ အစုရှယ်ယာရှင်များထံသို့လည်း အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားစာ၊ အစည်းအဝေး တက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာ၊ အစည်းအဝေးတက်ရောက်ကြောင်း မှတ်ပုံတင်ရန် ယူဆောင်လာရမည့် QR Code ပါ အစုရှယ်ယာသက်သေခံဖြတ်ပိုင်း၊ အမြတ်ဝေစု (Dividend) ခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာတို့ကို အချိန်မီ ပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးသို့ ကိုယ်စားလှယ်စေလွှတ်မည့် အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာအား သတ်မှတ်ချိန်အတွင်း ပြန်လည်ပေးပို့ခြင်းမရှိပါက ကိုယ်စားမဲပေးခွင့် ရရှိမည်မဟုတ်ဘဲ အစည်းအဝေးတက်ရောက်ခွင့်သာ ရရှိမည်ဖြစ်ပါသည်။

၃။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်မည့် အစုရှယ်ယာရှင်အရေအတွက်များပြားမည်ဖြစ်ပါသဖြင့် အစည်းအဝေးအချိန်မီ စတင်နိုင်ရန် အစည်းအဝေးတက်ရောက်သူအမည်စာရင်း မှတ်ပုံတင်ခြင်းကို နံနက် (၈း၃၀)နာရီမှစတင်၍ နံနက် (၁၀း၃၀)နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် နံနက် (၁၀း၃၀)နာရီနောက်ပိုင်း ရောက်ရှိလာသူများသည် အစည်းအဝေးတက်ရောက် ခွင့်သာရရှိမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက် (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုသည့်ရက် - Record Date)နေ့တွင် ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ပြီး အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပပြီးစီးသည့်နေ့ နောက်ပိုင်းတွင် အသိပေးကြေညာမည်ဖြစ်ပါသည်။

၅။ အစုရှယ်ယာရှင်များအနေဖြင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အကျိုးစီးပွားတိုးတက်စေရန်အတွက် အကြံပြုလိုပါက ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်၊ တနင်္လာနေ့ ညနေ (၄း၃၀)နာရီ နောက်ဆုံးထား၍ ဒါရိုက်တာအဖွဲ့ထံသို့ အကြံပြုလွှာပေးပို့နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်


## မိဘအမည်မှန်

ပင်လောင်းမြို့၊ အထက(ခွဲ) နမ့်ဖာမူအဋ္ဌမတန်းမှ မနွယ်နွယ်ဝင်း၏ မိဘအမည်မှန်မှာ ဦးအုံးချိန် ၁၃/ပလန(နိုင်)၀၃၂၀၅၁နှင့် နန်းမလွမ်း ၁၃/ပလန(နိုင်)၀၄၂၈၇၁ ဖြစ်ပါကြောင်း။ **ဦးအုံးချိန်-နန်းမလွမ်း**

## ဖခင်အမည်မှန်

ဖယ်ခုံမြို့၊ အထက နဝမတန်းမှ မောင်စိမ်းမောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း ၁၃/ပလန(နိုင်) ၀၅၄၇၅၀ဖြစ်ပါကြောင်း။ **ဦးအောင်သန်း**

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ပိုးရှိုပြင် အထက၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ငြိမ်းမြင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇံလှ ၁၁/ပဏတ(နိုင်) ၀၁၂၈၁၃ ဖြစ်ပါကြောင်း။

## ဖခင်နှင့်မိခင်အမည်မှန်

အထက-၁(မင်းပြား) တက္ကသိုလ်ဝင်တန်း (G) မှ မအေးအေးသွယ်၏ ဖခင်အမည်မှန်မှာ ဦးအေးမောင် ၁၁/မပန(နိုင်)၀၆၀၉၃၉နှင့် မိခင်အမည်မှန်မှာ ဒေါ်သောင်းစိန် ၁၁/မပန(နိုင်)၀၄၀၁၉၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ပိုးရှိုပြင် အထက၊ တက္ကသိုလ်ဝင်တန်း (B)မှ မမိုးမိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျိုင် ၁၁/ပဏတ(နိုင်) ၀၃၃၃၄၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်

မင်းပြားမြို့နယ်၊ မြောင်ချောင်းကျေးရွာနေ (ဘ)ဦးမောင်သိန်းဟန်၏ သမီး မရွှေရွှေဝင်း၏ မွေးသက္ကရာဇ်မှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၃-၆-၁၉၉၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အထက-၂ (မြောက်ဦး)၊ နဝမတန်း (C)မှ ပိုင်စိုးချော၏ဖခင် ဦးမောင်လုံး၏ အမည်မှန်မှာ ဦးအောင်စံကျော် ၁၁/မဥန(နိုင်)၀၁၂၅၃၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ပိုးရှိုပြင် အထက၊ တက္ကသိုလ်ဝင်တန်း (B)မှ မပြည့်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ပေါ်ထွန်း ၁၁/မဏတ(နိုင်) ၀၀၀၀၀၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မာန်အောင်မြို့၊ ကမ်းနားလမ်း ရပ်ကွက်၊ စည်ပင်သာယာလမ်းနေ မောင်အေးမင်း ၁၁/မအန(နိုင်) ၀၆၆၆၉၆၏ ဖခင်အမည်မှန်မှာ ဦးကျော်ရှိန် ၁၁/မအန(နိုင်)၀၀၁၉၉၄ ဖြစ်ပါကြောင်း။

**ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ချမ်းမြသာစည်မြို့နယ်တရားမရုံးတော်၌**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၆ နှင့်ဆက်နွယ်သည့်**

**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် ၂၄**

ဦးစိန်ဝင်း **နှင့်** ဦးညွန့်တင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အကွက်အမှတ် (၄၉၁)၊ ဦးပိုင်အမှတ် (၆)၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိန်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၄ရက် (၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၄ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**

**ဒုတိယမြို့နယ်တရားသူကြီး(၂)**

**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1F/8992 Isuzu BIGHO ယာဉ်လက်ဝယ်ရှိသူ ဦးခွန်အောင်ဇော်လင်း ၁၃/ဆဆန(နိုင်) ၀၃၁၃၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(တောင်ကြီး)**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၁) စတုတ္ထတန်း(က)မှ မဆောင်းဦးရတီထွန်းအား ယနေ့မှစ၍ မဆောင်းသက်စံဟု ပြောင်းလဲခေါ်ပါရန်။ **မဆောင်းသက်စံ**

## ဖခင်အမည်မှန်

အေးသာယာမြို့၊ အထက (၁)၊ နဝမတန်း(က)မှ မနွယ်ဝင်းငြိမ်းနှင့် စတုတ္ထတန်း(ဂ)မှ မမိုးပွင့်ငြိမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးဦး ၁၃/ညရန(နိုင်) ၀၅၃၉၇၉ဖြစ်ပါကြောင်း။ **ဦးကျော်စိုးဦး**

VICTORIA UNIVERSITY COLLEGE

Partnership with UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ် ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃)နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့် အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK တွဲ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

**သင်တန်းကာလပြီးဆုံးပါက အင်္ဂလန်နိုင်ငံ (သို့) ပြည်တွင်းတွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရယူရမည်။**

**မိဘများ၏ မေတ္တာရပ်ခံချက်အရ September တန်းခွဲအသစ်ကို ထပ်မံဖွင့်လှစ်ရန် စတင်လက်ခံပေးနေပါပြီ။**

**အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန**

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။

မန္တလေး –အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ ထ ၇၆) ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။


## မိဘအမည်မှန်

အထက(၃) စစ်တွေ၊ တက္ကသိုလ်ဝင်တန်း(B)မှ မအေးမြတ်နွယ်၏ မိဘအမည်မှန်မှာ ဦးမောင်ထွန်းသိန်း ၁၁/စတန(နိုင်)၀၈၉၂၇၇နှင့် ဒေါ်ဦးခင်သန်း ၁၁/မပန(နိုင်)၀၅၈၄၅၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

အိုက်ပရန်း၏သား ဘုတလင်မြို့ အထက တက္ကသိုလ်ဝင်တန်း $SE_3$ မှ မောင်အိုက်ကတ်အား မောင်အိုက်ကပ်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ဘုတလင်မြို့ အထက တက္ကသိုလ်ဝင်တန်း $SE_3$ မှ မောင်အိုက်ဆမ်၏ ဖခင်အမည်မှန်မှာ ဦးအိုက်လုံးလိုင်း ၁၃/တယန(နိုင်)၀၃၃၇၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘုတလင်မြို့ အထက တက္ကသိုလ်ဝင်တန်း $SE_3$ မှ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဦး ၅/ဘတလ(နိုင်)၀၈၄၇၂၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘုတလင်မြို့ ပဲပစ်တောရွာ မူလွန်ကျောင်း ဆဋ္ဌမတန်းမှ မောင်စည်သူထွန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဦး ၅/ဘတလ(နိုင်)၀၈၄၇၂၁ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဖြိုးမင်းဦး၏သမီး မုံရွာမြို့ ပညာရေးကောလိပ် (TTC) လေ့ကျင့်ရေး အလယ်တန်းကျောင်း တတိယတန်း(A) မှ မမင်းမြတ်သွယ်အား မမီမီကျော်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8498 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (နေပြည်တော်)**

## ကန့်ကွက်နိုင်ပါသည်

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ် ၁/လင်ဇင်းရပ်၊ ဦးပိုင်အမှတ် ၇၀၊ မြေကွက်အမှတ် ၆၈၊ ဧရိယာ ၀ဒသမ ၀၇၄ဧကရှိမြေကွက်အား ဒေါ်မမလေးအမည်ဖြင့် ဂရန်ရရှိထားပါသည်။ မူရင်းဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ဒေါ်မမလေးက ဂရန်မူရင်းပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်မမလေး(မိတ္ထီလာ)**

## အမည်ပြောင်း

မကွေးမြို့၊ အမက(၈)သူငယ်တန်း (A) မှ (ဘ)ဦးရဲလွင်ဦး ၈/မကန(နိုင်)၁၅၀၃၈၂၏သား မောင်ညီလွင်ထူးအား မောင်သီဟဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သီဟဇော်**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ အထက(၂)နဝမတန်း (L) မှ မောင်သန်းလင်းအောင်၊ ညောင်ဦးမြို့နယ် သတ္တမတန်း (သပြေအိုင်)မှ မောင်ဝင်းမြင့်အောင်နှင့် ပဉ္စမတန်းမှ မကြယ်ဇင်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၉/ညဥန(နိုင်)၁၆၆၁၇၀ဖြစ်ပါကြောင်း။ **ဦးသန်းနိုင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရွှေပြည်သာမြို့နယ်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်–၆၃**

| | | |
|---|---|---|
| ဒေါ်ဆုဝေနှင်းအောင် | နှင့် | ၁။ ဦးဝင်းကြိုင် |
| | | ၂။ ဒေါ်ထွေး |
| | | ၃။ ဦးအောင်တင်မင်း |
| | | ၄။ ဒေါ်အေးအေးနွယ် |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ (၁)တရားပြိုင် ဦးဝင်းကြိုင်၊ (၂)တရားပြိုင် ဒေါ်ထွေး၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ် ၄၃၅(က/ခ)တွင်နေထိုင်သူများ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ရှင်အစစ်ဖြစ်ကြောင်း မြွက်ဟကြော်ငြာပေးစေလိုမှု လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၄ ရက် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအိခိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)**
**ပဲခူးခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်–၅၇**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်–၃၀**

| | | |
|---|---|---|
| ဒေါ်သီတာဝင်း(ခ) ဒေါ်ချောစုသိမ့်သိမ့်ရွှေ (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အိဖြူဝင်းမြင့်) | နှင့် | ၁။ ဦးမိုးကျော်(ခ)ဦးမင်းမောင် ၂။ ဒေါ်မြနွယ် |
| **တရားနိုင်** | | **တရားရှုံးများ** |

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ဘုရင့်နောင်လမ်း၊ ရပ်ကွက်ကြီး(၂)၊ အမှတ်(၃/၄၂၄)နေ တရားရှုံး(၁)ဦးမိုးကျော်(ခ)ဦးမင်းမောင်၊ (၂)ဒေါ်မြနွယ် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်–၅၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် စက်တင်ဘာ ၁၅ ရက် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၃၄၁**

| | | |
|---|---|---|
| ဒေါ်မေသူအောင် | နှင့် | ဦးယံအောင်(ခ)အမက်ရန် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)အောက်ဘလောက်၊ ပထမထပ်၊ အမှတ်(၄၇)နေ ဦးယံအောင် (ခ)အမက်ရန်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၃ ရက် (၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်–၃၃**

| | | |
|---|---|---|
| ဒေါ်နွဲ့နွဲ့လွင် | နှင့် | ၁။ ဦးမောင်ညိုသိန်း |
| | | ၂။ ဦးထွန်းမြင့် |
| | | ၃။ ဦးခင်သန်း |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ (ဈ/၃၄)၊ ဒက္ခိဏ(၁)၊ အမှတ်–၉၃၅)နေ (၁) တရားပြိုင် ဦးမောင်ညိုသိန်းနှင့် တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်း(၁)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်–၇၀/၁ နေ (၂)တရားပြိုင် ဦးထွန်းမြင့် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်း (၅၈) အရ ဝရမ်းခွာလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၈ ရက် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နိုင်စိုး)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ပြည့်ဖြိုးအောင်(ဘ)ဦးကျော်မြင့်၅/ဝလန(နိုင်)၁၂၅၉၀၄နှင့် အများသိစေရန် ကြေညာခြင်း

ပြည့်ဖြိုးအောင်(ဘ)ဦးကျော်မြင့် ၅/ဝလန(နိုင်)၁၂၅၉၀၄ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ လှတောရွာနေထိုင်သူသည် Dairy Myanmar Network Co.,Ltd. ၏ မန္တလေးရုံးခွဲမှတာဝန်ခံမန်နေဂျာဖြစ်ပြီး ကုမ္ပဏီသို့ ဩဂုတ် ၃ ရက် ၂၀၁၇မှစ၍ ရုံးသို့ လာရောက်ခြင်းမရှိသည့်အပြင် ကုမ္ပဏီ၏အရောင်းငွေများဖြစ်သော ကျပ်သိန်း ၆၀၀ ကျော်ခန့်ကို ကုမ္ပဏီသို့ ပြန်လည်အပ်နှံခြင်းမရှိပါသဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ ဩဂုတ် ၂၈ ရက် နောက်ဆုံးထားပြီး ကုမ္ပဏီသို့ လာရောက်ဖြေရှင်းပေးပါရန်နှင့် ပြည့်ဖြိုးအောင်(ဘ)ဦးကျော်မြင့် ၅/ဝလန(နိုင်)၁၂၅၉၀၄ သည် ယနေ့မှစ၍ Dairy Myanmar Network Co.,Ltd. နှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါကြောင်းနှင့် ကုမ္ပဏီအနေဖြင့်လည်း တရားဥပဒေအရ ထိထိရောက်ရောက် တရားစွဲအရေးယူသွားမည်ဖြစ်ပြီး ပြည့်ဖြိုးအောင်(ဘ)ဦးကျော်မြင့် ၅/ဝလန(နိုင်)၁၂၅၉၀၄ အား တွေ့ရှိပါက ကုမ္ပဏီသို့ သတင်းပေးကူညီသူအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Dairy Myanmar Network Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးအေးသွင်**
**(မော်လမြိုင်)**
**အသက်(၉၁)နှစ်**

ဒေါက်တာဒေါ်ခင်သီတာသွင် (ပါမောက္ခ၊ ဌာနမှူး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ ခုတင်-၅၀၀ အထူးကုဆေးရုံ)၊ ဒေါက်တာဦးဝင်းအောင်-ဒေါက်တာဒေါ်ခင်စပယ်သွင်တို့၏ချစ်လှစွာသောဖခင် ဦးအေးသွင်သည် ၂၁-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာမျိုးထွန်းနှင့် TOP PRIME**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒုဗိုလ်မှူးကြီးခင်မောင်ထွေး (ငြိမ်း)**
**အသက်(၇၆)နှစ်**

ဒေါက်တာသောင်းဌေး-ဒေါ်ခင်စုစုယဉ်(ကထိက-ငြိမ်း၊ ဝါဏိဇ္ဇဗေဒဌာန)၏ ချစ်လှစွာသော ဖခင်ကြီးသည် ၁၉-၈-၂၀၁၇ရက်(စနေနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝါဏိဇ္ဇဗေဒဌာနမိသားစု**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးစိုးလှ**
**အသက်(၇၂)နှစ်**

သူငယ်ချင်း ခင်မောင်စိုး၏ ဖခင် ဦးစိုးလှသည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီးငြိမ်းချမ်းဦး (ငြိမ်း)**
**M.B.,B.S, M.Med.Sc (O & G)**
**အသက်(၃၇)နှစ်**

ဒေါ်သီရိစိုးမြင့်၏ ခင်ပွန်း ဗိုလ်ကြီးငြိမ်းချမ်းဦး(ငြိမ်း)သည် ၁၉-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
**ဦးကျင်အေး(ခ)လင်ရှင်စော်**
**အသက်(၉၉)နှစ်**

ပုသိမ်မြို့၊ ယိုးဒယားကုန်း၊ အောင်ချမ်းသာလမ်း၊ အမှတ် ၁နေ (ဒေါ်စန်းကြည်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးကိုကိုဦး-ဒေါ်သန်းသန်းဌေး၊ ဦးကိုကိုလတ်-ဒေါ်ခင်ရွှေဦး၊ ဦးကျော်ကျော်အောင်-ဒေါ်မြမြမူ၊ ဦးကိုကိုလေး-ဒေါ်ခင်ခင်မာ၊ ဒေါ်စန်းစန်းအေး၊ ဦးသိန်းနိုင်-ဒေါ်အိမြတ်မွန်တို့၏ချစ်လှစွာသောဖခင်၊ မြေးရစ်ယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ပုသိမ်မြို့ ကြက်မောက်ကုန်းတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင် ပုသိမ်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးအေးသွင်**
**(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ လယ်-စိုက်-ရှင်း)**
**(မော်လမြိုင်မြို့)**
**အသက်(၉၁)နှစ်**

ဒေါက်တာဒေါ်ခင်သီတာသွင် (ပါမောက္ခဌာနမှူး၊ ဆီးနှင့် ကျောက်ကပ်ဆေးကုဌာန၊ ခုတင်-၅၀၀ ဆေးရုံ)၏ချစ်လှစွာသောဖခင်သည် ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## အနိစ္စ

**ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)**
**ဒေါ်မြမြ (ဖျာပုံ)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၈၈၀)နေ ရာသက်ပန်အသင်းဝင် ဒေါက်တာဒေါ်ခင်လှဝင်း၏ မိခင်သည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ ပို့ဆောင်ပေးကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဒေါ်ညွန့်ညွန့်ရီ**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဌေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၆၃၊မြေညီ-ပထပ်နေ(ဦးသန်း-ဒေါ်တင်)တို့၏သမီး၊ (ဦးညိုမှိုင်း-ဒေါ်ခင်ခင်)တို့၏သမီးချွေးမ၊ ဦးသောင်းထွဏ်း၏ဇနီး၊မောင်အောင်ဇော်ထိုက်-မခိုင်စိုးမွန်တို့၏မိခင်၊ မောင်ဖွဲ့ပိုင်ဆက်၏အဘွား၊ ဦးသန်းမြင့်-(ဒေါ်ခင်ညွန့်)၊ ဦးကျော်ငြိမ်း-(ဒေါ်စိန်ယဉ်)တို့၏ညီမ၊ ဦးငွေဆိုင်-ဒေါ်သန်းသန်းညွန့်၊ ဦးအောင်မြင့်-ဒေါ်ယဉ်ဝင်း၊ (ဒေါ်ညွန့်ညွန့်သန်း)တို့၏အစ်မ၊ တူ/တူမ ၁၀ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ဟိုက် (တိုက်ကြီး)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ B-9, River View Garden အိမ်ရာ၊ ကမ်းနားလမ်းနေ (ဦးဝိန်-ဒေါ်ခင်)တို့၏သမီး၊ (ဦးရှိန်)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးသောင်းအေး)-ဒေါ်ယုကြည်၊ ဦးတင်အောင်-ဒေါ်စုစုရီ(ခေတ္တ-အမေရိကန်နိုင်ငံ)၊ ဦးသန်းလွင်-ဒေါ်တင်တင်မာ၊ ဦးတင့်ရှိန်-ဒေါ်သန်းလေးဝေတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၃ယောက်၊ မြစ်ရစ်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို တိုက်ကြီးမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မြမြ (ဖျာပုံ)**
**အသက်(၈၇)နှစ်**

ဖျာပုံမြို့နေ(ဦးကြင်-ဒေါ်သိန်းရှင်)တို့၏သမီး၊ ဖျာပုံမြို့၊ ရွှေနတ်ကူဘုရားလမ်းနေ (ဦးတင်ရှိန်-ဒေါ်မြသန်း)တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးအုန်း(ခ)ဦးတင်ကြည်-ဒေါ်တင်ရွှေတို့၏အစ်မ၊ (ဦးအောင်စိုး-ဒေါ်လှမြင့်)၊ ဦးကျော်တင့်-ဒေါက်တာဒေါ်လှလှ၊ (ဦးကျော်မြင့်)-ဒေါ်တင်ဝင်းတို့၏အစ်မ၊ ဖျာပုံမြို့၊ ခါတော်မှီဆန်စက် (ဦးကျင်မောင်)၏ ချစ်လှစွာသောဇနီး၊ ဖျာပုံမြို့၊ နေသူရိန်လမ်း၊ အမှတ် ၈နေ ဒေါ်သန်းသန်းဝင်း၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၈၈၀နေ ဦးချိုအေး(Thanks & Grace Co.,Ltd.)-ဒေါက်တာခင်လှဝင်းတို့၏မိခင်၊ မသူသူဟန်(တတိယနှစ်၊ ဆေးဝါးတက္ကသိုလ်)၊ မောင်ဉာဏ်လင်းထွန်းတို့၏အဘွားသည်၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ သဃ်္ဃန်းကျွန်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
**ဒေါ်ကျင်အေး(ခ)တင်ကျင်တီ**
**ကျားခေါင်းမုန့်မျိုးစုံလုပ်ငန်း**
**သန်လျင်မြို့**
**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ် ၁၈၊ ဈေးချိုလမ်း၊ မြို့မမြောက်ရပ်ကွက်နေ (ဦးဖဲယား-ဒေါ်မြညွန့်)တို့၏သမီး၊ (ကွာပိုကြုံ)၏ဇနီး၊ ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်ဗြဟ္မစာရီ၊ ကွာစွန်ဟိုင်း(ခ)ဦးကျော်ကျော်ထွန်း-ဒေါ်ဝါဝါနီတို့၏မိခင်၊ မကေဇင်ကျော်ကျော်ထွန်း၊ မောင်ဟိန်းမင်းထက်-မဇင်သီကျော်ကျော်ထွန်းတို့၏အဘွား၊ မောင်အာကာကျော်၏ဘွားဘွားကြီးသည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မမလွင် (UNDP)
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်း၊ အမှတ် ၁၁/ကနေ [ဦးစိုးလွင်၊ တိုင်းဆက်သွယ်ရေးမှူး၊ ငြိမ်း-ဒေါ်ခင်ခင်ဝင်း]တို့၏သမီး၊ သူရဦးထွန်းတင်(နိုင်ငံတော်ဝန်ကြီးချုပ်၊ ငြိမ်း)-ဒေါ်မြင့်မြင့်သိန်းတို့၏ သမီးချွေးမ၊ Captain ဦးကျော်မြင့်ထွန်း Master Mariner C.D.C 3761 ၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ကြည်ကြည်လွင်(ကညန)၊ (ဒေါ်ခင်ကြူကြူလွင်၊ စိုက်ဘဏ်)တို့၏အစ်မ၊ ဒေါ်ကေသီကျော်ထွန်း၊ ဦးကျော်မင်းထွန်း၊ ဦးအောင်နိုင်ထွန်းတို့၏ချစ်လှစွာသောမိခင်၊ မပွင့်ဇမ္ဗူအောင်၏အဘွားသည် ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဒေါ်တင်ရွှေ(ခ) Tinar**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ မလိခလမ်း၊ ပါရမီလမ်း၊ ချော်တွင်းကုန်းနေ(ဦးဘစိန်-ဒေါ်ကျင်)တို့၏သမီး၊ ဒေါ်ချစ်မေ၏ညီမ၊ ဒေါ်ခင်ကြည်(ခ)စီစီ၊ (ဦးအောင်သန်း)၊ ဒေါ်မြမြအေး၊ ဒေါ်ခင်ခင်ရွှေ(ခ)ဂျူစီ၊ ဒေါ်အယ်နီ၊ ဦးဂျော်နီတို့၏အစ်မ၊ တူ/တူမ ၃၀တို့၏ကြီးတော်သည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(မရမ်းကုန်း၊ မလိခလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမျိုးစစ်
**CDC 8427**
**2nd Engineer**
**Monsoon Shipping Co.,Ltd**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အမှတ် ၂၆-စီ၊ နဝဒေးလမ်းနေ (ဦးအောင်မြင်)-ဒေါ်စောတင်တို့၏သား၊(ဦးရှင်ကူး-ဒေါ်တင်စိန်)တို့၏သားသမက်၊ ဒေါ်ခင်ဝေ(ဆက်သွယ်ရေး၊ ငြိမ်း)၏ခင်ပွန်း၊ (ဒုတိယဗိုလ်မှူးကြီးအောင်မြင်)-ဒေါ်စောတင်တို့၏သား၊ ဦးစိုင်းနေညွန့်-ဒေါ်ရီရီတိုး၊ ဦးနေဝင်းတို့၏ညီ၊ ဒေါ်သဇင်အောင်၊ ဦးထွန်းလှအောင်၊ ဦးမျိုးအောင်တို့၏အစ်ကို၊ ဒေါက်တာသူသူမျိုးစစ်-ဒေါက်တာမျိုးဆက်ဦး၊ မရူပါမျိုးစစ်တို့၏ဖခင်၊ မောင်ခွန်ဉာဏ်သာ၏အဘိုးသည် ၂၄-၈-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၇ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဓမ္မဇေယျကျောင်းတိုက်**
**ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရ**
**သက်တော်(၈၀)၊ သိက္ခာတော်(၆၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၆)ဝိုင်းနေ (ခမည်းတော် ဦးမောင်ရွှေဖြူ-မယ်တော် ဒေါ်မိုးစိန်ဦး)တို့၏သား၊ (ဒေါ်မဦး)၊ ဒေါ်ပိန်ချေတို့၏မောင်၊ (ဦးမောင်ထွန်းစိန်)၊ ဦးဇော်ခိုင်၊ ဒေါ်မအေးလှတို့၏အစ်ကိုသည် ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၆-၈-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုး တပည့်ဒါယကာ၊ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။(ဓမ္မဇေယျကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ဆရာတော်အားရည်စူး၍ ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဘုရား၊ သိမ်၊ ဇရပ် ဒါယကာကြီး**
**ဦးဇာဂရ(ခ)ဦးမောင်မောင်မြင့်**
**ကျွန်းကလေးကျောင်းတိုက်၊ ကော့မှူးမြို့**
**(စစ်/ကိုယ် ကော်ပိုရေးရှင်း)**
**သက်တော်(၈၀)၊ သိက္ခာတော်(၅)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းစံပြကျေးရွာအုပ်စုနေ(ဦးဝင်းရှိန်-ဒေါ်ငွေသန့်)တို့၏သား၊ (ဦးအမ်မောင်သောင်း-ဒေါ်ရင်ရင်)တို့၏သားသမက်၊ (ဦးဇော်မြင့်)၊ (ဦးကြည်မောင်-ဒေါ်တင်တင်နွဲ့)၊ (ဦးကျော်မြင့်-ဒေါ်တင်တင်ချို)၊ ဦးစိမ်းပါ-ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်ကို၊ ထမ္ဘနိုင်ကျေးရွာနေ ဦးစိုးတင်-ဒေါ်ညွန့်ရီ၊(ဦးပေါကြိုင်)-ဒေါ်သန်းသန်းတို့၏ညီ/အစ်ကို၊ (ဦးမြသန်း-ဒေါ်ရင်မြ)၊ (ဦးမြသိန်း)၊ (ဦးမြသောင်း)-ဒေါ်သောင်းရွှေ၊ (ဦးကြင်ရှုတ်-ဒေါ်မြမြ)တို့၏ညီ/မောင်၊ (ဒေါ်ညိုညို)၏ခင်ပွန်း၊ ဦးအောင်မြင့်သူ-ဒေါ်ဌေးဌေး၊ ဦးမိုးခိုင်ငွေ-ဒေါ်နီလာရှိန်၊ ဦးသန်းထွဋ်-ဒေါ်မိုးသန္တာမြင့်(ခ)မချစ်ချစ်၊ ဦးတင်မောင်ဦး-ဒေါ်ခင်သန်းဦး၊ (ဦးဇင်မင်းစိုး)-ဒေါ်မြင့်မြင့်အေးတို့၏ဖခင်၊ မြေးမြစ်တစ်စုတို့၏ဘိုးဘိုးကြီးသည် ၂၃-၈-၂၀၁၇ရက် နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျွန်းကလေးကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်ဘောဘီ (အုတ်ဖို)**
**အထက်တန်းပြ(အုတ်ဖို)၊ (ညောင်လေးပင်)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၅လမ်း၊ အမှတ် ၁၅၉၊ (၃/၄)လွှာနေ(ဦးအေးမောင်-ဒေါ်ကျင်ဟန်)တို့၏သမီး၊ (ဦးဘ-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ဦးဆွန်းရွှေ၏ချစ်လှစွာသောဇနီး၊ (ဦးလှထွန်း-ဒေါ်နီနီ)၊ ဦးအေးကြည်-(ဒေါ်တင်တင်သန်း)တို့၏ညီမ၊ (ဦးဉာဏ်ဝင်း)-ဒေါ်သန်းသန်းဆွေ၊ ဦးသန်းထွေး-ဒေါ်နီနီတို့၏အစ်မ၊ ဒေါ်နီလာဝင်း၊ ဦးသက်နိုင်ဦး-ဒေါ်နီလာမျိုးမြင့်၊ ဦးရဲဇော်သူ-ဒေါ်သော်တာဝင်းတို့၏ချစ်လှစွာသောမိခင်၊ မောင်ကောင်းထက်ဟန်(Grade-8-A)၊ မသီရိနိုင်(Grade-7-A)၊ မမေမြတ်နိုးခင်(Grade-6-B)၊ မောင်ရဲထွဋ်ဝင်း(Grade-4-A) အထက(၁)ဒဂုံတို့၏အဘွားသည် ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၇ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယကာကြီး
**ဦးမောင်ဝင်း (မော်လမြိုင်)**
**(ပြည်တွင်းရေကြောင်း၊ ငြိမ်း)**
**အသက်(၇၅)နှစ်**

မော်လမြိုင်မြို့နေ(ဦးစိန်ခို-ဒေါ်အေးကြည်)တို့၏သား၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ကိုကျော်ကျော်ဝင်း-မဇာဇာလွင်၊ ကိုတင်ထွဋ်ဝင်း-မနှင်းပွင့်အောင်၊ ကိုနေမျိုး-မယုနန္ဒာမြင့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်သန်းသန်းဌေး**
**(ရေစကြို၊ ဗဟန်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၅၊ အခန်း ၄၈နေ [ဦးတင်-ဒေါ်သက်တင်(ရေစကြို)]တို့၏သမီး၊ (ဦးဝင်းတင်)-ဒေါ်သန်းသန်း၊ ဒေါ်တိုးတိုးတို့၏ညီမ၊ (ဦးကျော်သိန်း)၏ဇနီး၊ ဦးမောင်မောင်ဦး၊ (ဦးထွန်းထွန်းဦး)၊ဦးဘိုဘို၊ ကိုသန်းထွဋ်(Uniteam Marine)-မသီဂီဝင်း၊ မဥမ္မာသိန်း (ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်)၊ မချောစုလှိုင်တို့၏ ချစ်လှစွာသောမိခင်သည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ည ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်သူ
**မိတ်ကပ်-ဆံပင်(သူသူ)၊ သုဝဏ္ဏ**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ကျောက်မြောင်း၊ ဩဘာလမ်းနေ (ဦးသောင်း)-ဒေါ်စန်းရီတို့၏မြေး၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ နာနတ်တောလမ်း၊ မြန်မာ့အသံဝန်ထမ်းအိမ်ရာ၊ တိုက် ၁၊ အခန်း ၅နေ ဦးနီ(ဓာတ်ပုံဦးလေးနီ) ဦးစီးအရာရှိ၊ ငြိမ်း၊ ပြန်/ဆက်ဦးစီး-ဒေါ်လှသန်းတို့၏သား၊ ကိုသန်းနိုင်စိုး(EAST WEST CO., LTD) - ဒေါ်နုနုကြည် (အမက-၁၆၊ မ/ဒဂုံ)၊ ကိုဝင်းညွန့်-မခင်ချိုချို(လ/ထ ညွှန်မှူး၊ MRTV)၊ (ကိုထွန်းသူ)တို့၏အစ်ကို၊ ကိုသန်းနိုင်ဦး(UNITEAM)-မဇင်မာဝင်း၊ကိုကိုနိုင်(MRTV)-မမြတ်မွန်မွေး(MRTV)၊ မောင်ခန့်စည်သူ (ပဉ္စမနှစ်၊ရေကြောင်းပညာတက္ကသိုလ်)၊ မရတနာအောင်(ပထမနှစ်၊ဥပဒေ YU) တို့၏ ဘကြီးသည် ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၀၀း၄၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတည်ဆောက်နိုင်ရန် ကြိုးပမ်းလျက်ရှိ ရခိုင်ပြည်နယ်အရေးကိစ္စ ပိုမိုဆိုးရွားစေမည့် မီးလောင်ရာလေပင့်ခြင်းများကို ရှောင်ကြဉ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**

**ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ်**

**ထုတ်ပြန်ကြေညာချက်**

**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)**

၁။ ရခိုင်ပြည်နယ်အတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် အပြုသဘောဆောင်သည့် နည်းလမ်းများ ရှာဖွေနိုင်ရန် ဆက်လက်ကြိုးပမ်းအားထုတ်ပေးခဲ့ကြသည့် ဥက္ကဋ္ဌ ဒေါက်တာ ကိုဖီအာနန်နှင့်တကွ ကော်မရှင်အဖွဲ့ဝင်များ အားလုံးကို ကျေးဇူးဥပကာရအထူးပင်တင်ရှိပါသည်။

၂။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်က အသိအမှတ်ပြုထားပြီး ဖြစ်သည့်အတိုင်း ရခိုင်ပြည်နယ်၏ အခြေအနေသည် လွန်စွာမှပင် ရှုပ်ထွေးနက်နဲလှပြီး အချိန်တိုတိုအတွင်း ဖြေရှင်းယူ၍ မရနိုင်ပါ။ ကာလရှည်ကြာ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခဲ့ပြီး အဆင်းရဲဆုံးသော ပြည်နယ်တစ်ခုဖြစ်နေခြင်းကြောင့် ပြဿနာဖြေရှင်းရာတွင် စိန်ခေါ်မှုများ ပိုမိုမြင့်မားလာစေခဲ့သည်။ မကြာသေးသောကာလများအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ခဲ့ရပြီး ဖြေရှင်းရန် ခက်ခဲနေခဲ့ရသော အခြေအနေကို မီးလောင်ရာ လေပင့်သည့်နှယ် ပိုမို၍ ဆိုးရွားလာစေရန် အပြင်ဘက်မှ စွက်ဖက်သည့် အဖျက်အမှောင့်များလည်း တွေ့မြင်နေရသည်။

၃။ ဤသို့သောအခြေအနေတွင် ကော်မရှင်၏ လက်တွေ့ကျပြီး၊ ရေရှည် အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို ကြိုဆိုပါသည်။ ကော်မရှင်၏ အစီရင်ခံစာနှင့် အကြံပြုချက်များကို ပကတိမြေပြင်အခြေအနေပေါ် မူတည်၍ အပြည့်စုံဆုံးနှင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် အလေးအနက်ထား စဉ်းစားသွားမည်ဖြစ်သည်။ မကြာခင် သီတင်းပတ်များအတွင်း အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ လမ်းပြမြေပုံတစ်ခု ချမှတ်နိုင်ရန်လည်း မျှော်လင့်ထားသည်။

၄။ အမြန်ဆုံးဖော်ဆောင်သည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ကော်မရှင်၏ အကြံပြုချက်များကို တာဝန်ယူကာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်ထောင်စုဝန်ကြီးအဆင့် ဦးဆောင်သည့် ကော်မတီသစ်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဤကော်မတီသစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးမှ ကိုယ်စားလှယ်များ ပါဝင်စေမည်ဖြစ်ပြီး အကြံပြုချက်များအား အကောင်အထည်ဖော်မှု အခြေအနေများအပေါ် ကြီးကြပ်ရန်နှင့် တိုးတက်မှုများ အစီရင်ခံတင်ပြရန် တာဝန်ယူဆောင်ရွက်စေမည်ဖြစ်သည်။

၅။ ကော်မတီအသစ်ကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးဘုတ်အဖွဲ့ တစ်ဖွဲ့ဖြင့် အထောက်အကူပြုသွားမည်ဖြစ်သည်။ ယင်းဘုတ်အဖွဲ့တွင် မြန်မာနိုင်ငံသားများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ ကျွမ်းကျင်သူများ ပါဝင်စေမည်ဖြစ်သည်။ ယင်းဘုတ်အဖွဲ့သည် ကော်မတီအသစ်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ အထောက်အကူပြုစေနိုင်မည့် ပြင်ပရှုထောင့်များနှင့် အကြံဉာဏ်များကို ပံ့ပိုးပေးမည်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ယနေ့ရက်စွဲဖြင့် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများကို လာမည့် စက်တင်ဘာ ၁ ရက်မှစတင်ကာ တစ်စောင်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း။

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာတွင် ဘာသာတွဲအမှတ်စဉ် ၁၊ ၅၊ ၆၊ ၇ နှင့် ၈ ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် ၂၊ ၃ နှင့် ၄ ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

ပြင်ပဖြေဆိုရန် စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းသူများအနေဖြင့် အမှန်တကယ်နေထိုင်သည့် မြို့နယ်၏ မြို့နယ်ပညာရေးမှူးရုံးများတွင် စက်တင်ဘာ ၁ ရက် မှ ၂၉ ရက်အတွင်း ဝင်ခွင့်လျှောက်လွှာကို တင်သွင်းကြရမည်ဖြစ်ကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးများမှ စာမေးပွဲဝင်ကြေးအတွက် ၇၀၀ ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၅* ❋




ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ် (သတင်းစဉ်)

## ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့၏ အပြီးသတ်အစီရင်ခံစာ အကြံပြုချက်များနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**သတင်း-ရဲခေါင်ညွန့်၊ ဇော်ကြီး၊ မြတ်စန္ဒီ၊ ဓာတ်ပုံ-ဇော်မင်းလတ်**

**ရန်ကုန် ဩဂုတ် ၂၄**

နိုင်ငံတော်အစိုးရထံသို့ တင်သွင်းခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်ပထမထပ် ခန်းမ (၂)တွင် ကျင်းပသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်ဆုရှင် မစ္စတာ ကိုဖီအာနန်က အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❐

